
mgyoe.com
SAMPLE BOOK

ဒဂုန်ခင်ခင်လေး


# မြေပဒေသာ

# The Good Earth

Pearl S. Buck



mgyoe.com




SAMPLE BOOK

DGK0005
MMK 15,000.00

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# မြေပဒေသာ
# The Good Earth
## Pearl S. Buck
## ဒဂုန်ခင်ခင်လေး




စတုတ္ထအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com

SAMPLE BOOK

မြေပြေဒေသာ၊ ဒဂုန်ခင်ခင်လေး
မျက်နှာဖုံးအထားအသို - စဒဲလား
တမျက်နှာ ၃၄၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ အောက်တိုဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၅ ငွဲစာပေရိပ်မြုံ၏ ဒုတိယအကြိမ်မှ၊ ၂၀၁၅ စိတ်ကူးချိုချို တတိယအကြိမ်၊


*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

SAMPLE BOOK

# THE GOOD EARTH



mgyoe.com

PEARL S. BUCK

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသူ၏ အမှာ

'မြေပဒေသာ' ဝတ္ထုကြီးကို ရေးသားသူမှာ 'ပါးလ်ဘတ်' အမည်ရှိ အမေရိကန်စာရေးဆရာမကြီးဖြစ်သည်။ ၁၈၉၂ ခုနှစ်တွင် အမေရိကန်ပြည်၊ ဘာဂျီနီးယားနယ်၌မွေးဖွားသည်။ မိဘများမှာ တရုတ်ပြည်၌ ခရစ်ယာန်သာသနာပြု အမေရိကန်လူမျိုးများဖြစ်ကြသည်။ အမေရိကန်ပြည်၌ မွေးဖွားသော်လည်း တရုတ်ပြည်၌ ကြီးပြင်းအနေများလျက် တရုတ်လူမျိုးတစ်ပိုင်းဖြစ်ကာ တရုတ်စာပေတတ်မြောက် တရုတ်ရည်ဝသူဖြစ်သည်။ အရှေ့အာရှတိုက်ယဉ်ကျေးမှုကို ဥရောပ အမေရိကန်ယဉ်ကျေးမှုများထက် သဘောကျနှစ်သက် လေ့လာစွဲမက်သူဖြစ်သည်။ တရုတ်ဆင်းရဲသား၏ ဘဝကို ဇာတ်ကွက်ဇာတ်အိမ်ဖွဲ့၍ တရုတ်ဝတ္ထုများကို ရေးသားရာတွင် အခြားအခြားသော အင်္ဂလိပ်အမေရိကန် စာရေးဆရာများကဲ့သို့ အရှေ့အာရှသားများကို ရှုတ်ချကဲ့ရဲ့မရေးသားဘဲ ကိုယ်တွေ့မျက်မြင်များကို သဘာဝအတိုင်း ရုပ်လုံးဖော်ကာ ဆင်းရဲသားလူထုကြီး၏ ရှေ့နေရှေ့ဆောင်အဖြစ်ဖြင့် ရေးသားပေသည်။

'ပါးလ်ဘတ်' ၏ 'မြေပဒေသာ' ဝတ္ထုကို ၁၉၃၁ ခုနှစ်အတွက် အကောင်းဆုံးဝတ္ထုဟူ၍ ဆုံးဖြတ်ပြီး အမေရိကန်ပြည်တွင် 'ပူလစ်ဇာ' ဆုဖြင့် ချီးမြှင့်သည်။ ထို့နောက် တရုတ်တောသူတောင်သားတို့၏ဘဝကို ကြွယ်ဝသော စကားအသုံးအနှုန်းတို့ဖြင့် တန်ဆာဆင်ကာ ရေးသားဖော်ပြနိုင်ခြင်း၊ ထူးချွန်ကောင်းမွန်သော အတ္ထုပ္ပတ္တိများကို ရေးသားခြင်းများ

mgyoe.com

mgyoe.com
SAMPLE BOOK


ကြောင့် ကမ္ဘာ့စံပြစာပေအတွက် 'နိုဘဲလ်' ဆုဖြင့် ၁၉၃၈ ခုနှစ်က ချီးမြှင့်ခြင်း ခံရပြန်သည်။

'မြေပဒေသာ' ဝတ္ထုမှာ ကမ္ဘာ့စံပြဝတ္ထုသာမဟုတ်သေး၊ ၎င်းဝတ္ထုဇာတ်ကွက် ဇာတ်လမ်းကို အင်မ်ဂျီအင်မ် အမေရိကန်ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ရိုက်ကူးပြသဖြင့်လည်း ကမ္ဘာတစ်ဝန်းလုံးတွင် အထူးကျော်ကြားထင်ရှားခဲ့ပေသေး၏။ မြန်မာပြည်မှ ရုပ်ရှင်ပရိသတ်တို့သည်လည်း ထိုဇာတ်ကားကို ကြည့်လိုက်ကြရပေမည်။

ဤမျှ ဟိုးလေးတကျော် ကမ္ဘာတစ်ဝန်းလုံးတွင် ကျော်ကြားထင်ရှားသော ဝတ္ထုကြီးတစ်အုပ်ကို မူမပျက် မြန်မာဘာသာ တိုက်ရိုက်ပြန်ဆိုလျက် ပထမအကြိမ် ထုတ်ဝေလိုက်ရခြင်းအတွက် ကျွန်ုပ်တို့မှာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ကျွန်ုပ်တို့အား ကူညီအားပေးကြသော မြန်မာပြည် စာကြည့်ပရိသတ်တို့၏ ကျေးဇူးကား များလှပါသည်။ ယခုအချိန်တွင် အင်္ဂလိပ် အမေရိကန်တို့၏ အမွေမှုများကြောင့် မြန်မာလူမျိုးတို့မှာ ဆင်းရဲဒုက္ခအမျိုးမျိုးကို ကြုံတွေ့ရလျက် ဇာတ်ပွဲအငြိမ့်ပွဲ ရုပ်ရှင်ပွဲ ဘုရားပွဲ ဘုန်းကြီးပျံ့ စသော ပျော်မွေ့ရွှင်မှုများကို စိတ်အေးချမ်းသာ မကျင်းပ၊ မကြည့်ရှုနိုင်သည့် အချိန်မျိုးတွင် 'မြေပဒေသာ' တည်းဟူသော ဝတ္ထုကောင်းတစ်ပုဒ်ဖြင့် ဖျော်ဖြေကာ ကျေးဇူးဆပ်လိုက်နိုင်ခြင်းအတွက် အထူးအားတက်မိပါ၏။

'မြေပဒေသာ' ဝတ္ထုကို ထုတ်ဝေရခြင်း၌ အခြားရည်ရွယ်ချက်နှစ်ခုလည်းရှိပေသေးသည်။

ပထမရည်ရွယ်ချက်ကား 'မြေပဒေသာ'ဝတ္ထု၌ ဝမ်လန်းခေါ်တရုတ်ဆင်းရဲသားသည် မြေသား မြေသွေးပိပိ မြေပထဝီပေါ်မှာ မြေသြဇာကိုမှီဝဲသုံးဆောင် အိုးအိမ်တည်ထောင်ကာ လောကဓံတရားနှင့် ရင်ဆိုင်တွေ့ပုံကို စိတ်ဝင်စားကြစေလို၏။ ထိုဝတ္ထု၏ အဓိကအချက်သည် မြေကြီးနှင့်ရင်းနှီးလျှင် လောက၌ မဆင်းရဲနိုင်၊ မြေကြီးသာလျှင် ရတနာရွှေအိုး မြေကြီးသာလျှင် အသက်သွေးခဲ၊ မြေကြီးသာလျှင် အမိအဘ ကိုးကွယ်အား

mgyoe.com

mgyoe.com
SAMPLE BOOK


ထားရာဟု သဘောထားသော ဝမ်လန်းတို့မိသားစုသည် တရုတ်ပြည်ရှိ ဆင်းရဲသား လက်လုပ်လက်စားများ၏ စံနမူနာကြီးဖြစ်ပေသည်။ ခေတ်ပညာတတ် သားကြီးများက လယ်များကို ရောင်းပစ်မည်ပြောသံ ကြားသောအခါ ဖခင်လုပ်သူ လယ်သမားသူဌေးကြီး ဝမ်လန်းမှာ တစ်ကိုယ်လုံး သွက်သွက်ခါအောင် တုန်လှုပ်လာပြီး ...

"ဟော့ ... ငပျင်းတွေ မိုက်လုံးကြီးတဲ့ သားတွေ၊ လယ်ကို ရောင်းမယ်ဟုတ်လား"

"လယ်ကိုရောင်းရင် အမျိုးပြုတ်တာနဲ့ အတူတူပဲ၊ မင်းတို့ ငါတို့တစ်တွေဟာ ဒီလယ်ကြောင့် အသက်ရှင်လာတာ၊ ဒီလယ်ထဲမှာပဲ သေကြရမယ်၊ လယ်ရှိရင် ထမင်းစားနိုင်တယ်၊ လယ်ကို ဘယ်သူမှ လုမယူနိုင်ဘူး" ဟု ကရုဏာဒေါသူပုန်ထရင်း ပြောသော ဝမ်လန်း၏စကားများကို တို့ဗမာတောင်သူ လယ်သမားများသည် ကောင်းစွာနှလုံးသွင်း စဉ်းစားကြစေလို၏။

ဒုတိယရည်ရွယ်ချက်ကား နိပွန်တို့ခေါင်းဆောင်ကာ စီမံလျက်ရှိသော အရှေ့အာရှသားများ၏ သာတူညီမျှ ကောင်းစားရေးလုပ်ငန်းကြီး ထမြောက်အောင်မြင်စေခြင်းငှာ အရှေ့အာရှသားများဖြစ်ကြသော တရုတ်လူမျိုးနှင့် တရုတ်ပြည်ကြီး၏ အကျိုးအကြောင်း အယူအဆ လုပ်ပုံကိုင်ပုံ ဓလေ့ထုံးစံများကို တို့ဗမာများ သိရှိနားလည်ကြလျက် တစ်ဦးနှင့်တစ်ဦး ပိုမို၍ ချစ်ခင်သဒ္ဓါကြည်ဖြူစွာ ပူးပေါင်းနိုင်ကြစေရန် ဖြစ်ပါသည်။

နိပွန်ခေါင်းဆောင်သော အရှေ့အာရှသားတို့၏ စစ်ကြီးသည် လျင်မြန်စွာ အောင်မြင်လျက် အရှေ့အာရှသားများ၏ အစည်းအရုံးကြီးသည်လည်း ခိုင်ခံ့မြဲမြံ အစွန့်ရှည်စွာ တည်တံ့ပါစေသတည်း။

ပုံနှိပ်ထုတ်ဝေသူ
၁၉၄၄၊ ဇန်နဝါရီလ ၁ ရက်၊

●

mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသူ၏ အမှာ

လုပ်သားပြည်သူ စာဖတ်ပရိသတ်အနေနှင့် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသူ၏အမှာစာကို ဖတ်ရှုရခြင်းအားဖြင့် ကမ္ဘာကျော် အမေရိကန် စာရေးဆရာမကြီး ပါးလ်ဘတ်၏ The Good Earth ဝတ္ထုကြီး အကြောင်းကို သိရှိခဲ့ကြပြီး ဖြစ်ပေမည်။

ထိုသို့ ကမ္ဘာနှင့်အဝှမ်း ကောင်းသတင်းတွေ ဖုံးလွှမ်းခဲ့သော စာရေးဆရာမကြီး ပါးလ်ဘတ်၏ The Good Earth ဝတ္ထုကြီးကို ဒေါ်ဒဂုန်ခင်ခင်လေးက 'မြေပဒေသာ'ဟူ၍ မြန်မာပြန်ဆိုပြီး ၁၉၄၄ ခုနှစ်က တိုင်းပြည်ပြုပုံနှိပ်တိုက်၊ အမှတ် ၂၂၁ ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ မြန်မာပြန်ဆိုသူ ဒေါ်ဒဂုန်ခင်ခင်လေး စာအုပ်တိုက်မှပင် ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ထိုစဉ်က စစ်အတွင်း ဂျပန်ခေတ်မို့ ၎င်းစာအုပ်မှာ ပျံ့နှံ့မှုမရှိခဲ့ပါ။ ထို့နောက် ယခုတိုင်လျှင်ဖြင့် အချိန်သည် ၂၁ နှစ် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံ၏ မျက်မှောက်အရေးအခင်းကို ကြည့်လိုက်သော် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တော်လှန်ရေးအစိုးရသည် အဟုန်ပြင်းစွာ ချီတက်လျက်ရှိကြောင်း တွေ့ရှိရသည်။ အနှစ်နှစ်အလလတုန်းက လုပ်သားများ၏ လုပ်အားများအပေါ်မှ (တစ်နည်းအားဖြင့်) လုပ်သားများ၏ သွေးနှင့်ချွေးနှင့် လဲလှယ်ပေးခဲ့ရသည့်လုပ်အားများပေါ်မှ ထွက်ပေါ်လာသော ကုန်ထုတ်စွမ်းအားစုများကို \မတရားသဖြင့် ခေါင်းပုံဖြတ်

mgyoe.com

mgyoe.com
SAMPLE BOOK


အမြတ်ကြီးစား ဗိုက်ကားနေကြသည့် နိုင်ငံခြားသားဓနရှင်၊ တိုင်းရင်းသား အရင်းရှင်များနှင့် ပတ်ဝန်းကျင်များကို ဖြိုဖျက်၍ တကယ်ခံစားခွင့် ခံစား ထိုက်သော လယ်သမားအလုပ်သမား လူတန်းစားများ၏ဘဝအဆင့် မြင့်မားရေးအတွက် တော်လှန်ရေးအစိုးရသည် သမိုင်းပေးတာဝန်ကို ပခုံး ထမ်းတင် ဆောင်ရွက်လျက်ရှိပါသည်။

မှန်ပါ၏။ လူ့ဘောင်သစ်တစ်ခုသို့ ပြောင်းလဲချီတက်ရာတွင် မြေ ယာစနစ်ကို အသွင်ကူးပါမှဖြစ်ပေမည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ သူ ကမ္ဘာသားများသည် မြေယာပေါ်တွင် ဖြစ်ပေါ်လာ၍ မြေယာကိုပင် မှီခိုစားသောက်နေကြရသည်၊ ကမ္ဘာသူ ကမ္ဘာသားတို့အဖို့ မြေယာမှ ပေါ ပြည့်လျှံသော ပစ္စည်းများထွက်ပေးလျက်ရှိပါသည်။

ကမ္ဘာသူ ကမ္ဘာသားများ အဆင်သင့် စားသုံးနိုင်ရေးအတွက် မြေ ယာမှ ပစ္စည်းများ ထုတ်လုပ်ရေးတွင်လည်းကောင်း၊ ဖြန့်ဖြူးရေးတွင် လည်းကောင်း၊ ဆက်ဆံရေးတွင်လည်းကောင်း၊ စွမ်းစွမ်းတမံ ဆောင်ရွက် ပေးကြသူများမှာ လယ်သမားနှင့် အလုပ်သမားများသာ ဖြစ်ကြသည်။ သို့ရာတွင် သူတို့သည် မိမိတို့ပေးစွမ်းခဲ့သောလုပ်အားအမျှ ခံစားခွင့်များ မရရှိခဲ့ကြချေ။ အသားဟူသရွေ့ ဓနရှင်နှင့် အရင်းရှင်တို့ကသာ စားကြရ ပြီး လယ်သမားနှင့် အလုပ်သမားများမှာ အရိုးကိုသာ ကိုက်ခဲ့ကြရပေ သည်။

အချိန်ကြာမြင့်စွာ ဤသို့ နင်းပြားဖြစ်နေကြရသော လယ်သမားနှင့် အလုပ်သမားများ၏ ဘဝအာမခံချက်ကို ခိုင်မာရလေအောင် တော်လှန် ရေးအစိုးရသည် မြေယာစနစ်ကို ပြောင်းလဲပစ်နေသည်။ လက်ရှိ မြေယာ စနစ်ကို ပြောင်းလဲပစ်မှသာ လယ်သမားနှင့် အလုပ်သမားဘဝ တိုးမြှင့် လာမည်ဖြစ်သည်။ တော်လှန်ရေးအစိုးရသည် လယ်လုပ်သူ လယ်ပိုင်ရေး လုပ်အားပေါ်မှ လုပ်ခအပြည့်အဝရရှိရေးမူများဖြင့် ဆောင်ရွက်လျက် ရှိပါ သည်။

ဤသို့ တော်လှန်ရေးအစိုးရအနေနှင့် မြေယာစနစ်ကို ပြောင်းလဲနေ သော အချိန်ကာလအတွင်း မြေယာနှင့်ဆိုင်သော စာရေးဆရာမကြီး

mgyoe.com

mgyoe.com
SAMPLE BOOK


ပါးလ်ဘတ်၏ The Good Earth ကို ဒဂုန်ခင်ခင်လေး မြန်မာပြန်သည့် မြေပဒေသာဝတ္ထု ဒုတိယအကြိမ်မြောက် ပြန်လည်ထုတ်ဝေဖြန့်ချိရခြင်း အားဖြင့် လယ်သမားနှင့် အလုပ်သမားများအတွက်သော်လည်းကောင်း၊ အသိပညာရှင် အတတ်ပညာရှင်များအတွက်သော်လည်းကောင်း၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်အတွက်သော်လည်းကောင်း၊ လုပ်သားပြည်သူ စာဖတ်ပရိသတ်များအတွက်သော်လည်းကောင်း များစွာ အထောက်အကူ ပြုပါလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

ထုတ်ဝေသူ
ဌေး-စာပေရိပ်မြုံ
စက်တင်ဘာလ ၂၄ ရက်၊ ၁၉၆၅ ခုနှစ်၊

mgyoe.com

mgyoe.com SAMPLE BOOK

(၁)

ထိုနေ့သည်ကား ဝမ်လန်းအိမ်ထောင်ပြုရတော့မည့်နေ့ပင် ဖြစ်သည်။

မျက်စိနှစ်လုံး ပွင့်လာလျက်၊ အခန်းဆီးများကြောင့် မှောင်အတိကျနေသော အိပ်ရာနံဘေး ပတ်ဝန်းကျင်တစ်ဝိုက်ကို ကြည့်ရှုမိရင်း ပထမသော် အခြားအခြားသော နံနက်ခင်းများနှင့်မတူ၊ ထူးခြားပြောင်းလဲနေသလိုလိုရှိသော ထိုနေ့နံနက်ခင်းကို မစဉ်းစားတတ်အောင်ရှိလေ၏။ အိမ်တစ်အိမ်လုံးကား မျက်နှာချင်းဆိုင်အခန်းမှ သဲ့သဲ့မျှထွက်ပေါ်လျက်ရှိသည့် ၎င်း၏ဖခင်အိုကြီး၏ ချောင်းဆိုးသံမှတစ်ပါး ဆိတ်ငြိမ်လျက်ပင်ရှိသေး၏။ နံနက်လင်းလာပြီဆိုလျှင်ပင် ပထမဦးစွာ ကြားရလေ့ရှိသောအသံမှာ အဘိုးကြီး၏ ချောင်းသံပင်ဖြစ်၏။ ဝမ်လန်းသည် ထိုအသံကို အိပ်ရာထဲမှ ပက်လက်နားထောင်ရင်း အဘိုးကြီး၏အသံ တဖြည်းဖြည်းနီးလာ၍ အခန်းတံခါးဖွင့်ကာ ကျွီခနဲမြည်သံ ကြားရကာမှသာ အိပ်ရာက ထလေ့ရှိ၏။

ထိုနေ့နံနက်၌ကား ဝမ်လန်းသည် အချိန်ဖြုန်း၍မနေတော့ပေ။ အိပ်ရာထဲမှ ခေါင်းထောင်၍ထကာ အခန်းဆီးများကို ဆွဲဖယ်လိုက်၏။ နံနက်ခင်း၏ အရောင်ကား နီကျင့်ကျင့်ရှိလျက် စက္ကူစုတ်များ ဆွဲချိတ်ထားသဖြင့် တလူလူလွင့်နေသော သေးငယ်သည့် ပြတင်းပေါက်ကလေးမှ အပြင်သို့ မျှော်ကြည့်လိုက်သောအခါ ပြာလဲ့သောကောင်းကင်ပြင်ကြီးကို

mgyoe.com

mgyoe.com

SAMPLE BOOK


မြင်ရပေ၏။ ဝမ်လန်းသည် အပေါက်ဆီသို့သွားကာ စက္ကူများကို စုတ်ဖြဲလိုက်လေ၏။ မိုးတွင်း ရောက်နေပြီပဲ ဒါတွေမလိုတော့ပါဘူးဟုလည်း တစ်ကိုယ်တည်း ပြောလေ၏။

ထိုနေ့အဖို့ အိမ်ကို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ဖြစ်စေလိုသည့်ဆန္ဒကို အပြင်ထုတ်ဖို့ရန်ကား ရှက်၍နေလေ၏။

ပြတင်းပေါက်ကား လက်တစ်ဖက်အပြင်ထုတ်နိုင်လောက်အောင်ကျယ်လေရာ ၎င်းသည် လက်ကို အပြင်သို့ထုတ်လျက် လေအေး၏အရသာကို ခံလေ၏။ မိုးသက်ရောယှက်လာသော နူးညံ့သည့် လေညင်းကလေးသည် အရှေ့ဘက်မှ ညည်းညူသံဖြင့် တသုန်သုန်ဝှေ့ကာ ကစားလွင့်ပါ၍လာလေ၏။ ၎င်းကား ကောင်းသော ရှေ့ပြေးနိမိတ်တစ်ခုပင်ဖြစ်၏။ လယ်ကွင်းများမှာ မိုးလိုလျက်ရှိ၏။ ယနေ့အဖို့ မိုးရွာမည့်ပုံမပေါ်သော်လည်း ယခုရက်အနည်းငယ်အတွင်း ထိုမိုးသက်ကလေးများ ရောပြွမ်းသည့် လေသာ ဆက်လက်ဝှေ့ရမ်း မြူးထူးမြဲ မြူးထူးနေခဲ့မည်ဆိုလျှင် ရေရတော့မည်ဖြစ်၏။ မနေ့ကပင် မိမိသည် ဖခင်ဖြစ်သူအား "ဒီအတိုင်းသာ နေ့စဉ်ရက်ဆက် နေတပူတည်းပူနေရင် ဂျုံနှံတွေတော့ အဖျင်းတွေဖြစ်ကုန်တော့မှာပဲ အဘရေ့" ဟု ပြောခဲ့မိသေး၏။ ယခုမူ ၎င်းအတွက် ဘုရားမသကဲ့သို့ ရှိလေ၏။ လယ်တွေကား အသီးအနှံတွေဖြင့် အောင်ပေတော့မည်။

ဝမ်လန်းသည် အလယ်ခန်းမထဲသို့ သုတ်သီးသုတ်ပျာနှင့် ထွက်ခဲ့ရင်း ဘောင်းဘီပြာကလေးကိုဆွဲ၍ မကာ ခါးစီးကြိုးကို ခိုင်ခိုင်ကြီးစီးလေ၏။ ကိုယ်အထက်ပိုင်းကား ရေချိုးရန် ရေနွေးကြိုပြီးသည်အထိ ကိုယ်တုံးလုံးနှင့်ပင် နေလေ၏။ ၎င်းသည် ဆက်လျက်ရှိသော နောက်ဖေးဆောင်ထဲသို့ ထွက်ခဲ့လေရာ တစ်ဖက်ခန်းထောင့် မှောင်ထဲမှ နွားမတစ်ကောင်သည် ခေါင်းကိုဝှေ့ယမ်းလျက် ဝမ်လန်းအား 'ဝပ်ထရိန်း' ဟု နှုတ်ဆက်လေ၏။ မီးဖိုဆောင်မှာ အိမ်ကြီးကဲ့သို့ပင် မြေအုတ်တို့ဖြင့် ဆောက်လုပ်ထား၏။ မြေအုတ်များကား ၎င်းတို့၏လယ်ကွက်များမှ မြေကိုတူးကာ ဖုတ်ထားခြင်းဖြစ်လျက် အမိုးမှာလည်း လယ်ထဲမှထွက်သော ကောက်ရိုး

mgyoe.com

mgyoe.com SAMPLE BOOK


သက်ငယ်များပင်ဖြစ်၏။ မီးဖိုမှာ ဝမ်လန်း၏အဘိုး ငယ်စဉ်က သူ့ခေတ်နှင့်သူ ခေတ်အလိုက် ဆောက်လုပ်ထားခဲ့သော မြေအုတ်မီးဖိုကြီးဖြစ်လျက် ချက်ရေးပြုတ်ရေးဘက်တွင် အပူခံဘက်မှ အသုံးတော်ခံခဲ့ရသည့် နှစ်ကာလပေါင်း တာရှည်မြင့်ညောင်းခဲ့ပြီဖြစ်သည့်အတိုင်း ဖုတ်ပြီး ကင်ပြီး၊ အိုးမဲ ချေးထူလဗျစ်နှင့် မည်းနက်တောက်ပြောင်နေလေ၏။ အဆိုပါ မီးဖိုကြီးပေါ်တွင် နက်စောက်လှသော သံဒယ်အိုးကြီးတစ်ခု ရှိ၏။

ဝမ်လန်းသည် ဘူးသီးခြောက်ရေမှုတ်ဖြင့် အနီးရှိစဉ့်အိုးထဲမှရေကို ခပ်ယူကာ ဒယ်အိုးထဲသို့ တစ်ဝက်ပြည့်အောင် ထည့်လေ၏။ သို့ထည့်ရာတွင် ရေရှားလှသည်ဖြစ်သောကြောင့် မဖိတ်မစင်အောင် ဂရုတစိုက်ထည့်၏။ ထို့နောက် ခဏမျှ တွေဝေနေပြီးလျှင် ရုတ်တရက် စဉ့်အိုးကိုမကာ ဒယ်အိုးကြီးထဲသို့ အကုန်လောင်းသွန်ကာ ထည့်လိုက်လေ၏။ ထိုနေ့အဖို့ တစ်ကိုယ်လုံးကို ရေလောင်း၍ ချိုးတော့အံ့။

ဝမ်လန်းသည် မီးဖိုချောင်ထောင့်ရှိ ကောက်ရိုးနှင့် ထင်းချောင်းများကို သွား၍ယူပြီးနောက် မီးဖိုတွင် သေချာစွာစီထည့်ကာ မီးခတ်ကျောက်ကို သံဖြင့်ခတ်လျက် မီးမွေးလေ၏။ ယနေ့နံနက်ပြီးလျှင် ကိုယ်တိုင် မီးမွေးရသောဝဋ်မှ ကျွတ်ရတော့မည်ဖြစ်၏။ လွန်ခဲ့သော ၆ နှစ်ခန့် မိခင်ကြီးအနိစ္စရောက်ခဲ့ကတည်းက နံနက်တိုင်း မီးမွေးခဲ့ရ၏။ မီးမွေး ရေနွေးကျို၊ ဆူလျှင် ဇလုံထဲထည့်၍ အိပ်ရာထဲတွင် ငုတ်တုတ်ထိုင်ကာ ချောင်းအဆက်မပြတ် ဆိုးရင်း ခြေထောက်နှစ်ချောင်းက ကယောင်ကတန်းနှင့် ဖိနပ်လိုက်စမ်းနေသော ဖခင်အိုကြီးရှိရာ အခန်းထဲသို့ ယူသွားရ၏။ အဘိုးကြီးကားအဆိုပါ ၆ နှစ်လုံးလုံး နံနက်မိုးသောက် အလင်းရောင်လာပြီဆိုလျှင် အိပ်ရာထ ချောင်းဆိုးခြင်းမှ သက်သာရာ သက်သာကြောင်းဖြစ်သော ရေနွေးကို သားဖြစ်သူလာပို့သည့်တိုင်အောင် စောင့်မျှော်နေလေ့ရှိ၏။ ယခုသော် သားအဖနှစ်ယောက်စလုံး အနားယူနိုင်တော့မည်ဖြစ်၏။ အိမ်သို့ မိန်းမတစ်ယောက် ရောက်လာပေတော့မည်။ နွေရော ဆောင်းရော ဝမ်လန်းသည် နံနက်ဝေလီဝေလင်း မီးမွေးရန် ထရတော့မည်မဟုတ်ချေ။ အိပ်ရာထဲ၌ပင် မထဘဲ ဖိမ်ခံနေနိုင်တော့မည်ဖြစ်လျက် သူ့အဖို့လည်း

mgyoe.com

mgyoe.com  SAMPLE BOOK 

ရေနွေးဇလုံယူလာပို့ဆောင်ခြင်းကို ခံရတော့မည်၊ ၎င်းပြင် အသီးအနှံသာ ဖွံ့ဖြိုးဦးမည်ဆိုပါက လက်ဖက်ရည်ကြမ်းကလေးလည်း ပါလာပေဦး တော့မည်။

အကယ်၍ မယားဖြစ်သူ ပင်ပန်းခဲ့သည်ရှိသော် ပေါက်ဖွားလာမည့် သားသမီးများက လုပ်ကိုင်ကြမည်ဖြစ်၏။ အိမ်တွင် အခန်းသုံးခန်းရှိလေ ရာ ထိုအခန်းသုံးခန်းမှ ပြေးကာ လွှားကာ ထွက်လိုက် ဝင်လိုက်လုပ်နေ ကြသော သားသမီးကလေးများကို မြင်တွေ့နေရသည့်စခန်းအထိ အတွေး နယ်ချဲ့မိသောအခါမှ လန့်ဖျပ်ကာ စိတ်ကူးကို အဆုံးသတ်လိုက်မိလေ၏။ မိခင်ကြီး အနိစ္စရောက်ခဲ့ကတည်းက တစ်ဝက်မျှ ခြောက်ကပ်ကပ်ကြီး ဖြစ်နေခဲ့သောအိမ်တွင် အခန်းသုံးခန်းရှိနေခြင်းမှာ ၎င်းတို့အဖို့ ပိုလျှံနေ သလိုလို အောက်မေ့မိခဲ့၏။ ထိုအခန်းများမှာ ဦးလေးတော်သူနှင့် ၎င်း၏ ကလေးတွေ တပြုံတခေါင်းကြီးအတွက် ကလေးချော့တေးဖြင့် မြူချိုကာ အုပ်ထိန်းရင်း အသုံးတော်ခံဖို့ သက်သက်မျှ ဖြစ်နေပေ၏။

"ကဲ … ကျုပ်တို့သားအဖ နှစ်ယောက်တည်းနဲ့ ဒီအခန်းတွေ ဘာ သွားအသုံးချမလဲအဘရာ၊ အဘနဲ့သား တူတူမအိပ်နိုင်ဘူးလား အဘရ၊ လူငယ့်ကိုယ်ငွေ့နဲ့ အဘိုးကြီးရဲ့ချောင်းဆိုးရောဂါတောင် သက်သာစေနိုင် တယ်မဟုတ်လား အဘရ" ဟု ဝမ်လန်းသည် ဖအေအိုကြီးအား ပြောမိ တိုင်း အဘိုးကြီး၏အဖြေကား "ငါက ငါ့အိပ်ရာကို ငါ့မြေးအတွက် ထား တာကွ၊ ငါအိုသထက်အိုလာရင် ငါ့အရိုးတွေကို သူ့ကိုယ်ငွေ့ကလေးနဲ့ နွေးအောင် လုပ်လိမ့်မပေါ့" ဟူ၍ ဖြစ်၏။

ယခုသော် အဘိုးကြီးသည် မြေးတွေ ရပေတော့မည်။ မြေးတစ် ယောက်ပြီးတစ်ယောက် သူတို့တစ်တွေ သူတို့အိပ်ရာတွေကို အလယ်ခန်း ကြီးမှာကော ထရံတစ်လျှောက်မှာကော ခင်းရတော့မည်။ အိမ်တစ်အိမ်လုံး ကား အိပ်ရာတွေဖြင့် ပြည့်နေပေတော့မည်။ ဝမ်လန်းမှာ တစ်ခြမ်းမျှ ခြောက်ကပ်နေသော အိမ်ကြီးအတွင်း အိပ်ရာတွေအကြောင်း အတွေး ခေါင်ရင်း မီးဖိုမှမီးများသည် ငြိမ်းလျက်၊ ဒယ်အိုးထဲမှ ရေများလည်း အေးစက်ကုန်ကြ၏။ အကျီကြီးကျွတ်လျက် လက်ဖြင့်ကိုင်ကာ အဘိုးကြီး

mgyoe.com

mgyoe.com
SAMPLE BOOK


၏ မထင်မရှားသဏ္ဌာန်သည် တံခါး၀၌ ပေါ်၍လာလေ၏။ အဘိုးကြီး ကား ချောင်းတဟွတ်ဟွတ် တံတွေးတပျစ်ပျစ်နှင့်ရှိ၏။

"ငါ့အဆုတ်တွေနွေးအောင် ရေနွေး ဘာပြုလို့မရသေးသလဲဟ"

၀မ်လန်းကား အကြောင်သားဖြစ်သွားကာ သတိပြန်လည်ရလာ လျှက် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။

"ထင်းတွေက စိုနေတယ်အဘရ၊ လေကလည်း" အဘိုးကြီးသည် မနေမနား အဆက်မပြတ်အောင် ချောင်းဆိုးပြန်ရာ ရေနွေးဆူပွက်သည် အထိ မရပ်တော့ပေ။ ၀မ်လန်းသည် ပန်းကန်တစ်လုံးထဲသို့ ရေနွေးထည့် လျှက် ကြုပ်ခိုးစင်ပေါ်မှ အိုးတစ်လုံးကိုဖွင့်ကာ လက်ဖက်ခြောက် ၁၂ ပွင့်ခန့်ကိုယူ၍ ခတ်လေ၏။ အဘိုးကြီး၏ မျက်လုံးများကား မက်မောစုံ မက်သည့် အရောင်ဖြင့် တောက်ထိန်ပြူးကျယ်လာရာမှ တစ်ခဏချင်းပင် ညည်းတွားလေတော့၏။

"ဘာပြုလို့ မင်း ဒါလောက်တောင် ဖြုန်းတီးရသလဲကွ၊ လက်ဖက် ခြောက်က ငွေပြားကိုက်စားရတာလို အဖိုးတန်ရတဲ့အထဲ"

"ဒီနေ့မို့ပါ အဘရာ၊ အေးအေးသက်သာ သောက်စမ်းပါ" ဟု ၀မ် လန်းက ရယ်၍ ပြန်ပြောလေ၏။

အဘိုးကြီးသည် အရေခြောက်ခန်းလျှက် အရိုးအဆစ်တွေ ငေါပြူ ကာ ထွက်နေသော တုန်လှုပ်သည့်လက်များဖြင့် ပန်းကန်ကို လှမ်းကိုင် ရင်း ပါးစပ်ကလည်း ဗျစ်တောက်ဗျစ်တောက်နှင့် ၀က်ညည်းသလို ညည်း နေလေ၏။ သို့ညည်းရင်းက နှစ်သက်မြတ်နိုး အဖိုးထိုက်လှသော အရည် ကို မသောက်ရက်သည့်အလား လိပ်ခွေ၍နေသော လက်ဖက်ခြောက်ရွက် ကလေးများ ရေနွေးပြင်ပေါ်တွင် ခါးဆန့်ပြန့်ညီ၍ သွားသည်အထိ စောင့် ကြည့်နေလေ၏။

"အေးကုန်တော့မယ် အဘရ" ဟု ၀မ်လန်းက ပြောလေ၏။

"ဟုတ်သဟေ့ ... ဟုတ်သဟေ့" ဟု အဘိုးကြီးသည် အလန့် တကြား ပြောကာ လက်ဖက်ရည်ကြမ်းပူပူကြီးကို ကျိုက်ခနဲ ကျိုက်ခနဲ သောက်ချလေ၏။ နို့စွဲနေသော ကလေးငယ်လို လက်ကမလွှတ်ဘဲ ခွက်

mgyoe.com

mgyoe.com  SAMPLE BOOK


တစ်ခွက်လုံးပြောင်အောင် ခွေးလျက်သလို လျက်လေ၏။ သို့နှင့်လည်း စည်ပိုင်းတစ်ခုထဲသို့ ဒယ်အိုးကြီးထဲမှ ရေတွေကို အရမ်းခပ်ထည့်နေသော ဝမ်လန်းထံသို့ မျက်စိရောက်သွားသောအခါတွင် ခေါင်းကို ဆတ်ခနဲမော့လိုက်ပြီး ပြူးတူးပြဲတဲကြည့်လျက် ...

"မင်းရေတွေက စပါးတစ်ခါသီးနိုင်နေပါပကောလား"

ဝမ်လန်းကာ ဘာမျှပြန်မပြောဘဲ ရေကုန်အောင် ဆက်၍သာ လောင်းထည့်နေလေ၏။

"ကြည့်စမ်း" ဟု အဘိုးကြီးက အော်လေ၏။

"နှစ်ဆန်းကတည်းက တစ်ကိုယ်လုံး ချေးမချွတ်ခဲ့ရသေးလို့ပါ အဘရာ" ဟု ဝမ်လန်းက တိုးတိုးသက်သာ ပြန်၍ ပြောလေ၏။

၎င်းမှာ ဇနီးလောင်း၏မျက်စိထဲတွင် သူ့ကိုယ်ကို သန့်သန့်ရှင်းရှင်း တွေ့မြင်စေလိုသည့်အကြောင်းကို ဖခင်ဖြစ်သူအား ဖွင့်ပြောရန် ရှက်၍နေလေ၏။ ရေစည်ပိုင်းကိုယူပြီး သူ့အခန်းထဲသို့ သုတ်သီးသုတ်ပျာ ဝင်ခဲ့လေ၏။ အခန်းတံခါးရွက်မှာ ကောက်လိမ်နေသော အခန်းဘောင်တွင် တဲတဲမျှ တပ်ထားရကား မလုံဘဲ ဟ၍နေလေ၏။ အဘိုးကြီးသည် တုန်ချိတုန်ချိနှင့် လိုက်ပါလျက် ဟနေသောတံခါးရွက်ကြားမှ ပါးစပ်တေ့ကာ "ဒီလိုသာ မနက်အိပ်ရာထ လက်ဖက်ရည်ကြမ်းကတစ်မျိုး၊ ရေချိုး ချေးတွန်းပေးရတာကတစ်မျိုးဆိုရင် မင်းမိန်းမအတွက် လာလာချင်း ဖိရာကျတော့မပေါ့ကွ" ဟု အော်ပြောလေ၏။

"ဒီတစ်နေ့တည်းပါအဘရာ" ဟု ဝမ်လန်းသည် ပြန်၍အော်ပြီး ဆက်လက်၍ "ရေချိုးပြီးရင် ဒီရေတွေ လယ်ကွက်ထဲ သွားလောင်းပစ်မှာပါဗျ၊ အလဟဿမဖြစ်ပါဘူး" ဟု ပြောလေ၏။

ဤတွင် အဘိုးကြီးမှာ ငြိမ်သက်သွားလေ၏။ ဝမ်လန်းလည်း ဘောင်းဘီခါးစည်းကြိုးကို ဆွဲဖြေကာ ဘောင်းဘီကိုချွတ်လိုက်လေ၏။ အပေါက်ငယ်တစ်ပေါက်မှ တိုးဝင်နေသော အလင်းရောင်တွင် ဝမ်လန်းသည် မျက်နှာသုတ်ပဝါတစ်ထည်ကို ရေနွေးထဲတွင် နှစ်လျက်၊ ရေညှစ်ကာ တစ်ကိုယ်လုံးကို ခပ်ကြမ်းကြမ်းကလေး တိုက်ချွတ်ဆေးကြောလေ

mgyoe.com

mgyoe.com
SAMPLE BOOK


၏။ ပထမ၌ နွေးသလိုလို ထင်ရသော်လည်း အသားကို ရေထိသောအခါ ချမ်း၍လာလေ၏။ မျက်နှာသုတ်ပဝါကို ရေနွေးထဲတွင် နှစ်လိုက် ရေညှစ်လိုက် ကိုယ်ကို တိုက်ချွတ်လိုက်နှင့် ခပ်သွက်သွက်ကလေး လှုပ်ရှားလိုက်မှ တစ်ကိုယ်လုံးမှာအငွေ့တထောင်းထောင်းထ၍ လာလေ၏။ ထို့နောက် သေတ္တာတစ်လုံးဆီသို့ထသွားလေ၏။ ထိုသေတ္တာမှာ မိခင်ကြီး၏သေတ္တာပင်ဖြစ်လျက် သေတ္တာထဲမှ အပြာရောင်ချည်ထည် ဝတ်စုံတစ်စုံကို ဆွဲထုတ်လေ၏။ ယနေ့ဆောင်းခံအဝတ် ထူထူထဲထဲကြီးများ မဝတ်ခဲ့လျှင် အနည်းငယ်ချမ်းအေးမည်ဖြစ်သော်လည်း ရေချိုးသန့်စင်ပြီးသော အသားပေါ်သို့ ထူထဲသောအဝတ်ကြီးများကို မတင်ရက်ပေ။ ထိုဆောင်းကာအင်္ကျီကြီးများမှာလည်း အပြင်သားများ ပေါက်ပြဲညစ်ထေးနေကြပြီဖြစ်လျက် အတွင်းရှိ မွဲခြောက်ခြောက် စိုထိုင်းထိုင်းဖြစ်နေသော မှို့တို့မှာလည်း အပေါက်ကိုယ်စီမှ ခေါင်းပြူကာ ထွက်နေကြပေပြီ။ ပထမအကြိမ် တွေ့ဆုံရခြင်းတွင် ဇနီးလောင်းအား ဤသို့သော မှို့တစ်လစ် အပေါက်ဗရပြဲအင်္ကျီဖြင့် မိမိအား မတွေ့မမြင်စေလိုပေ။ နောက်နောင်အတွက်ကား သူ့မိန်းမသည် အဝတ်အစားများကို လျှော်တန်လျှော်၊ ဖာထေးချုပ်လုပ်တန်ချုပ်လုပ်ရတော့မည်အမှန်ပေ။ သို့သော် တွေ့တွေ့ချင်း အစုတ်အပြဲတွေ မြင်သွား၍ မကောင်း။

ထို့နောက် ဝမ်လန်းသည် ချည်ထည်နှင့်ပင် ရက်လုပ်သော အင်္ကျီရှည်ကြီးကို အပေါ်မှထပ်၍ ဝတ်ဆင်၏။ ထိုအင်္ကျီရှည်ကြီးကား တစ်နှစ်တွင် ၁၀ ကြိမ်လောက်သာကြုံသော ပွဲလမ်းသဘင်များတွင် ဝတ်ဆင်လေ့ရှိသော အင်္ကျီရှည်ကြီးဖြစ်၏။ ထိုနောက် လျင်မြန်သောလက်များဖြင့် နောက်ကျောတွင် တွဲလွဲကျနေသော ကျစ်ဆံမြီးကို ဖြေလိုက်ကာ ချည့်နဲ့သလို ခြေမခိုင်ဘဲ လှုပ်ရှားယိမ်းယိုင်နေသည့် စားပွဲကလေးတစ်လုံး၏ အံဆွဲထဲမှ သစ်သားဘီးတစ်စင်းကိုယူ၍ ဆံပင်ကိုဖြီးလေ၏။

တံခါးအနီးသို့ အဘိုးကြီးပြန်ရောက်လာပြန်ကာ ဟနေသော တံခါးကြားကို ပါးစပ်တေ့လျက် “ဒီနေ့ ငါ ဘာမှ မစားရတော့ဘူးလားကွ၊ ငါ့အရွယ်ဟာ မနက်တိုင်ကျ အစာတစ်ခုခု မစားရမချင်း အရိုးတွေ အရည်

mgyoe.com

mgyoe.com
SAMPLE BOOK


ပျော်နေတဲ့ဥစ္စာ" ဟု ညည်းညည်းညူညူ ပြောလေ၏။

"လာပါပြီအဘရ" ဟု ပြောရင်း ဝမ်လန်းသည် သပ်သပ်ရပ်ရပ် သွက်သွက်လက်လက် ဆံပင်ကိုကျစ်ဆံမြီးပြန်ထိုးလျက် အနက်ရောင်ပိုး ကြိုးကလေးဖြင့် ချည်တုတ်လိုက်လေ၏။ တစ်ခဏမျှ ကြာသောအခါ အင်္ကျီရှည်ကြီးကို ချွတ်လိုက်ပြီးလျှင် ကျစ်ဆံမြီးကို ခေါင်းတွင် ရစ်ပတ် လျက် ရေအပြည့်နှင့် စည်ပိုင်းကိုလည်း သယ်ရင်း အပြင်သို့ထွက်ခဲ့လေ ၏။ နံနက်စာကိုပင် လုံးဝမေ့လျော့နေပေ၏။ ဖခင်ကြီးအတွက်မူ အသား ဆန်ပြုတ်ကလေးပြုတ်၍ ပေးဖို့ စိတ်ကူးလျက် ၎င်းကိုယ်တိုင်အတွက်ကား စားချင်သောက်ချင်စိတ် မရှိတော့ပေ။

စည်ပိုင်းကြီးကိုမလျက် အိမ်တံစက်မြိတ်အောက်သို့ ထွက်ခဲ့ပြီး ရေများကို တံခါးအနီး၌ သွန်ပစ်လောင်းချလေ၏။ သို့သွန်ပစ်ရင်းက မိမိမှာ ရေချိုးရန်အတွက် ဒယ်အိုးကြီးထဲမှရေများကို အားလုံးကုန်သွန်ပစ် မိလေသည့်အဖြစ်ကို သတိရကာ မီးပြန်မွေး၍ အသစ်ကြိုရဦးမည်ကို တွေး မိလေ၏။ ထိုအခါ ဖအေအိုကြီးအား ဒေါပွသောအရိပ်အရောင်သည် မျက်နှာပြင်ပေါ်၌ ဖြတ်သန်း၍သွားလေ၏။

"ဒီခေါင်းဖြူ စွယ်ကျိုးကြီးဟာ သူ့အပင်းလျှို့ဖို့လောက်သာ သိတာ ပဲ" ဟု မီးဖိုထဲသို့ ခပ်တိုးတိုးလှမ်း၍ ညည်းလေ၏။ ကျယ်ကျယ်လောင် လောင်ကား ဘာတစ်ခုမျှမပြောပေ။ ယနေ့နံနက်ကား အဘိုးကြီးစား သောက်ရေးအတွက် နောက်ဆုံးအကြိမ် စီမံရခြင်းပင်ဖြစ်၏။ တံခါးတစ် ဖက်ရှိ ရေတွင်းထဲမှ ရေပုံးဖြင့် ရေဆွဲကာ ဒယ်အိုးထဲသို့ ရေအနည်းငယ် လောင်းထည့်လေ၏။ ခဏချင်းပင် ဆူပွက်လာသောအခါ အသားအနည်း ငယ်ကို ထည့်၍ပြုတ်ပြီး အဘိုးကြီးထံသို့ ယူသွားလေ၏။

"ဆန်တော့ ညကျမှပဲရမယ် အဘရေ ... အခုတော့ ပြောင်းဆန်နဲ့ပဲ စားပေဦးတော့ ..."

"တောင်းထဲမှာ ဆန်နည်းနည်းရှိသေးတယ်" ဟု ပြောရင်း အဘိုး ကြီးသည် စားပွဲ၌ထိုင်ကာ တူ ၂ ချောင်းဖြင့် ဝါ၍ပျစ်နေသော ပြောင်းဆန် ပြုတ်ကို မွှေ၍နေလေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"မိုးလပွဲတော်တုန်းကထက် ကျွန်တော်တို့ နည်းနည်းလျှော့စားကြတာပေါ့" ဟု ဝမ်လန်းက ပြန်ပြောသော်လည်း အဘိုးကြီးကား မကြားပေ။ ချွက်ကိုသာမဲ၍ နေလေ၏။

ဝမ်လန်းသည် ၎င်း၏အခန်းထဲသို့ ပြန်ခဲ့ကာ အပြာရောင်အင်္ကျီရှည်ကြီးကို ဆွဲယူလျက် ခေါင်းတွင်ပတ်ထားသော ကျစ်ဆံမြီးကိုဖြုတ်၍ချလေ၏။ ၎င်း၏လက်ဖျားမှာ ရိတ်ထားသောငယ်ထိပ်နှင့် ပါးပေါ်သို့ ရောက်ရှိသွားလေ၏။ ထပ်ရိတ်ရရင် ကောင်းလေမလားဟု တွေးလေ၏။ နေဝန်းကားမထွက်ပြူလာသေး။ သတို့သမီးအိမ်သို့မသွားမီ ဆတ္တာသည်များလမ်းသို့သွားကာ ရိတ်မည်ဆိုလျှင် ရိတ်နိုင်သေး၏။ ပိုက်ဆံသာရှိလျှင် သွား၍ရိတ်ဦးမည်ဖြစ်၏။

ခါးပတ်မှ ဆီချေးအထပ်ထပ် တက်နေသော မွဲခြောက်ခြောက်အရောင်ရှိသည့် သေးငယ်သော ပိုက်ဆံအိတ်ကလေးကို ဖြုတ်ကာ ပိုက်ဆံများကို ရေတွက်ကြည့်လေ၏။ ငွေဒင်္ဂါး ၆ ပြားနှင့် အကြွေလက်နှစ်ဆုပ်စာခန့် တွေ့ရလေ၏။ ယနေ့ည သူငယ်ချင်းများကို ဖိတ်၍ ထမင်းကျွေးမည့်အကြောင်းကိုမူ ဖခင်ကြီးအား မပြောရသေးပေ။ ညီတစ်ဝမ်းကွဲတစ်ယောက်၊ ဦးလေးတစ်ယောက်နှင့် တစ်ရွာတည်းနေ အိမ်နီးနားချင်းသုံးယောက်ကို ဖိတ်မန္တကပြုထား၏။ ယနေ့နံနက် မြို့မှပြန်လာလျှင် ဝက်သား၊ ငါးနှင့် သစ်ချသီးများဝယ်လာခဲ့ရန် ကြံစည်ထား၏။ ထို့မျှမက တောင်ပိုင်းဆီမှထွက်သော ဝါးပိုးမျှစ်အပြင် ခြံထဲ၌စိုက်ထားသော မုန်လာဥနှင့် ရောချက်ရန် အမဲသားလည်းဝယ်ခဲ့မည်။ သို့ရာတွင် ဆီနှင့် ပဲငံပြာရည်ကလေးများဝယ်ပြီး ပိုက်ဆံကလေးများ ပိုလျှံမှဝယ်နိုင်မည်၊ ယခု ခေါင်းရိတ်လိုက်လျှင် အမဲသားကလွဲ၍ ဝယ်ခဲ့နိုင်တော့မည်မဟုတ်။

အဘိုးကြီးအား နှုတ်ဆက်စကားကလေးမျှ မပြောတော့ဘဲ အိမ်မှ အစောကြီးထွက်လာခဲ့လေ၏။ ရောင်နီတွေ ပြေးနေသည့်အကြားမှ နေဝန်းသည် တိမ်ပုပ်တိမ်ခဲများကို ထွင်းဖောက်ကာ ထွက်ပြူစပြုနေလျက် နေရောင်ခြည် ဂျုံပင်နှင့် ဘာလီပင်များပေါ်တွင် တွဲရရွဲခိုနေသော နှင်းပေါက်ကလေးများပေါ်သို့ ကျရောက်နေရာ တဖိတ်ဖိတ်တောက်ပြောင်နေလေ

mgyoe.com

mgyoe.com SAMPLE BOOK


၏။ ထိုခဏ၌ ဝမ်လန်းမှာ လယ်အလုပ်ထဲသို့ စိတ်ရောက်သွားပြီး ဂျုံပင် ဘာလီပင်အနုံကလေးများကို ငုံ့၍ကြည့်မိ၏။ အသီးကား မသီးကြသေးပေ။ မိုးအကျကိုစောင့်လင့်နေကြတုန်းပင်ရှိ၏။ ဝမ်လန်းသည် လေကို ရှုရှိုက်လျက် ကောင်းကင်ကိုမော်၍ကြည့်လေ၏။ မိုးကား လေအဟုန်ပေါ်တွင် လေးလံသော ကိုယ်အလေးချိန်ဖြင့်စီးကာ တိမ်တိုက်များထဲတွင် မည်းမည်းကြီးရှိနေလေ၏။ အမွေးတိုင်ကလေးတစ်ချောင်းလောက်ဝယ်၍ နတ်ကွန်းရှိရာသို့သွားကာ မြေဝသုန်နတ်အား ပူဇော်ကန်တော့ရပေဦးမည်။

ဝမ်လန်းသည် ကျဉ်းမြောင်းသော လယ်ကန်သင်းများပေါ်မှ လယ်ကွင်းများကို ဖြတ်ကာ လျှောက်ခဲ့လေ၏။ မနီးမဝေးဆီ၌ ညိုမှိုင်းသော မြို့တော်ကြီး၏တံတိုင်းကြီး တည်ရှိလေ၏။ ၎င်းသွားရောက်ရမည့် အဆိုပါ တံတိုင်းကြီး၏ တံခါးဝနောက်ဘက်တွင် ၎င်း၏ဇနီးလောင်းကလေး ကျွန်မအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေရသော အိမ်ကြီးတစ်ဆောင်ရှိ၏။ ထိုအိမ်ကြီး၏ ပိုင်ရှင်ကား ဟွမ်ဆိုသူဖြစ်လေသည်။

"အိမ်ကြီးကြီးမှာနေရတဲ့ ကျွန်မကို လက်ထပ်ယူရတာထက် တစ်ယောက်တည်း တစ်ကိုယ်တည်း နေရတာက ပိုကောင်းသေး" ဟု အချို့က ပြောကြ၏။ သို့သော် ဖခင်ဖြစ်သူအား "အဘရာ ကျုပ် ဘယ်တော့မှ မိန်းမ မယူရတော့ဘူးလားဗျ" ဟု မေးမိသောအခါတွင် ဖခင်ကြီးက "အင်း လက်မထပ်ရခင်ကတည်းက မိန်းမတွေဟာ ရွှေလက်စွပ်တွေ ဝတ်ချင်လိုချင်ကြတာကတစ်မျိုး ပိုးထည်မှ ဝတ်ချင်ကြတာကတစ်မျိုးနဲ့ ငွေကုန်ကြေးကျ သိပ်များတဲ့ ဒီလက်ထပ်ပွဲတွေ ထွန်းကားနေတဲ့ခေတ်ဆိုး ခေတ်ကျပ်ကြီးထဲမှာ သားရယ်၊ တို့လိုဆင်းရဲသား ပဗ္ဗားတွေအဖို့တော့ ကျွန်မတွေနဲ့ပဲ တန်တာပါပဲ" ဟု ပြောဆိုခဲ့ဖူး၏။

အဘိုးကြီးသည် ဟွမ်၏အိမ်ကြီးသို့ သွားရောက်ကာ "ကျွန်မကလေးတစ်ယောက်လောက်များ မပေးနိုင်ဘူးလား" ဟု မေးမြန်းစုံစမ်းခဲ့ဖူး၏။

"ကျွန်မငယ်ငယ်လည်းမရှိဘူး၊ ကုန်ကုန်ပြောရရင် လှလှလည်း

mgyoe.com

mgyoe.com
SAMPLE BOOK


မရှိဘူး” ဟု ဟွမ်က ပြောလိုက်လေသည်။

ဝမ်လန်းကား အခြားအပေါင်းအဖော်တွေ ချီးမွမ်းရသည့် မယားချောကလေးကိုသာယူလိုရာ ဝမ်းနည်းပမ်းနည်းဖြစ်သွားခဲ့၏။ အဘိုးကြီးကား မကျေမချမ်းဖြစ်နေရှာသော သား၏မျက်နှာကိုမြင်သောအခါ ...

“မယားချောချောကလေးရတော့ တို့ ဘာလုပ်ရမလဲ၊ တို့က အိမ်ထောင်မှုဝေယျာဝစ္စတွေ လုပ်တတ်ရမယ်၊ လယ်ထဲလည်း ဆင်းနိုင်ရမယ်၊ ကလေးတွေလည်းမွေးရမယ်၊ အဲဒီမိန်းမမျိုးရမှ ဖြစ်မယ်ဟဲ့ ရုပ်ချောတဲ့ မိန်းကလေးက ဒီအလုပ်မျိုးတွေလုပ်မလားကွ၊ ဒီလို ရုပ်ချောရုပ်လှတဲ့ မိန်းကလေးတွေဟာ သူနဲ့ ဘယ်အဝတ်အစားမျိုးနဲ့ တော်ပါ့မလဲဆိုတာကိုပဲ အမြဲစိတ်ကူးနေမှာဟဲ့၊ တို့အိမ်မှာ ကော...မချောကလေးတွေ မလိုချင်ဘူး၊ တို့ဟာ လယ်သမားတွေ ဒါတွင်မကသေးဘူး၊ သူဌေးအိမ်မှာနေတဲ့ ရုပ်ချောရုပ်လှကလေးတွေဟာ ဘယ်တော့အပျိုစစ်တယ်လို့များ မင်းကြားဖူးသလဲ ငယ်ငယ်ရွယ်ရွယ် သခင်ကလေးတွေမှန်သမျှ အားလုံး အလိုဖြည့်ခြေတော်တင်ပြီးသားချည့်ပဲ၊ ရုပ်ချောရုပ်လှကောင်မကလေးတွေ ၁၀၀ လောက်ယူထားရတာထက်၊ အရုပ်ဆိုးမတစ်ယောက်ကို ယူရတာက ပိုကောင်းတယ်မှတ်၊ ကောင်မချောကလေးက မင်းလိုလယ်သမားတစ်ယောက်ရဲ့ လက်ကြမ်းကြီးတွေဟာ သူဌေးသားရဲ့ လက်နူးနူးညံ့ညံ့ကလေးတွေလို သဘောကျစရာကောင်းတယ်လို့ ထင်မယ်များမှတ်သလား မင့်လိုနေလောင်နေတဲ့ မျက်နှာကြီးကိုများ သူတို့ကို အပျော်သက်သက်ခြေတော်တင်တဲ့ လူတွေရဲ့ ရွှေမျက်နှာကလေးများလောက်လှတယ်လို့ ထင်မယ်လို့များ မှတ်သလား ထွီ” ဟု အော်ဟစ်ပြောဆိုလေ၏။

အဘိုးကြီး အမှန်တွေချည့် ပြောနေကြောင်းကို ဝမ်လန်း သိလေ၏။ သို့နှင့်လည်း ရုတ်တရက် စကားပြန်မပေးနိုင်သေးမီ၊ မျက်စိမျက်နှာပျက်နေခြင်းကို အားခဲ၍ပြုပြင်ရကာ ...

“အောက်ဆုံး အဘရာ ကျောက်ပေါက်မာပါတဲ့မိန်းမနဲ့၊ အပေါ်နှုတ်ခမ်း ဟက်တက်ကွဲကြီးနဲ့ မိန်းမမျိုးတော့ ကျုပ် မလိုချင်ဘူး” ဟု ခပ်မာမာ ပြောလိုက်လေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


"အေးလေ … ဘယ်လိုဟာမျိုး ရမယ်ဆိုတာ စောင့်ကြည့်ကြရတာပေါ့"

ယခုကား ဝမ်လန်း၏ဇနီးလောင်းမှာ ကျောက်ပေါက်မာလည်း မပါ၊ အပေါ်နှုတ်ခမ်းလည်း ဟက်တက်ကွဲကြီးနှင့်မဟုတ် ဝမ်လန်းသည် ဤမျှ သိရှိရပြီဖြစ်၏။ ထိုထက်ကား ဘာတစ်ခုမျှ ပို၍ မသိရသေးပေ။ သားနှစ်ယောက်ကား ရွှေရေပွတ် ငွေလက်စွပ်နှစ်ကွင်းနှင့် ငွေနားဆွဲများကို ဝယ်ယူကြလျက် ဖခင်ဖြစ်သူက သတို့သမီး၏ အုပ်ထိန်းသူထံသို့ စေ့စပ်ကြောင်းလမ်းခြင်းအထိမ်းအမှတ်အဖြစ်ဖြင့် သွားရောက်ပေးပို့ထားပြီးဖြစ်၏။ ဝမ်လန်းမှာ ထိုနေ့ထိုရက်တွင် ဇနီးလောင်းကို သွား၍ ခေါ်ယူရမည့်အကြောင်းမှတစ်ပါး ထိုထက်ပို၍ ဇနီးလောင်း၏အကြောင်းကို မသိရှာသေးပေ။

၎င်းသည် မည်းမှောင်အေးမြလျက်ရှိသော မြို့တံခါးထဲသို့ ဝင်ခဲ့လေ၏။ ရေသည်တွေကား မြို့တံခါးဝနားဆီ၌ လေးလံကြီးမားလှသလို ရေစည်ပိုင်းကြီးများကိုထမ်းကာ တစ်နေ့ပတ်လုံး ဥဒဟိုဖြတ်သန်းသွားလာလျက်ရှိရကား ရေတို့သည် ဘောင်ဘင်ခတ်လျက် ကျောက်လမ်းပေါ်သို့ ဖိတ်စင်ကာကျကြကုန်၏။ မြို့ဝင်တံခါးပေါက် လိုဏ်ဂူကြီးကား အုတ်တံတိုင်းမြို့ရိုးကြီး၏ အမိုးအောက်တွင် အစဉ်သဖြင့် စွတ်စိုအေးမြလျက်ရှိပေ၏။ နွေရာသီများ၌ပင်လည်း အအေးဓာတ်သည် ယုတ်လျော့သည် မရှိပေ။ သို့ဖြစ်ရကား ဖရဲသီးသည်များသည် ဖရဲသီးများကို ကျောက်လမ်းပေါ်တွင် ခင်းပုံလျက် အေးမြစွတ်စိုသော အငွေ့ဓာတ်ကို သောက်မျိုစေခြင်းငှာ ဖရဲသီးများကို ခွဲစိတ်၍ထားလေ့ရှိ၏။ ယခုသော်မူ ရာသီစောလွန်းသေးသည်ဖြစ်၍ ဖရဲသီးများ မပေါ်သေးပေ။ နံရံတစ်လျှောက်တွင် မက်မုံသီးစိမ်းများကို တောင်းတွေနှင့်ထည့်လျက် …

"မက်မုံးသီး ဦးဦးဖျားဖျားကလေးတွေဗျနော်၊ ဦးဦးဖျားဖျားကလေးတွေ ဝယ်ကြနော် သုံးဆောင်ကြစမ်းပါ၊ ဆောင်းတွင်းက ဝမ်းချုပ်ဓာတ်ချုပ် ဖြစ်နေတာတွေ ဟောဒီ မက်မုံသီးကလေးများ စားလိုက်ရင် ဝမ်းမှန်ဓာတ်မှန် ဖြစ်ပါလိမ့်မဗျ" ဟု ဈေးသည်များက အော်ဟစ်နေကြလေ၏"

mgyoe.com

mgyoe.com
SAMPLE BOOK


ဝမ်လန်းကား "အင်း ... ငါ သူ့ကို ခေါ်ပြန်လာလို့ ဒီနေရာရောက်တဲ့အခါ ဒီအသီးတွေ ကြိုက်တတ်တယ်များဆိုရင် တစ်ပွေ့ကြီး ဝယ်ပေးလိုက်မှာပဲ" ဟု တစ်ကိုယ်တည်းပြောလေ၏။ သူ့ကို ခေါ်ပြီးပြန်လာတော့ ငါက ရှေ့က သူက နောက်ကနဲ့ဟု အပြန်ခရီးကို စဉ်းစားကြည့်သောအခါ၌ကား မတွေးရဲအောင်ရှိလေ၏။

၎င်းသည် လက်ယာဘက်လမ်းသို့ ချိုးခဲ့လျက် မကြာမီပင် ဆတ္တာသည်လမ်းသို့ ရောက်လာလေ၏။ လမ်းထဲတွင် လူသွားလူလာ အနည်းငယ်လောက်သာ ရှိသေးလျက် ၎င်းတို့မှာ နံနက်လင်းအားကြီး ဈေးအမီရောင်းချရန် ယမန်နေ့ညကတည်းက ရွာမှ ဟင်းသီးဟင်းရွက်များဖြစ်၍ ဈေးကွဲလျှင် ရွာပြန်ကြမည့်သူများဖြစ်ကြ၏။ ၎င်းတို့မှာ ဟင်းသီးဟင်းရွက် တောင်းများထဲ၌ပင် ချမ်းချမ်းစီးစီးနှင့် အိပ်ခဲ့ကြရ၏။ ဝမ်လန်းကား ထိုလူသိုက်တွင် မျက်နှာသိများပါသဖြင့် ရှုပ်နောက်နေကြ မည်စိုးသောကြောင့် ရှောင်ခဲ့ရလေ၏။ လမ်းတစ်လျှောက်လုံးတွင်ကား ဆံပင်ညှပ်သမားများသည် ဆိုင်ရှေ့သို့ထွက်၍ ရပ်နေကြပေရာ ဝမ်လန်းသည် မိမိနှင့် အဝေးဆုံးသော ဆိုင်တစ်ဆိုင်သို့ရောက်အောင် လျှောက်လာခဲ့လျက် ဆိုင်ထဲသို့ဝင်ပြီး ခွေးခြေတစ်လုံးပေါ်၌ ထိုင်လိုက်ကာ ဆိုင်နီးချင်းတစ်ဦးနှင့် စကားလက်ဆုံကျနေသော ဆံပင်ညှပ်သမားအား လက်ရပ်ပြ၍ ခေါ်လိုက်လေ၏။ ဆံပင်ညှပ်သမားလည်း ချက်ချင်းပင်ရောက်လာလျက် ကြွေဇလုံတစ်ခုထဲသို့ ရေနွေးကရားမှ ရေနွေးများ လျင်မြန်စွာ ငှဲ့ထည့်နေရာက ...

"အကုန်ရိတ်မလား" ဟု သွက်လက်စွာ မေးလေ၏။

"ခေါင်းနဲ့ မျက်နှာပဲ" ဟု ဝမ်လန်းက ဖြေလိုက်လေ၏။

"နှာခေါင်းတို့ နားတို့ကော ရှင်းဦး ကော်ဦးမလား"

"အဲဒါက ဘယ်လောက်ပိုပေးရမှာလဲ" ဟု ဝမ်လန်းက စဉ်းစဉ်းစားစားနှင့် ပြန်မေးလေ၏။

"၄ ပဲနီ" ဟု ပြောရင်း ဆံပင်ညှပ်သမားသည် အနက်ရောင်အဝတ်အစကလေးတစ်ခုကို ရေနွေးထဲ၌ နှစ်ချည်ဖော်ချည် လုပ်နေလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကျုပ် ၂ ပဲနိပဲ ပေးမယ်" ဟု ဝမ်လန်းက ပြောလေသည်။

"ဒါဖြင့် ကျုပ်ကလည်း နှာခေါင်းတစ်ပေါက်နဲ့ နားတစ်ဖက်ပဲ ကော်ပေးမယ်" ဟု ဆံပင်ညှပ်သမားက မနေ့မတွ ပြန်ပြောရာက "ကဲ ... ခင်ဗျားမျက်နှာ လက်ဝဲဘက်တစ်ခြမ်းတည်း လုပ်ပေးရမလား လက်ယာဘက်တစ်ခြမ်းတည်း လုပ်စေချင်သလား" ဟု ဆက်လက်မေးမြန်းရင်း အဖော်ဆံပင်ညှပ်သမားတစ်ယောက်အား မျက်နှာရှုံ့မဲ့၍ရယ်လေ၏။ ဝမ်လန်းကား မိမိမှာ လူရှုပ်လူနောက်တစ်ယောက်၏လက်တွင်းသို့ ကျရောက်နေပြီကို သိရလေ၏။ ၎င်းတို့မှာ အောက်တန်းနိမ့်ကျလှသော ဆံပင်ညှပ်သမားများပင်ဖြစ်စေကာမူ ဤသို့သော မြို့သားများနှင့်တွေ့ကြုံရလျှင် အကြောင်းရှာ၍မရသော အလိုလိုရှုံ့ထိတ်မှုက ကာဆီးနေသည် ဖြစ်သောကြောင့် ...

"ခင်ဗျားသဘောပဲဗျာ သဘောပဲ" ဟု မြန်မြန်ပင် ပြောလိုက်လေ၏။

ထိုနောက်ကား ဝမ်လန်းမှာ ဆံပင်ညှပ်သမား၏ ဆပ်ပြာရည်သုတ်လိမ်းခြင်း၊ ပွတ်သပ်ခြင်း၊ ဆံမုတ်ဆိတ်ရိတ်ခြင်းများကို ခံရကာ အဆုံး၌ သဘောကောင်းသူတစ်ဦးဖြစ်သည့်အတိုင်း ဆံပင်ညှပ်သမားသည် အခမဲ့ပိုက်ဆံမယူဘဲ ပခုံးတွေ၊ ကျောတွေကိုပါ အညောင်းပြေ နှိပ်နယ်ပေးလိုက်လေ၏။ ထိုသူက ငယ်ထိပ်ရှိ ဆံပင်များကိုရိတ်ပေးရင်း ...

"ခင်ဗျား ဆံပင်ညှပ်ရင် အတော်လှလာမှာပဲ၊ ခေတ်ဆန်လာအောင် ဒီကျစ်ဆံမြီးကြီး ဖြတ်ပါလားဗျ" ဟု ပြောသေး၏။ ဤသို့ပြောရင်းက ၎င်း၏ ဓားသွားမှာ ဝမ်လန်း၏ဂျာရစ်ဝိုင်းသရဖူပေါ်သို့ ရစ်ဝဲလုပ်သွားလေရာ "အဘမပြောဘဲနဲ့ ရိတ်လို့မဖြစ်ဘူးဗျ" ဟု ဝမ်လန်းကအော်မှ ဆံပင်ညှပ်သမားမှာ ရယ်မော၍ ဂျာရစ်ကို ရိတ်ပစ်လိုက်သလိုလို နောက်ပြောင်လိုက်ပြန်လေ၏။

အားလုံးပြီးစီးသွားသောအခါ ဝမ်လန်းသည် ရေစက်လက်နှင့် ပဲကြီးခွဲလိုက်နေသော ဆံပင်ညှပ်သမား၏လက်ထဲသို့ ပိုက်ဆံများရေတွက်ရင်း တစ်ခဏမျှ ထိတ်လန့်၍သွားမိလေ၏။ ပေးရသောပိုက်ဆံကား

mgyoe.com

mgyoe.com SAMPLE BOOK


မနည်း၊ သို့သော် ရိတ်ပြီးကာစ အသစ်ကျပ်ချွတ် ထိပ်ပြောင်ကလေးကို သန့်ရှင်းသော လေပြည်ကလေးက တသုန်သုန် တိုးဝှေ့ကစားရင်း လမ်းထဲသို့ ပြန်ထွက်လာခဲ့သောအခါ၌ကား "ဒီတစ်ခါပဲလေ" ဟု တစ်ကိုယ်တည်း ပြောမိလေ၏။

၎င်းသည် ဈေးသို့သွားကာ ဝက်သားငါးဆယ်သား ဝယ်လေ၏။ ဆိုင်ရှင်က ဝက်သားကို ကြာရွက်နှင့်ထုပ်၍ပေးနေသည်ကိုစောင့်ကြည့်ရင်း နောက်ထပ် အမဲသားအဝက်သားခန့်ကို ချိတုံချတုံနှင့်ဝယ်ပြန်၏။ ထို့နောက်တစ်ဖန် ယိုသုတ်ပဲမုန့်များကို ဝယ်ပြန်လျက် ဖယောင်းတိုင်ဆိုင်သို့ ကူးသွားကာ အမွှေးတိုင် ၂ ချောင်းဝယ်ပြီး ရှက်ရွံ့ခြင်းကြီးစွာနှင့်ပင် ဟွမ်၏အိမ်ကြီးဆီသို့ လှမ်းခဲ့လေသတည်း။

ဝင်းဝသို့ရောက်သောအခါ ရင်ထဲတွင် လှိုက်ဖို၍သွားလေ၏။ "ငါ တစ်ယောက်တည်းပါကလား၊ အဘကိုခေါ်လာခဲ့ရရင် ကောင်းမှာ၊ ဒါမှမဟုတ် ဦးလေးဖြစ်ဖြစ် အိမ်နားက 'ချင်း' ကိုဖြစ်ဖြစ် တစ်ယောက်ယောက်ပါလာရင် ကောင်းမှာ" ဟု စဉ်းစားမိလေ၏။ ၎င်းမှာ အိမ်ကြီးကြီးမားမားသို့ တစ်ခါဖူးမျှမရောက်ဖူးပေ။ "အင်း ... ဒီကျေးဖို့ မွေးဖို့ဟာတွေ ချိုင်းညှပ်ပြီး 'ကျုပ် မိန်းမခေါ်ရအောင်လာတယ်' လို့ ဝင်ပြောရမှာက အကျပ်သားပါကလား" ဟုတွေးကာ လှိုက်ဖိုနေလေ၏။

ဝင်းဝကိုကြည့်ရင်း အတန်ကြာပင် ရပ်နေမိလေသည်။ ဝင်းတံခါးကြီးကား ခိုင်ခံ့စွာ ပိတ်ထားလျက်ရှိ၏။ တံခါးများမှာ သစ်သားတံခါးကြီး ၂ထပ်ဖြစ်လေသည်။ အနက်ရောင်ဆေးသုတ်ထားလျက် အပေါ်တွင် သံမှိုပန်းများ အလှရိုက်ထားပြီးလျှင် သံကြိုးများဖြင့် တုပ်ချည်၍ထားပေ၏။ တစ်ဖက်တစ်ချက်တွင် ကျောက်ခြင်္သေ့ရုပ်ကြီးနှစ်ကောင်သည် စောင့်ကြပ်လျက်နေလေသည်။ လူသူအရိပ်အရောင်ကိုပင် မတွေ့ရသဖြင့် ပြန်လှည့်ကာ ထွက်ခဲ့ရလေ၏။ နေရာကျမှ ကျပ်ပါ့မလား။

ခွေလဲတော့မလိုဖြစ်သွားလေ၏။ တစ်ခုခု သွားဝယ်စားမှ ဖြစ်ချေမည်။ စားဖို့သောက်ဖို့ မေ့လျော့နေသဖြင့် ဘာတစ်ခုမှ ဗိုက်ထဲမသွတ်ရသေး။

mgyoe.com

mgyoe.com

SAMPLE BOOK


လမ်းဘေးဆိုင်ကလေးတစ်ခုထဲသို့ ဝင်ခဲ့ပြီး စားပွဲပေါ်သို့ ပိုက်ဆံ ၂ပဲနိကို ပစ်တင်လိုက်ရင်း ထိုင်ချလေ၏။ ညစ်ပတ်မည်းတူနေသော စားပွဲထိုးကလေးတစ်ယောက် အနားရောက်လာရာ ဝမ်လန်းက 'ဖက်ထုပ် နှစ်ခွက်ပေး' ဟု မှာလိုက်လေ၏။ ရောက်လာသောအခါ တူနှစ်ချောင်းဖြင့် ကုန်း၍ အားရပါးရလွေးလေ၏။ စားပွဲထိုးကောင်ကလေးကား မည်းညစ်နေသော လက်ချောင်းများဖြင့် ပိုက်ဆံကိုလှည့်ကစားရင်း အနီးမှ ရပ်နေလေသည်။

"ဘာယူဦးမလဲဗျ" ဟု ကောင်ကလေးက မေးသောအခါ ဝမ်လန်းသည် ခေါင်းခါ၍ ပြလေ၏။ ခါးဆန့်ပြီး ပတ်ဝန်းကျင်ကိုကြည့်သောအခါ စားပွဲတို့ဖြင့် ပြည့်ကျပ်နေသော မည်းမှောင်ကျဉ်းမြောင်းလှသည့် အခန်းကလေးထဲ၌ မိမိအသိဆို၍ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ၊ လူအနည်းငယ်လောက်သာ ထိုင်၍ စားသောက်နေကြသည်ကို မြင်ရ၏။ ထိုနေရာကား ဆင်းရဲသားများ၏ စံပျော်ရာကလေးဖြစ်လျက် ထိုလူစုထဲ၌ ၎င်းမှာ အဝတ်အစားသန့်သန့်ပြန့်ပြန့်နှင့် လူရည်တတ်တစ်ဦးလောက် အခြေရောက်နေ၏။ သို့ဖြစ်ရာ အနီးသို့ သူတောင်းစားတစ်ယောက် ရောက်လာလျက် "သနားပါဆရာရယ် ... ငတ်နေလို့ပါ၊ အကြွေကလေးရှိ တစ်ပြားလောက် ပေးသနားတော်မူပါ" ဟု တောင်းလာ၏။

တစ်ခါဖူးမျှ သူတောင်းစားတစ်ဦး၏ ပိုက်ဆံတောင်းခြင်းကိုလည်းကောင်း "ဆရာ" ဟု ခေါ်ဝေါ်ခြင်းကိုလည်းကောင်း မခံခဲ့ရဖူးသော ဝမ်လန်းမှာ သဘောကျသွားလျက် ပိုက်ဆံအကြွေကလေးနှစ်ပြားကို ခွက်ထဲသို့ ပစ်ထည့်လိုက်လေသည်။ သူတောင်းစားသည် ချေးထူ၍ မည်းနက်နေသော လက်သည်းတွေ ရှည်နေသည့်လက်ဖြင့် သွက်သွက်ကြီး ပိုက်ဆံကို နှိုက်ကာ စုတ်ပြတ်နေသော အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေသည်။

ဝမ်လန်းကား ထိုင်မြဲထိုင်နေလေရာ နေပင် အတော်ကလေး မြင့်လာလေ၏။ စားပွဲထိုးကောင်ကလေးသည် စိတ်မရှည်သကဲ့သို့ အနီးသို့ ချဉ်းကပ်လာပြီး "ခင်ဗျား နောက်ထပ် ဘာမှဝယ်မစားရင် ကုလားထိုင်ထိုင်ခ ပေးရလိမ့်မယ်ဗျ" ဟု မောက်မာလှသည့်အသံဖြင့် ပြောလေ၏။

mgyoe.com

mgyoe.com

ဝမ်လန်းမှာ မောက်မောက်မာမာ မထောက်မညာပြောလာသော ကောင်ကလေးအား ဟုံးခနဲဒေါပွသွားလျက် အကယ်၍ ဟွမ်အိမ်ကြီးထဲသို့ ဝင်ရန်အရေး ရင်လေး၍သာမနေခဲ့ပါမူ နေရာမှ ချက်ချင်းထသွားမည်ဖြစ်၏။ ၎င်း၏တစ်ကိုယ်လုံးမှာ လယ်တွင်း၌ ပင်ပင်ပန်းပန်း အလုပ်လုပ်လိုက်ရသကဲ့သို့ ချွေးပြန်၍လာလေ၏။

"လက်ဖက်ရည်ယူခဲ့ကွယ်" ဟု အသံကလေးပျော့ပျော့ဖြင့်သာ ပြောလိုက်ရလေ၏။ မျက်နှာမှ ပြန်မလှည့်ရသေးမီ လက်ဖက်ရည်ခွက်တစ်ခါတည်း ရောက်လာလျက် "ဘယ်မလဲ ပိုက်ဆံ" ဟု ကောင်ကလေးက မာဆတ်ဆတ်အသံဖြင့် တောင်းနေလေ၏။

"စားပြတိုက်သလိုပါပဲလား" ဟု တစ်ကိုယ်တည်းညည်းတွားရင်း ဝမ်လန်းမှာ မကျေမချမ်း ဖြစ်နေလေသည်။ ထို့နောက် မင်္ဂလာထမင်းကျွေးရန် မိမိ ဖိတ်မန္တကပြုထားသော အိမ်နီးချင်းတစ်ဦး ဆိုင်ထဲဝင်လာသည်ကို မြင်ရလေရာ ပိုက်ဆံကို စားပွဲပေါ်သို့ လျင်မြန်စွာ ပစ်တင်လိုက်ပြီး လက်ဖက်ရည်ကို တစ်ကျိုက်တည်းဖြင့် သောက်ချ၍ ဆိုင်ဘေးပေါက်မှ ခပ်သုတ်သုတ်ထွက်ခဲ့ရာ လမ်းပေါ်သို့ ရောက်သွားလေ၏။

"ကိစ္စပြီးအောင်တော့ လုပ်မှပဲ" ဟု စိတ်ပျက်ပျက်ဖြင့် တစ်ကိုယ်တည်းပြောရင်း အိမ်ကြီး၏ ဝင်းဝဆီသို့ လေးကန်စွာလှမ်းခဲ့လေ၏။

ဤအကြိမ်၌ကား နေအတော်မြင့်ပြီဖြစ်သောကြောင့် ဝင်းတံခါးများ ဖွင့်ထားပြီဖြစ်၏။ တံခါးစောင့်တစ်ယောက်ကား ပျင်းပျင်းရိရိနှင့် တံခါးဝတွင် သွားကြားထိုးလျက်ရှိလေသည်။ ထိုသူကား အရပ်မြင့်မြင့်ဖြစ်လျက် လက်ဝဲဘက်ပါးတွင် ရှည်လျားနက်မှောင်သည့် မင်းမွေးသုံးချောင်းပေါက်နေသော မှဲ့ကြီးတစ်လုံးလည်းရှိ၏။ ဆွဲခြင်းတစ်လုံးကိုင်၍ ရောက်လာသော ဝမ်လန်းကိုမြင်သောအခါ ဈေးသည်ထင်မှတ်လျက် ...

"ဘာလဲဟေ့" ဟု ခပ်မာမာ မေးလေ၏။

"လယ်သမား ဝမ်လန်းပါ" ဟု ဝမ်လန်းမှာ မနည်းကြိုးစားဖြေရလေ၏။

"လယ်သမားဝမ်လန်း ကောင်းပြီ ဘာကိစ္စ" ဟု သခင် သခင်မများ

mgyoe.com

mgyoe.com  SAMPLE BOOK 

၏အပေါင်းအဖော် သူဌေးပိုင်းလောက်ကိုသာ ရိုရိုသေသေ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်သော တံခါးစောင့်က ပြန်မေးလေ၏။

"ကျုပ်လာခဲ့တဲ့ကိစ္စကတော့ အင်း ... လာရတာကတော့" ဟု ဝမ်လန်းမှာ အထစ်ထစ် အငေ့ါငေ့ါဖြစ်နေလေ၏။

"ဒါ သိပါပြီလေ" ဟု အလွန်တရာမှ ကြိုးစားပမ်းစား သည်းခံ၍ နားထောင်နေရသည့်ဟန်မျိုးဖြင့် မှဲ့ကြီးမှ ရှည်လျားသော မင်းမွေးများကို လိမ်ကျစ်ရင်း တံခါးစောင့်က ကြားဝင်ဖြတ်လိုက်လေ၏။

"ဒီမှာ မိန်းမတစ်ယောက်"

ဝမ်လန်းကား အားတင်းကြိုးစား၍ ဖြေသော်လည်း အသံနိမ့်ဝင်သွားလျက် လေသံလောက်ထွက်လေတော့သည်။

"သြော် ... မင်းလား၊ ဒီနေ့ သတို့သားတစ်ယောက် လာလိမ့်မယ်လို့တော့ အပြောသား၊ ဒါပေမဲ့ မင်းက လက်ဆွဲခြင်းကြီးနဲ့ဖြစ်နေတော့ မင်းရယ်လို့ ဘယ်ထင်တော့မလဲ ဟား ဟား" နှင့် တံခါးစောင့်သည် ကျားဟိန်းသလို ပြုလေ၏။

"ဟင်းရံကလေးနည်းနည်းပါးပါးဗျာ" ဟု ဝမ်လန်းက အသနားခံရင်း ၎င်းအား အတွင်းသို့ ခေါ်အသွားကို စောင့်နေလေသည်။ တံခါးစောင့်ကား နေရာမှပင် မရွေ့ပေ။

"ကျုပ်ချည်း ဝင်သွားနိုင်ရဲ့မဟုတ်လား" ဟု ဝမ်လန်းက ဝင်ရလိမ့်နိုး မေးလိုက်သည်တွင် ...

"မင့်ကို သခင်ကြီးက သတ်ပစ်မှာပေါ့" ဟု တံခါးစောင့်က ခပ်တည်တည်နှင့် ခြောက်လေ၏။ သို့ခြောက်ရာက ဝမ်လန်း၏ရိုးသားသော အကဲကို တွေ့မြင်ရသောအခါ ...

"ငွေစကလေးနည်းနည်းဆိုတော့ လွယ်တာပေါ့ကွယ်" ဟု ပြောဆိုလေသည်။

ဤတွင် ဝမ်လန်းမှာ မိမိအား ငွေညှစ်နေပြီဖြစ်ကြောင်း ရိပ်မိလာလျက် ...

"ကျုပ် မွဲလှပါတယ်ဗျာ" ဟု ခယတောင်းပန်သည့်တိုင်အောင်

mgyoe.com

mgyoe.com

SAMPLE BOOK


"မင့်အိတ်ထဲမှာ ပိုက်ဆံဘယ်လောက်ပါတယ်ဆိုတာ ကြည့်ဦး မယ်" ဟု အလျှော့မပေးပေ။

တံခါးစောင့်သူကား ရိုးတိုးရိုးတနှင့် လက်ဆွဲခြင်းကလေးကို ကျောက်လမ်းပေါ်၌ချကာ အကျီရှည်ကြီးကိုမလျက် ခါးပတ်မှပိုက်ဆံအိတ် ကလေးကိုဖြုတ်နေရရှာသော ဝမ်လန်းကိုကြည့်ကာ စပ်ဖြဲဖြဲလုပ်နေလေ ၏။ ဝမ်လန်းသည် ပိုက်ဆံအိတ်ထဲမှ အကြွေကလေးများကို ဘယ်ဘက် လက်ဝါးပေါ်သို့ လှုပ်ခါ၍ ချလိုက်ရာ ဒင်္ဂါးတစ်ပြားနှင့် အကြွေကလေး ၁၄ ပြား ထွက်ကျလာလေ၏။

"ငါက ဒင်္ဂါးယူမယ်ကွ" ဟု အေးအေးဆေးဆေးပြောရင်း ဝမ်လန်း တားဆီးခြင်းမှ မပြုနိုင်မီ တံခါးစောင့်သည် ဒင်္ဂါးကို အကျီလက်ထဲ၌ ထည့်လိပ်လိုက်ပြီး "သတို့သား သတို့သား" ဟု ကျယ်လောင်စွာ ဟစ် ကြွေးခြင်းပြုလျက် ရှေ့မှ လျှောက်သွားလေ၏။

တံခါးစောင့်၏ အပြုအမူအတွက် ဒေါသထွက်ရမည့်အစား ဝမ် လန်းမှာ ၎င်းရောက်ရှိလာသည့်အကြောင်းကို ကျယ်လောင်စွာ အော်ဟစ် ကြွေးကြော်သွားနေသော အသံကို ကြားရသောကြောင့် ရင်ဖိုကြောက်ရွံ့ လာလျက် ထိုသူ၏နောက်သို့ လိုက်သွားရုံမှတစ်ပါး ဘာမျှမကြံတတ် တော့သဖြင့် ဆွဲခြင်းကလေးကိုကောက်ယူလျက် လက်ဝဲလက်ယာမကြည့် နောက်မှ လိုက်သွားရလေ၏။

ယခုအကြိမ်သည် အိမ်ကြီးအိမ်ကောင်းများသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းပင်ဖြစ်စေကာမူ ဝမ်လန်းမှာ ဘာတစ်ခုမျှ မမှတ်မိ။ မျက်နှာ ကြီး နီမြန်းလျက် ခေါင်းကြီးငိုက်စိုက်ကျလျက် ရှေ့မှ တကြော်ကြော် ဟစ်အော်သွားနေသော အသံကြီးနှင့် ဘေးတစ်ဖက်တစ်ချက်မှ ဝါးခနဲ ဝေါခနဲ ပွဲကျသွားသော ရယ်သံများအကြား၌ ဘုံဆောင်တွေ တစ်ဆောင် ပြီးတစ်ဆောင် တစ်ခန်းပြီးတစ်ခန်း ဖြတ်သန်းကာ လိုက်ပါသွားရသည်ဟု သာ သိတော့၏။ ဘုံဆောင်ပေါင်းအဆောင်တစ်ရာခန့် ကျော်လွန်ဖြတ် သန်းမိပြီဟု ထင်ရသောအခါ တံခါးစောင့်၏အသံသည် ရုတ်တရက် ရပ် တန့်သွားပြီး ဝမ်လန်းမှာ ညှော်ခန်းကလေးတစ်ခုထဲသို့ တွန်းပို့ခြင်းခံလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ရလေသည်။ အတွင်းဘက်အခန်းတစ်ခန်းထဲသို့ ဝင်သွားသော တံခါး စောင့် ပြန်ရောက်လာသည့်တိုင်အောင် သူတစ်ယောက်တည်း ရပ်နေ လျက် တံခါးစောင့်လည်း ဝင်သွားသောအခန်းထဲမှ ပြန်ထွက်လာသော အခါ ...

"သခင်မကြီးရှေ့ မင်း ဝင်ရလိမ့်မကွဲ့" ဟု ပြောလေ၏။ ဝမ်လန်း လည်း ဝင်တော့အံ့ဟု ခြေလှမ်းပြင်လိုက်ရာ တံခါးစောင့်က ဖမ်းဆွဲထား လျက် စိတ်ပျက်လှသည့်အသံဖြင့် ...

"မင့်လက်မောင်းမှာ ဝက်သားတွေ ပဲမုန့်တွေပါတဲ့ခြင်းတောင်းကြီး တန်းလန်းနဲ့ မဝင်ရဘူး၊ ဒါကြီးတန်းလန်းနဲ့ဆိုရင် မင်းဘယ့်နှယ်လုပ်ပြီး ဟိုရှေ့မှာ ဦးညွတ်မလဲ"

"ဟုတ်ပေသဗျို့" ဟု ဝမ်လန်းသည် တုန်တုန်ရီရီနှင့် ပြန်ပြောရှာ လေ၏။ သို့နှင့်လည်း လက်ဆွဲခြင်းထဲမှ ပစ္စည်းတစ်ခုခုကို ခိုးယူထားမည် စိုးသောကြောင့် ချမထားရဲဘဲ ရှိနေလေ၏။ ဝမ်လန်း၏စိုးရိမ်ချက်ကို ရိပ်မိသော တံခါးစောင့်က ကြီးစွာစက်ဆုပ်ရွံရှာလှသည့်ဟန်ဖြင့်–

"ဒီအိမ်မျိုးမှာ မင်းဟာတွေမျိုးကို ခွေးကျွေးပစ်သကွ" ဟု အော်ဟစ် ရင်း ဆွဲခြင်းကို လှမ်းဆွဲလျက် တံခါးကြား၌ ထိုးထည့်ပစ်ခဲ့ပြီးလျှင် ဝမ် လန်းအား ၎င်း၏ရှေ့သို့ တွန်းထုတ်လိုက်လေ၏။

ချောမွတ်သေသပ်လှသော ပွတ်လုံးများခံသည့် ခေါင်မိုးကော့ကြီး များအောက် ကျဉ်းမြောင်းသော ဝရန်တာကလေးတစ်ခုတစ်လျှောက် နှစ် ယောက်သား လျှောက်လာခဲ့ကြရာက ဝမ်လန်းမှာ တစ်သက်တွင် မကြုံ တွေ့ဖူးသော ခန်းမဆောင်ကြီးတစ်ခုထဲသို့ ရောက်လာခဲ့လေ၏။ အမိုး ကော့ကြီးများသည် အတိုင်းမသိ မြင့်လွန်းလှကုန်လျက် အကျယ်အဝန်း သည်လည်း တမျှော်တခေါ် ပြန့်ကျယ်ခြင်းရှိဘိရကား အိမ်ငယ်ကလေး ပေါင်း ၂၀ ခန့်နှင့် မိမိ၏ အိမ်တစ်လုံးကို ထိုခန်းမဆောင်ကြီးထဲသို့ သွတ်သွင်းထည့်ထားလိုက်သည်ရှိသော် ပျောက်၍ပင်သွားဖွယ်ရာရှိသည် ကို တွေ့ရပေ၏။ တပြောင်ပြောင် တလက်လက် ဝင်းလျှံတောက်ပနေ သော ဆေးခြယ်သုတ်လိမ်းထားသည့် ခေါင်ယက်မကြီးများကို တအံ့

mgyoe.com

mgyoe.com 

တည် ခေါင်းမော့၍ အကြည့်လိုက် ဝမ်လန်းမှာ မြင့်လှသော တံခါးဘောင် ကို ခလုတ်တိုက်ကာ မှောက်လျက်လဲတော့မည်အပြုတွင် တံခါးစောင့်က ဖမ်းဆွဲထားလိုက်ရပြီး ..

"ကိုင်း ... ကိုယ့်လူ သခင်ကြီးရှေ့ရောက်တော့လည်း ကိုယ့်လူ အခုလဲတဲ့မှောက်လျက်ကလေးမျိုး ရှိရှိသေသေ လုပ်ရလိမ့်မနော်" ဟု ပြောလိုက်လေသည်။

ကြီးစွာသော ရှက်ကြောက်လှခြင်းဖြင့် ဝမ်လန်းသည် ကာလ္ကနွေကို ပြန်၍ဆယ်ယူရရင်း ရှေ့ဆီသို့ လှည့်ကြည့်လိုက်မိသည်တွင် ခန်းမဆောင် ကြီး၏ အလယ်ဗဟိုလောက်ဆီ၌ အရောင်တွေတဖိတ်ဖိတ်၊ တလက်လက် ပြိုးပြိုးပြက်ပြက်နှင့်တစ်ခဲနက် ဝင်းလျှံတောက်ပနေသော ပုလဲစီ ဖဲဝတ် တန်ဆာများကို ဆင်မြန်းကာ သေးသွယ်လှပ အချိုးအဆစ်ကျနသော ကိုယ်ပေါက်လက်ရောက်ရှိသည့် သက်ရွယ်အိုမင်းလှပြီဖြစ်သော အဘွား အိုကြီးတစ်ယောက်သည် သလွန်တစ်ခုပေါ်တွင် ထိုင်လျက်ရှိသည်ကို တွေ့မြင်ရပေ၏။ အဘွားအိုကြီး၏ နံဘေး ခုံနိမ့်ကလေးတစ်လုံးပေါ်တွင် ကား သေးငယ်သော မီးခွက်ကလေးတစ်လုံး၏ မီးတောက်ဖြင့် အငွေ့ တလူလူထွက်နေသည့် ဘိန်းပြောင်းတစ်လုံးသည် ထောင်လျက်ရှိနေလေ သည်။ အဘွားအိုကြီးသည် ရှုံ့တွပါးလီလှသောမျက်နှာတွင် မျောက်အိုမ ကြီး၏ မျက်လုံးများကဲ့သို့ နိမ့်ဝင်ကာ တောက်ပြောင်စူးရှနေသော သေး ငယ်နက်မှောင်လှသည့် မျက်လုံးများဖြင့် ဝမ်လန်းအား ကြည့်နေလေ သည်။ ဘိန်းပြောင်းကို ကိုင်ထားသော အဘွားကြီး၏ လက်သည် အရိုး ပေါ် အရေတင်ကလေးမျှ ရှိပေရကား အရိုးကို ဖုံးလွှမ်းထားသောအပေါ်ရေ မှာ အရုပ်ကလေးတစ်ခုကို ရွှေချထားဘိသကဲ့သို့ ရွှေဝါရောင်ပြေးလျက် ချောမွတ်နူးညံ့လှဘိ၏။ ဝမ်လန်းသည် ဒူးထောက်လျက် ဦးခေါင်းကို ကြမ်းပြင်တွင် ထိလိုက်လေသည်။

ထိုအခါ အဘွားအိုကြီးက ကြီးစွာသော ဣန္ဒြေသိက္ခာဖြင့် ...

"ဆွဲထူလိုက် ... ဒါလောက်တောင် အရိုအသေပေးဖို့ မလိုပါဘူး" ဟု တံခါးစောင့်အား လှမ်းပြောရင်း ...

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟိုသူငယ်မအတွက် လာတဲ့လူလား" ဟု မေးလေ၏။

"ဟုတ်ပါတယ် သခင်မကြီး" ဟု တံခါးစောင့်က ဖြေဆိုလေသည်။

"သူ့ဘာသာသူတော့ ဘာလို့မပြောသလဲ"

"အသုံးမကျတဲ့ အဖျင်းအထိုင်းမို့ပါ သခင်မကြီး" ဟု တံခါးစောင့်က မင်းမွေးကို လက်နှင့်ပွတ်သပ်ကျစ်လျစ်ရင်း ဖြေလိုက်လေ၏။

ဝမ်လန်းမှာ ဟုန်းခနဲ ဒေါသဖြစ်လာကာ တံခါးစောင့်အား သည်းမခံနိုင်သော အကြည့်ဖြင့် လှမ်းကြည့်မိလေ၏။ သို့လှမ်းကြည့်ရင်း

"ကျုပ်က တောသားမို့ ရုတ်တရက် အရည်မလယ် အပါးမဝဖြစ်နေတာပါ၊ မြင့်မြတ်လှတဲ့အရှင်သခင်မကြီးခင်ဗျာ၊ အခုလိုတွေ့တဲ့အခါမှာ ကျုပ်မှာ ဘယ်လိုအသုံးအနှုန်းနဲ့ ပြောရမှန်းမသိလို့ပါ" ဟု ပြောလိုက်လေသည်။

အဘွားကြီးသည် ဝမ်လန်းအား သေချာစွာအကဲခတ်လျက် စကားတစ်စုံတစ်ရာ ပြောတော့မည့်အသွင် ကြီးစွာသောဣန္ဒြေကို ဆောင်လိုက်ပြီးမှ အနီးရှိ ကျွန်မကလေးက အသင့်ပြင်ပေးထားသော ဘိန်းပြောင်းဆီသို့ လက်ရောက်သွားပြီးလျှင် ဝမ်လန်းအား မေ့လျော့သွားဟန်ဖြင့် နေလေ၏။ ထိုနောက် ကိုယ်ကို ကိုင်းငုံ့လိုက်ပြီးလျှင် နှစ်သက်မြတ်နိုးလှသောရှူခြင်းဖြင့် ဘိန်းပြောင်းကို ပါးစပ်တွင်တေ့ကာ အားပါးတရ ရှူရှိုက်၍နေရာ မျက်လုံးများမှ တောက်ပြောင်စူးရှလှသောအရောင်သည် မှေးမှိန်ပျောက်ကွယ်သွားလျက် သတိကင်းစင်၍ လောကကြီးမေ့လျော့နေသည့်အသွင်သည် ဖုံးအုပ်၍ သွားပေ၏။ ဝမ်လန်းကား အဘွားကြီး၏ရှေ့တွင် ရပ်မြဲရပ်နေလေရာ ထိုခဏတွင် အဘွားကြီး၏မျက်လုံးများသည် ဝမ်လန်း၏သဏ္ဌာန်ပေါ်သို့ ဝဲ၍ ရောက်ရှိလာလေ၏။

"ဒီလူ ဘာလာလုပ်နေတာလဲ ဒီမှာ" ဟု ရုတ်တရက် ဒေါသထွက်လျက် မေးလေ၏။ သတိအားလုံးသည် လွင့်စင်ပျောက်ပျက်နေဟန်ရှိလေ၏။ တံခါးစောင့်၏မျက်နှာကား မတုန်မလှုပ် ခတ်မဆိတ်ပင်နေလေ၏။

"ကျုပ် ဟိုမိန်းကလေးအတွက် စောင့်နေပါတယ် အရှင်မကြီး" ဟု ဝမ်လန်းက ကြီးစွာသောအံ့သြခြင်းဖြင့် ဖြေဆိုလိုက်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဟိုမိန်းကလေး ဘာမိန်းကလေးလဲ" ဟု အဘွားကြီးက စမ်းတဝါး ဝါးဖြစ်နေစဉ် အနီးရှိ ကျွန်မကလေးက ကုန်း၍ တီးတိုးကပ်ပြောလိုက်သည်တွင်မှ သတိရလာလေ၏။

"အေး ... ဟုတ်သားပဲ၊ ငါ မင့်ကို ခဏမေ့သွားတယ်၊ အသေးအဖွဲ ကိစ္စကလေးလားကွယ်၊ မင်း ဟိုကျွန်မ 'အိုလင်' အတွက်လာတယ်ဆိုပါ တော့၊ အေး ... သူ့ကို လယ်သမားတစ်ယောက်နဲ့ ပေးစားမယ်လို့ တို့ ကတိထားခဲ့ဖူးတာကလား၊ အင်း .. အင်း သတိရပြီ၊ အဲဒီလယ်သမားဟာ မင်းလား ..."

ဝမ်လန်းက ဟုတ်ကြောင်းနှင့် ဖြေဆိုလေ၏။

" 'အိုလင်' ကို သွားခေါ်စမ်းမြန်မြန်" ဟု အဘွားကြီးသည် ကျွန်မ ကလေးအား ခိုင်းလိုက်လေ၏။ ကြီးကျယ်လှသော ခန်းမကြီးအတွင်းတွင် ဘိန်းပြောင်းနှင့်တစ်ကိုယ်တည်း နတ်စည်းစိမ်ခံစားနေလိုလှပြီဖြစ်သော ကြောင့် ထိုကိစ္စကို မြန်မြန်ထက်ထက် ပြီးမြောက်သွားအောင် အလျင်လို နေဟန်ရှိလေ၏။

များမကြာမီပင် ကျွန်မကလေးသည် ရိုးသားဟန်ရှိလျက် ဖြူစင် သန့်ရှင်း၍ အပြာရောင်ရှိသော အင်္ကျီဘောင်းဘီများကို ဝတ်စားဆင်ယင် ထားသည့် အရပ်မြင့်မြင့် မိန်းကလေးတစ်ယောက်၏ လက်ကိုဆွဲကာ ပြန်ရောက်လာလေ၏။ ဝမ်လန်းသည် တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး နောက် မျက်နှာကို လွှဲလိုက်လေသည်။ ရင်တစ်ခုလုံးကား တဒိတ်ဒိတ်ခုန် လျက်ရှိ၏။ ဇနီးလောင်းကား ရောက်လာလေပြီ။

"ကဲ ... ကျွန်မ ဒီနားလာစမ်း" ဟု အဘွားကြီးက ခပ်ပေါ့ပေါ့ပင် လှမ်းခေါ်လိုက်လျက်

"ဒီလူဟာ နင့်ခေါ်ရအောင်လာတာပဲ" ဟု ပြောလေ၏။ ထိုအခါ သူငယ်မကလေးသည် အဘွားကြီးရှေ့၌ သွား၍ရပ်ကာ ခေါင်းကိုငုံ့လျက် လက်ကိုနောက်ပစ်ကာ နေလေ၏။

"နင် ပြင်ဆင်ပြီးပလား" ဟု အဘွားကြီးက မေးသည့်အခါ၌ "ပြီး ပါပြီ" ဟု သူငယ်မကလေးသည် ဖြည်းညင်းစွာ ဖြေဆိုလိုက်လေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


သူငယ်မကလေး၏ အသံကို ပထမဆုံးအကြိမ် ကြားလိုက်ရသော ဝမ်လန်းသည် မိမိအား နောက်ခိုင်းကာ ရပ်နေသော အသံရှင်၏ကျောပြင်ကလေးကို လှမ်းကြည့်မိလေ၏။ အသံကား သာယာလှစွ၊ ကျယ်လည်းမကျယ်လောင်လှ၊ တိမ်လည်းမတိမ်လှ၊ ပြေပြစ်ညီညာလှလျက် ဒေါ–မော–လောသံလည်းမနှော၊ ဆံပင်တို့သည်လည်း အရောင်တောက်လျက်သန့်ရှင်းလှဘိ၏။ အင်္ကျီအဝတ်အစားတို့သည်လည်း ပကတိဖြူစင်သပ်ရပ်ကြပါပေ၏။ သို့သော် သူငယ်မမှာ ခြေသေးမကလေးမဟုတ်သဖြင့် ခဏတာမျှ စိတ်ပျက်သွားမိလေ၏။ သို့ရာတွင် အဘွားကြီးက တံခါးစောင့်အား လှမ်း၍ စကားပြောလိုက်သောကြောင့် စိတ်ပျက်ခြင်းကို မေ့သွားလေ၏။

"သူ့သေတ္တာယူပြီး အိမ်ဝအထိလိုက်ပို့လိုက်စမ်း၊ ပြီး သူတို့သွားကြပစေတော့" ဟု အမိန့်ပေးကာ အဘွားကြီးသည် ဝမ်လန်းဘက်သို့လှည့်၍ "ငါစကားပြေနေတုန်း သူနဲ့ တူတူလာရပ်နေစမ်း" ဟု ခိုင်းလေ၏။ ဝမ်လန်းက ပြောသည့်အတိုင်း သွားရပ်နေသောအခါ ...

"ဒီကောင်မကလေးဟာ ၁၀ နှစ်သမီးကတည်းက ငါ့အိမ်ရောက်လာတာ၊ အခု အသက် ၂၀ ရှိပြီ။ နှစ်တစ်နှစ်မှာ ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်တော့ ငတ်လို့ တို့အောက်ဆီသို့ ပြောင်းလာကြတဲ့ သူ့မိဘတွေဆီက ငါ ဒီကောင်မကလေးကို ဝယ်ထားလိုက်တာ၊ သူ့မိဘတွေရဲ့ဇာတိကတော့ အဲဒီအထက်အညာ ရှန်တောင်မြို့ကတဲ့။ သူတို့တော့ အခု သူတို့ဒေသကို ပြန်သွားပြီ၊ နောက်ထပ်လည်း သူတို့အကြောင်း ဘာမှမကြားရတော့ဘူး၊ ကောင်မကလေးကိုတော့ မင်း မြင်ပြီမဟုတ်လား၊ ကိုယ်ပုံလက်ရောက်ရော မျက်နှာရော သန်သန်မာမာပါပဲ၊ မင့်အတွက်တော့ လယ်အလုပ်ရော ရေသယ် ရေခပ်ရော ဘာအလုပ်မျိုးမဆို မင်းခိုင်းတာ မင်းအလိုရှိသမျှ ကောင်းကောင်းမွန်မွန်လုပ်ပေးမယ့် ကောင်မကလေးပဲ၊ လှတော့မလှဘူးပေါ့၊ မင့်အတွက်ဆိုတော့ လှဖို့လည်းမလိုပါဘူး၊ စည်းစိမ်နဲ့နေနိုင်တဲ့လူမျိုးတွေအတွက်သာ သူတို့စိတ်အာရုံဖျော်ဖြေဖို့ လှလှကလေးတွေလိုတာပဲ၊ လိမ်လည်း မလိမ္မာဘူးကွဲ့ ကောင်မကလေးက။ ဒါပေမဲ့ ခိုင်း

mgyoe.com

mgyoe.com
SAMPLE BOOK


သမျှတော့ မညည်းမညူ ကောင်းကောင်းမွန်မွန် လုပ်ပေးတတ်ပါတယ်၊ စိတ်သဘောလည်းကောင်းသဟဲ့၊ ငါသိရသမျှတော့ အပျိုစစ်ကလေးပါပဲ၊ မီးဖိုချောင်ထဲက ထွက်ရတဲ့တိုင်အောင် ငါ့သားတွေ ငါ့မြေးတွေ မျက်စိကျအောင် မြှူနိုင်တဲ့ရုပ်မရှိပါဘူး၊ တစ်ခုခုဖြစ်ပြီးပြီဆိုရင်လည်း အစေခံကောင်တွေနဲ့သာ ဖြစ်မှာပဲ၊ ဒါပေမဲ့ အဆောင်တစ်ခုနဲ့တစ်ခု လွတ်လွတ်လပ်လပ် ကူးချည်သန်းချည်လုပ်နေကြတဲ့ ကျွန်မချောကလေးတွေ ပေါလွန်းနေတော့ မင်းကောင်မကလေးမှာ အစွန်းအငြိ ရှိမယ်မထင်ပါဘူးကွယ်၊ ကဲ ... ခေါ်သွား ကောင်းကောင်းအသုံးချ၊ နံပြီးနေ့းပေမယ့် ကျွန်မကောင်းကလေးကွဲ့၊ ဖြစ်လေရာဘဝမှာ ကုသိုလ်အထုံကလေးများ ပါပါစေတော့လို့ အခု ဒီဘဝမှာ လူဦးရေတိုးသထက်တိုးအောင် လုပ်ရတာ၊ နို့မို့ရင်လား ကောင်မကလေးက မီးဖိုချောင်အလုပ်မှာ တကယ်တော်တဲ့ဟာကလေးမို့ လက်တောင်မလွှတ်ချင်ဘူး၊ ဒါပေမဲ့ တောင်းရမ်းတဲ့လူရှိရင် ဒါမှမဟုတ် သူတို့ကို မလိုချင်တော့ဘူးဆိုရင် ငါတော့ ငါ့ကျွန်မတွေကို လင်ချည့်ပေးစားပစ်တာပဲ" ဟု တောက်လျှောက်ကြီး ပြောလာရာမှ သူငယ်မကလေးဘက်သို့ လှည့်တဲ့ကာ ..

"သူ့စကားကို နားထောင်၊ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် မွေးပေး၊ မွေးပြီးရင် ထပ်မွေး၊ သားဦးကလေးမွေးတော့လည်း ငါ့ဆီ လာကြဦး၊ ငါကြည့်ရအောင်" ဟု မှာကြားပြန်လေသည်။

"မှန်လှပါအရှင်မကြီး" ဟု သူငယ်မကလေးက ကတိပေးရှာလေသည်။

ထိုနောက် နှစ်ယောက်သား ဘာလုပ်ရမှန်းမသိ ရပ်မြဲရပ်နေမိကြရာ ဝမ်လန်းကား ကြီးစွာကိုယ်နေကျပ်လျက် စကားပြောရ ကောင်းမည်လား၊ သို့မဟုတ် ငါဘာများ လုပ်ရပါလိမ့်နှင့် အစဉ်းစားရခက်နေလေ၏။

"ကဲ ကောင်းပြီ သွားကြတော့ဟုတ်လား" ဟု အဘွားကြီးက အားပေးသလိုပြောလိုက်မှ ဝမ်လန်းသည် သုတ်သီးသုတ်ပျာ ဦးညွတ်၍ အရိုအသေပြုပြီး လှည့်ထွက်လာခဲ့သည်တွင် သူငယ်မသည်လည်း နောက်မှထက်ကြပ်လိုက်ပါလာလျက် ၎င်း၏နောက်၌ တံခါးစောင့်မှာ သေတ္တာကို

mgyoe.com

mgyoe.com
SAMPLE BOOK


ထမ်းရင်း စီတန်းထွက်ခဲ့ကြလေသည်။ တံခါးစောင့်သည် သေတ္တာကို ဝမ်လန်း၏ဆွဲခြင်းထားပစ်ခဲ့သည့် အခန်းထဲသို့ရောက်သောအခါ ဆက်လက် မထမ်းတော့မူ၍ ချထားပြီး စကားတစ်လုံးမပြော ထွက်ခွာ ပျောက်ကွယ်သွားလေ၏။

ဤတွင် ဝမ်လန်းသည် သူငယ်မ၏မျက်နှာကို ပထမဆုံးအကြိမ် လှည့်၍ကြည့်လေသည်။ ရိုးသားသန့်ရှင်းကြည်လင်သော မျက်နှာ၊ နက်မှောင်၍ ကျယ်ဝန်းသောနှာခေါင်းပေါက်တို့ ရှိကုန်သည့် တို၍ပြားသော နှာခေါင်း၊ ကျယ်သောပါးစပ်တို့ရှိလျက် မျက်နှာတွင် အမာရွတ်ကလေး တစ်ခု ပါရှိလေသည်။ မျက်လုံးများသည် သေးငယ်လျက် ရီတီတီ နက်မှောင်မှောင်ရှိကာ စိတ်ဆင်းရဲခြင်းအတွက် မချမ်းမြေ့သော အဆွေးဓာတ် အရိပ်အရောင်တို့သည် မသိမသာ မထင်မရှားပေါ်ထင်လျက်လေသည်။ မျက်နှာအမူအရာကလေးမှာလည်း ပြောရေးဆိုဖွယ် ကြုံလာသည့်တိုင် စကားတစ်လုံး ထွက်နိုင်မည့်ပုံမပေါ်သော နဂိုစကားနည်း နှုတ်အေး အမူအရာကလေးဖြစ်ပေ၏။ ဝမ်လန်းက စိုက်ကြည့်နေသောအခါ ကြည့်၍ အားရသည့်တိုင် စိတ်၏ကျဉ်းကျပ်ဟန် ဝန်လေးဟန်ကိုမပြ၊ အကြည့်ခံမြဲခံ၍သာ နေလေသည်။ အမှန်ပင် လှရိပ်လှရောင်ကလေးဆို၍ တစ်နေရာ တစ်ကွက်မျှမရှိ။ နံ့သာပန်းမွှေးလည်း မလိမ်းမခြယ်၊ ညိုတိုတို အရောင် အဆင်းနှင့် ပကတိအတိုင်းပင် အရိုးခံသက်သက် မျက်နှာကလေးဖြစ်ကြောင်းကို တွေ့ရလေ၏။ သို့ရာတွင် ထိုမျက်နှာကလေးမှာ ကျောက်ပေါက်မာ အခွက်အချိုင့်တွေလည်းမပါ၊ အပေါ်နှုတ်ခမ်းလည်း ဟက်တက်ကွဲကြီးနှင့်မဟုတ်။ မိမိဝယ်ပေးထားသော ရွှေရည်ပွတ်ငွေနားဆွဲကလေးများသည် သူ့နားကလေးနှစ်ဖက်တွင် ဆွဲဆင်လျက်သား ရှိနေလျက် လက်ကလေးများပေါ်တွင်လည်း သူဝယ်ပေးထားသော လက်စွပ်ကလေးများ ရောက်ရှိနေပြီကို မြင်တွေ့ရပေသည်။ ရင်ထဲတွင် ကြိတ်၍ ရွှင်မြူးအားရ ပီတိကျမိရင်း တစ်ဖက်သို့ မျက်နှာလွှဲလိုက်၏။

"အင်း ... မိန်းမတော့ ရပဟေ့"

"ဟောဒီမှာ သေတ္တာ၊ ဟောဒီမှာ ခြင်းတောင်း" ဟု ပြတ်ပြတ်

mgyoe.com

mgyoe.com
SAMPLE BOOK


တောင်းတောင်းကြီး ပြောချလိုက်၏။

သူငယ်မကား ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ သေတ္တာကို ကုန်း၍ဆွဲမပြီး ပခုံးပေါ်တင်လျက် မနိုင့်တနိုင် ယိုင်တီယိုင်တိုင်ကုန်းထနေလေ၏။ ဝမ်လန်းကား စောင့်ကြည့်နေရာက ရုတ်တရက် ...

"ငါက သေတ္တာယူမယ်၊ ဟောဒီမှာခြင်းတောင်း" ဟု ပြောကာ ဝတ်ထားသော သူ၏အကောင်းဆုံးအင်္ကျီကြီးကိုပင် ဂရုမစိုက်မိ၊ သေတ္တာကို သူ၏ပခုံးပေါ်သို့ ပြောင်း၍ထမ်းလေ၏။ သူငယ်မလည်း ဘာတစ်ခွန်းမျှ မပြော၊ ဆွဲခြင်းကိုကောက်၍ ကိုင်လေသည်။ ဝမ်လန်းကား မိမိ၏လေးလံလှသော ဝန်ထုပ်ဝန်ပိုးကြီးနှင့် အလာတုန်းက ဖြတ်သန်းလာခဲ့ရသော ဘုံဆောင်အခန်းပေါင်း ၁၀၀ ခန့်ကို ပြေး၍ သတိရပြီး "ဘေးကထွက်နိုင်တဲ့ အပေါက်များရှိရင်" ဟု ညည်းတွားလိုက်ရာ သူငယ်မမှာ ဝမ်လန်း ဘာဆိုလိုသည်ကို ရုတ်တရက် နားမလည်လိုက်သကဲ့သို့ ခဏမျှ စဉ်းစားနေပြီးနောက် ခေါင်းညိတ်လိုက်လေ၏။ ထို့နောက် အသုံးမပြုဘဲထားသော ခြံနွယ်ပိတ်ပေါင်းတို့ပင် ပေါက်နေလျက် ရေများလည်း ခန်းခြောက်ကာရှိနေပြီဖြစ်သော ရေကန်ကလေးတစ်ခုရှိသည့် ဘုံဆောင်တစ်ခုအောက်မှ ဖြတ်ပြီးလျှင် လမ်းပြကာ ခေါ်သွားလျက် ကိုင်း၍ ကျနေသော ထင်းရှူးပင်တစ်ပင်အောက်ရှိ ဝင်းတံခါးတစ်ခုသို့ ရောက်ရှိသွားကြလေရာ သူငယ်မသည် တံခါးမင်းတုပ်ကို ဖြုတ်ပေးလျက် နှစ်ယောက်သား ထွက်လာခဲ့ကြသည်တွင် လမ်းပေါ်သို့ ရောက်သွားကြလေ၏။

ဝမ်လန်းသည် သူငယ်မအား တစ်ခါနှစ်ခါလှည့်၍ ကြည့်လေ၏။ သူငယ်မကား မျက်နှာအမူအရာ ပြောင်းလဲခြင်းမရှိ၊ တစ်သက်လုံး ခြေသလုံးအိမ်တိုင် ပြုနေရသူတစ်ဦးပမာ မှန်မှန်ကြီးလှမ်း၍ လိုက်လာနေသည်ကို တွေ့ရ၏။ မြို့တံခါးဝသို့ရောက်သောအခါ ဝမ်လန်းသည် မသေမချာ မရေရာသောစိတ်ကူးဖြင့် ရပ်တန့်လိုက်လျက် လက်တစ်ဖက်က ပခုံးပေါ်မှ သေတ္တာကြီးကိုထိန်းကာ တစ်ဖက်သောလက်က ခါးပတ်တွင် ချိတ်ထားသောပိုက်ဆံအိတ်ကလေးကို နှိုက်၍ကြည့်ပြီးနောက် ပိုက်ဆံနှစ်ပဲနိကို ထုတ်ယူကာ မက်မုံသီးစိမ်းကလေး ၆ လုံး ဝယ်ယူလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ထို့နောက် ...

"ဒါတွေ ယူ ... ရော့ စား" ဟု တိုတိုတုတ်တုတ်ကြီးပြောလိုက်လေသည်။ သူငယ်မလည်း နှစ်သက်ခုံမင်လှစွာဖြင့် လှမ်းယူဆုပ်ကိုင်ထားပြီးလျှင် ကလေးငယ်တစ်ဦးအသွင် ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ လက်ထဲ၌ပင် ကိုင်၍ထားလေ၏။ လယ်ကန်သင်းများပေါ်၌ ဆက်လက်လျှောက်လာခဲ့ကြရင်းက ဝမ်လန်းသည် နောက်တစ်ကြိမ် လှည့်ကြည့်လိုက်သောအခါ မက်မုံသီးတစ်လုံးကို ကိုက်၍လိုက်လာသည့် သူငယ်မအား တွေ့ရပေ၏။ သို့ရာတွင် ဝမ်လန်း လှည့်ကြည့်သည်ကိုမြင်သောအခါ သူငယ်မသည် မက်မုံသီးကလေးကို လက်နှင့်ဖုံးအုပ်လျက် ပါးစပ်မလှုပ်ဘဲ ထားလေ၏။

ဤသို့ဖြင့် ဆက်လက် လျှောက်ခဲ့ကြပြန်ရာ မြေဝသုန်နတ်ကွန်းတည်ရှိသည့် အနောက်ဘက်လယ်ကွက်ထဲသို့ ရောက်လာကြလေ၏။ နတ်ကွန်းမှာ လူတစ်ယောက်၏ ပခုံးလောက်သာမြင့်လျက် အုတ်ဖြင့်ဆောက်လုပ်ကာ အုတ်ကျွတ်မိုးထားလေသည်။ ထိုအဆောက်အအုံကလေးကား ယခု ဝမ်လန်းလုပ်ကိုင်နေသော လယ်များကိုပင် လုပ်ကိုင်ခဲ့ဖူးသည့် ဝမ်လန်း၏အဘိုးကိုယ်တိုင် မြို့မှအုတ်များကို လှည်းနှင့် တင်ယူခဲ့လျက် ဆောက်လုပ်ထားခြင်းဖြစ်၏။ နံရံအင်္ဂတေကိုင်ထားလျက် တစ်နှစ်တွင် ရွာထဲမှ ပန်းချီဆရာတစ်ယောက်ကိုငှားပြီး ဖြူဖွေးသော အုတ်နံရံပေါ်၌ တောင်တန်းများနှင့် ဝါးရုံတောပုံများကို အဆွဲခိုင်းထားခဲ့ဖူးလေသည်။ သို့သော် မိုးလရောက်တိုင်း မိုးရေတို့၏ သွန်းလောင်းခြင်းကို ခံခဲ့ရပြီဖြစ်သောကြောင့် ဆွဲထားသောပန်းချီကားသည် ဆေးများပျက်ပြယ်လျက် တောင်တန်းပုံများမှာ လုံးဝပျောက်ကွယ်၍သွားပြီး ဝါးရုံတောပုံလောက်သာ ခပ်ရေးရေးမျှထင်၍ ကျန်နေလေတော့သည်။

နတ်ကွန်းအတွင်း၌ မိုးလုံလေလုံ အမိုးအကာအောက်တွင် အနီးတစ်ဝိုက်ရှိ လယ်ကွင်းများမှ မြေတို့ဖြင့် ထုလုပ်ကိုးကွယ်ထားသော ဣန္ဒြေသိက္ခာဖြင့် ပြည့်စုံသည့် နတ်ရုပ်နှစ်ရုပ်ရှိ၏။ နတ်သား နတ်သမီးစုံတွဲရုပ်နှစ်ရုပ် ဖြစ်လေသည်။ နတ်ရုပ်များမှာ ရွှေချထားသောစက္ကူနီဖြင့် ပြုလုပ်

mgyoe.com

mgyoe.com

SAMPLE BOOK


သည့် နတ်ဝတ်တန်ဆာများကို ဝတ်ဆင်ထားလျက် နတ်သားရုပ်၌ ဆံပင်အစစ်တို့ဖြင့် တပ်ဆင်ပေးထားသောနတ်ခမ်းမွေး ကျိုးတိုးကျဲတဲများ ရှိလေ၏။ ဝမ်လန်း၏ဖခင်သည် နှစ်စဉ်နှစ်တိုင်း နှစ်ဆန်းပြီဆိုလျှင်ပင် စက္ကူနီများကို ယူလာခဲ့လျက် သေချာစွာကိုက်ဖြတ်ကာ ကော်ကပ်၍ နတ်ရုပ်တို့အား နတ်ဝတ်တန်ဆာ အသစ်လဲ၍ လဲ၍ ပေးလေသည်။ နှစ်စဉ်နှစ်တိုင်းလည်း မိုးကတစ်မျိုး၊ ဆီးနှင်းကတစ်ဖုံ၊ နေပူရှိန်ကတစ်နည်း အမျိုးမျိုးနှိပ်စက်ကြသဖြင့် နတ်ဝတ်တန်ဆာများသည် ပျက်စီးညှိုးမှိန်ကြရပြန်လေသည်။

ယခုအခိုက်အတန့်၌မူ နှစ်မှာ ဆန်းခါစသာရှိသေးသဖြင့် နတ်ဝတ်တန်ဆာတို့သည် သစ်လွင်လျက်ပင် ရှိကြသေး၏။ ဝမ်လန်းမှာ သပ်သပ်ရပ်ရပ် ရှိနေကြသော နတ်ရုပ်များအတွက် အားရမိပေသည်။ ၎င်းသည် သူ့ငယ်မထံမှ လက်ဆွဲခြင်းကို လှမ်းယူပြီး ဝက်သားများအောက်၌ ထည့်ယူခဲ့သော အမွေးတိုင်များကို သေချာစွာရှာလေ၏။ ကျိုးကုန်ကြလျှင် နိမိတ်မကောင်းဟု အယူစွဲကာ တထိတ်ထိတ်ရှိလေ၏။ သို့သော် အမွေးတိုင်များကား မကျိုးမပဲ့၊ နဂိုအတိုင်းရှိကြလေရာ နှိုက်ယူပြီး နတ်ရုပ်များရှေ့ တစ်ရွာလုံးက ပူဇော်ထားသဖြင့် အပုံလိုက်ရှိနေသော အမွေးတိုင်ပြာပုံထဲတွင် နှစ်ခုယှဉ်၍ စိုက်ထားလိုက်လေသည်။ ထိုနောက် မီးခတ်ကျောက်ကို သံချောင်းဖြင့်ခတ်ကာ သစ်ရွက်ခြောက်တစ်ခုကို မီးတို့ပြီး အမွေးတိုင်များအား ထွန်းညှိလိုက်လေ၏။

နှစ်ယောက်သားမှာ နတ်ရုပ်များ၏ရှေ့တွင် ရပ်လျက်ရှိကြလေသည်။ သူ့ငယ်မကား မီးစွဲလျက် နီရာမှ တဖြည်းဖြည်း ဖြူကာ ပြာဖြစ်သွားသော အမွေးတိုင်ထိပ်ဖျားကလေးများကို ကြည့်နေလေ၏။ ပြာတွေ တဖြည်းဖြည်း တက်လာသောအခါ သူ့ငယ်မသည် ပြာတောင့်များကို ကုန်း၍ လက်ညှိုးကလေးဖြင့် ခြွေချလိုက်လေ၏။ ဤသို့ ခြွေချလိုက်ပြီးမှ မိမိ၏ပြုမူချက်မှာ အပြစ်တင်ဖွယ်ရာများ ဖြစ်နေလိမ့်မည်လောဟု ပြူးကြောင်သော မျက်လုံးကြီးများဖြင့် ဝမ်လန်းအား ဆတ်ခနဲလှမ်း၍ ကြည့်လေ၏။ ဝမ်လန်းကား သူ့ငယ်မ၏အပြုအမူကလေးတွင် နှစ်သက်

mgyoe.com

mgyoe.com

SAMPLE BOOK


သဘောကျစရာ အချက်ကလေးတစ်ခု တွေ့သွားလေ၏။ ထိုအချက်ကား လက်ထပ်ပြီးစ ဘာမျှမကြာသေးမီ သူငယ်မ၏စိတ်၌ ဤအမွေးတိုင်များမှာ 'တို့နှစ်ယောက်ပိုင်ပစ္စည်းဖြစ်ပါကလား" ဟူသော ရင်းနှီးသည့် စိတ်ဓာတ် ကိန်းအောင်းနေပြီဖြစ်ကြောင်း တွေ့ခြင်းပင်ဖြစ်ပေသည်။

အမွေးတိုင်များသည် မီးစားခြင်းဖြင့် ပြာဘဝသို့ တဖြည်းဖြည်း ရွေ့လျားပြောင်းလဲနေစဉ် သူတို့နှစ်ယောက်သည်လည်း အတူယှဉ်၍ ငြိမ်သက်တိတ်ဆိတ်စွာ ရပ်နေကြလေသည်။ သို့ဖြင့် နေဝန်းသည်လည်း တဖြည်းဖြည်း နိမ့်လျှောငုံ့လျှိုး၍သွားလေရာ ဝမ်လန်းလည်း သေတ္တာကြီးကို ပြန်ထမ်းကာ နှစ်ယောက်သား အိမ်ဆီသို့ လှမ်းခဲ့ကြလေတော့သတည်း။

အိမ်ဝ၌ အဘိုးကြီးမှာ ဝင်လုဆဲဆဲနေမင်း၏ ရောင်ခြည်ကို ခံလျက်ရပ်နေလေ၏။ ဝမ်လန်းနှင့်သူငယ်မ အနီးသို့ရောက်လာသော်လည်း မလှုပ်မယှက်နေလေသည်။ သူငယ်မအား ကြည့်လိုက်လျှင် လိုက်လျောသွားလိမ့်မည်အထင်ရှိသောကြောင့် ဖြစ်လေသည်။ သို့ဖြစ်လေရာ ချွေးမကိုမကြည့် တိမ်နီတိမ်ညိုများဆီ၌သာ အကြီးအကျယ်စိတ်ဝင်စားနေဟန်ဖြင့် ...

"ဟို လခြမ်းကလေးရဲ့ ဘယ်ဘက်ချိုထိပ်မှာ ညို့နေတဲ့မိုးသားဟာ မိုးရွာတော့မယ့် နိမိတ်ပဲဟေ့ ... မိုးတော့ နက်ဖြန်ညမတိုင်ခင် ရွာတော့မှာပဲ" ဟု အော်ဟစ်နေလေ၏။ သို့အော်ရာက သူငယ်မ၏ လက်မှဆွဲခြင်းကို လှမ်းယူနေသော ဝမ်လန်းကို မြင်သောအခါ ...

"ဟင် ... မင်း ပိုက်ဆံတွေ ကုန်ခဲ့ပြီပေါ့" ဟု အပြစ်တင်လေ၏။

ဝမ်လန်းသည် ဆွဲခြင်းကို စားပွဲပေါ်၌ တင်လိုက်လေ၏။ "ဒီည ဧည့်သည်တွေလာမှာ" ဟု တိုတိုတုတ်တုတ်ပင် ပြောပြီး ၎င်း၏အိပ်ခန်းထဲသို့ သေတ္တာကြီး မ,သွားကာ သူ့အဝတ်အစားတွေထည့်သော သေတ္တာ အနီး၌ ယှဉ်၍ချထားလိုက်လေ၏။ ထိုနောက် အထူးအဆန်းတစ်ခုလို ကြည့်၍နေလေသည်။ ထိုသည့်တိုင် အဘိုးကြီးသည် အခန်းဝသို့ လိုက်လာပြန်လျက် စကားပရိယာယ်ဖြင့် "ဒီအိမ်မှာဖြင့် ပိုက်ဆံဟာ သုံးလို့မဆုံး

mgyoe.com

mgyoe.com
SAMPLE BOOK


နိုင်လောက်အောင် ဖြစ်နေတာပဲ” ဟု မောင်းမဲပြန်လေသည်။

အမှန်စင်စစ် အဘိုးကြီးမှာ သားက ညော့်သည်များဖိတ်ထားပြီဆို၍ စိတ်ထဲတွင် ကြိတ်ကာ အူမြူးနေလေ၏။ သို့ရာတွင် “မြင်းဆိုးမြင်းပေ နမနေနဲ့၊ နောင်ကြဉ်အောင် နှာနု တူနဲ့သာထု” ဆိုသော စကားပုံအတိုင်း ‘တာစလွှတ်ကတည်းက ဘေးကားမသွားအောင်’ အသုံးအစွဲဘက်တွင် ချွေးမသစ်ကလေး ဌာန်ကရိုဏ်းကျသွားစေဖို့ ရမယ်ရှာကာ မောင်းမဲကြိမ်းမောင်းခြင်းသာ ဖြစ်ပေ၏။ ဝမ်လန်းကား ဘာတစ်ခုမျှမပြော၊ အခန်းထဲမှ ထွက်ခဲ့ပြီး စားပွဲပေါ်မှ ဆွဲခြင်းကိုယူလျက် မီးဖိုချောင်သို့ဝင်ခဲ့လေရာ သူငယ်မလည်း နောက်မှ လိုက်သွားလေ၏။ ဝမ်လန်းသည် ဆွဲခြင်းထဲမှ ပစ္စည်းများကို တစ်ခုပြီးတစ်ခုထုတ်လျက် အေးနေပြီဖြစ်သော မီးဖိုနှုတ်ခမ်းပေါ်၌ တင်ရင်း ...

“ဟောဒါက ဝက်သား၊ ဟောဒါက အမဲသား၊ ဒါက ငါး စားမယ့် လူက ၇ ယောက်၊ မင်း ချက်နိုင်ပါ့မလား” ဟု မေးလေ၏။ သို့မေးရာတွင် သူငယ်မ၏မျက်နှာကိုကား မကြည့်ပေ။

“ကျွန်မ ဟိုအိမ်ကြီးကို ရောက်ကတည်းက အချက်အပြုတ်ဘက်မှာ နေရပါတယ်၊ ထမင်းပွဲတိုင်းမှာ အသားဟင်းနဲ့ချည့်ပဲ” ဟု သူငယ်မက ပြေပြစ်သောအသံဖြင့် ဖြေဆိုလေသည်။

ဝမ်လန်းသည် ခေါင်းညိတ်လျက် သူငယ်မကို ထားခဲ့ပြီး ထွက်လာခဲ့သည်မှာ ညော့်သည်တွေ စုပြုံရောက်လာသည့်အချိန်ထိ နောက်ထပ် မတွေ့ရတော့ပေ။ ညော့်သည်များတွင် စကားချိုတ် စကားစောင်း အင်မတန်သုံးတတ်သော လူ့ရှင်တော်ကြီးတစ်ယောက်ဖြစ်သည့် ဝမ်လန်း၏ဦးလေး၊ ၎င်း၏သား ရဲတင်းမျက်နှာပြောင်လှသည့် ၁၅ နှစ်သား လူပျိုပေါက်ကလေးတစ်ဦး၊ အချိုးအစားမကျ ဖွတိုက်တိုက် အဝတ်အစားများဖြင့် ဖြစ်ပယ်စပ် ခပ်ရှိန်းရှိန်းဝင်လာကြသော လယ်လုပ်သားများဖြစ်ပေ၏။ ၎င်းတို့အနက် နှစ်ယောက်သောသူမှာ စပါးရိတ်ချိန်ရောက်လျှင် ဝမ်လန်းထံ၌ သီးစားခလုပ်ကြသူနှစ်ဦးဖြစ်လျက် တစ်ယောက်ကား ဝမ်လန်း၏အိမ်နီးချင်း မပြောမဖြစ်မှ စကားတစ်လုံးလောက် ပြောသည့် စကားနည်းလူအေး

mgyoe.com

mgyoe.com
SAMPLE BOOK



'ချင်း' ဆိုသူဖြစ်ပေ၏။ ဣန္ဒြေမဲ့ အငမ်းမရအဖြစ်မျိုး မရောက်စေရန် ဧည့်သည်များသည် ကုလားထိုင်၌ ရုတ်တရက် ဝင်မထိုင်ကြသေးမူ၍ ဟန်လုပ်ကာ နေကြပြီးမှ နောက်ဆုံးတွင် ကိုယ်စီကိုယ်င ဝင်ထိုင်မိကြသည်တွင် ဝမ်လန်းလည်း ထမင်းပွဲအပြင်ခိုင်းရန် မီးဖိုထဲသို့ ဝင်ခဲ့လေ၏။

"ကျွန်မ ယောကျ်ားတွေရှေ့ ထွက်မလာချင်ဘူး၊ ကျွန်မက ပန်းကန်တွေ ရှင့်ကိုပေးမယ်၊ ရှင်က စားပွဲပေါ်သွားချပါ" ဟု ဇနီးကလေးက ပြောလိုက်သောစကားများကို ကြားရလျှင် ဝမ်လန်းမှာ အလွန်အကြူးဝမ်းမြောက်ပီတိဖြစ်သွားလေ၏။ "သူစိမ်းယောကျ်ားတွေရှေ့ သွားဖို့ကို ရှက်နေပေမယ့် ငါ့ကိုတော့ သူ မရှက်ဘူးဆိုလိုတာပဲ၊ ဒီဟာလေး ငါ ရတယ် ... ဟန်ကျ" ဟု ဂုဏ်တက်မိပေ၏။ ဇနီးကလေး၏လက်ထဲမှ ပန်းကန်ခွက်ယောက်များကို လှမ်းယူရင်း စားပွဲပေါ်၌ သွားချလျက် ကုန်သောအခါ ...

"ကဲ စားကြပေတော့ ဦးလေးတို့ နောင်ကြီးတို့" ဟု တိုက်တွန်းလေ၏။ နောက်ရ ပြောင်ရလျှင် ကျေနပ်သောဦးလေးက "သုံးရက်လ ခုံးမျက်စနဲ့ မင့်မြာကို တို့ မကြည့်ရဘူးလားကွ" ဟု နောက်လိုက်လေသည်။ ဝမ်လန်းက ...

"ကျုပ်တို့ မရင်းနှီးသေးဘူး၊ လက်ထပ်ပွဲမပြီးခင် ဝိုင်းကြည့်လို့လည်း မသင့်တော်ပါဘူး" ဟု ခပ်တည်တည်ကြီး ပြန်၍ ဖြေဆိုလိုက်၏။ ထို့နောက် ဝမ်လန်းသည် ဧည့်သည်များအား ထမင်းဟင်းသုံးဆောင်ကြရန် တိုက်တွန်းလေရာ ဧည့်သည်များလည်း ကောင်းမွန်လှသော စားဖွယ်သောက်ဖွယ်တို့ကို မြိန်မြိန်ကြီးငြိမ်သက်စွာ စားသောက်ကြလေ၏။ "ပဲငံပြာရည်ကလေးနဲ့ စိမ်ထားတဲ့ ငါးဟင်းက တယ်နိုင်ပါကလားဟေ့ ... အရသာ ရှိလှသကွာ၊ ဝက်သားဟင်းကလည်း တယ်လျှာနဲ့တွေ့သကွ" ဟု ချီးမွမ်းစကားထွက်ပေါ်လာတိုင်း ဝမ်လန်းက ...

"ဟင်းတွေက သိပ်မကောင်းလှဘူးဗျာ၊ အစီအမံက တယ်ညံ့" ဟု ဖြေလေသည်။

စိတ်ထဲ၌ကား မိမိဝယ်ပေးသော ဟင်းရံများကို သကြားကလေးနှင့်

mgyoe.com

mgyoe.com SAMPLE BOOK


တစ်မျိုး၊ ရှာလကာရည်ကလေးနှင့်တစ်နည်း၊ အရက်ကလေးနှင့်တစ်ဖုံ၊ ပဲငံပြာရည်ကလေးနှင့်တစ်သွယ် မိမိ၏တစ်သက်နှင့်တစ်ကိုယ် လျှာဖျား တွင် တစ်ခါဖူးမျှ မတင်မတွေ့ရဖူးသော ထူးကဲလှသည့်အရသာကို ဖြစ် စေအောင် လက်မြောက်မြောက်နှင့် စီမံချက်ပြုတ်ပေးလိုက်သည့် ဇနီး သည်အတွက် ဂုဏ်တက်၍နေမိလေ၏။

ထိုည၌ ဧည့်သည်များမှာ လက်ဖက်ရည်သောက်လိုက် ရှုပ်လိုက် နောက်လိုက် ပြောင်လိုက်နှင့် ဖြစ်နေကြသည့်အချိန်တွင် ဝမ်လန်း၏ဇနီး သည်ကလေးမှာ မီးဖိုနား၌ပင်ရှိနေရှာလျက် နောက်ဆုံး ဧည့်သည်များပြန် သွားလျက် ဝမ်လန်း မီးဖိုထဲသို့ ဝင်သွားသောအခါ နွားမတစ်ကောင်၏ ခြေရင်း ကောက်ရိုးပုံထဲ၌ ခွေခွေကလေး အိပ်ပျော်နေရှာသည်ကို တွေ့ရ လေ၏။ ခေါင်းထဲတွင် ကောက်ရိုးတွေဝေနေလျက် ဝမ်လန်းက လှုပ်နှိုး ၍ ခေါ်လိုက်သည့်အခါတွင် အရိုက်ခံရကာနီး ကာကွယ်သည့်သဖွယ် အိပ်မှုန်စုံမွှားနှင့် လက်ကလေးတစ်ဖက်ကို ကပျာကသီ မြှောက်၍ကာထား ရှာလေ၏။ မျက်လုံးများကို ဖွင့်လိုက်သောအခါ ဝမ်လန်းအား ထူးဆန်း၍ စကားမပြောတတ်သော ကြည့်ခြင်းမျိုးဖြင့် စိုက်ကြည့်နေလေရကား ဝမ် လန်းမှာ ကလေးငယ်တစ်ယောက်နှင့် တွေ့နေရသလို အောက်မေ့မိလေ ၏။ ၎င်းသည် ဇနီးသည်၏လက်ကိုဆွဲ၍ ၎င်း၏အခန်းထဲသို့ခေါ်ပြီး စား ပွဲပေါ်၌ ဖယောင်းတိုင်နီကလေးကို ထွန်းညှိလိုက်လေသည်။

ထိုခဏ၌ မီးရောင်ထဲတွင် ၎င်းမှာ မိန်းမတစ်ယောက်နှင့် နှစ်ကိုယ် တည်းရှိနေသည့်အဖြစ်ကို တွေးမိကာ ရှက်လာလေရာ "ဒါဟာ ငါ့မိန်းမ ပဲ၊ ရှက်နိုင်တော့ပါဘူး" ဟု ကိုယ့်ကိုယ်ကို ပြန်၍ အားပေးရလေ၏။

၎င်းနောက် စိတ်တင်း၍ ကိုယ်မှအဝတ်အစားများကို ချွတ်လေ၏။ ၎င်း၏ဇနီးသည်ကလေးကား အခန်းဆီး၏တစ်ဖက်သို့ တွား၍သွားနေ လျက် အိပ်ရာနေရာများကို အသံမထွက်အောင် ခင်းကျင်းပြင်ဆင်လျက် နေရှာ၏။ ဝမ်လန်းက ...

"မင်းအိပ်ရင် မီးငြိမ်းလိုက်" ဟု ပြတ်တောင်းတောင်းကြီး ပြော လိုက်လေသည်။ ထိုနောက် ၎င်းသည် လှဲ၍ အိပ်ချလိုက်ကာ ဂွမ်းစောင်

mgyoe.com

mgyoe.com
SAMPLE BOOK


ကြီးကို ဆွဲခြုံလိုက်ပြီးလျှင် အိပ်ချင်ဟန်ဆောင်၍ နေလေ၏။ အိပ်ပျော်အောင်ကား မအိပ်ပေ။ တစ်ကိုယ်လုံးရှိ အကြောများမှာ ထထကြွကြွရှိနေလျက် တတုန်တုန် တရီရီဖြစ်နေလေ၏။ အတန်ကြာသွားသောအခါ အခန်းသည် မှောင်အတိကျသွားလျက် နံဘေး၌ ဖြည်းညင်း ညင်သာစွာ လှုပ်ရှားလာခြင်းကို တွေ့ရပြီးနောက် ...

ငင်းသည် မှောင်မည်းထဲ၌ အက်ကွဲသောအသံကြီးဖြင့် တစ်ချက်ရယ်လိုက်ရင်း သူငယ်မအား ဆီးပွေ့လိုက်လေတော့သတည်း။

●

mgyoe.com

mgyoe.com SAMPLE BOOK

## (၂)

ဖိမ်ယူ၍ ကောင်းနေလေ၏။ ထိုညလွန်မြောက် အမှောင်ပျောက်၍ မိုးသောက်ရွှေ့လူး တစ်နေ့ကူးလာခဲ့သည့်အခါတွင် ခင်းမွေ့ရာဆောင် လယ်က တီကြွမှ ရုတ်တရက် ထမလာနိုင်သေးဘဲ ပက်လက်တစောင်း ရွှေ့ပြောင်းလွန့်လူးရင်း မိမိ လုံးဝဥသုံ တစ်ကိုယ်လုံးခြုံ၍ ပိုင်ဆိုင်စိုးရ အတိုးချချစ်နိုင်ပြီဖြစ်သည့် တစ်ဖက်မှသူငယ်မကို မျက်စိကသိဏ်းရှု၍ နေမိလေ၏။ သူငယ်မကား စက်ရာမှထခဲ့ပြီးလျှင် ကရော့ကယီ သီကရီနေသော အဝတ်အစားများကိုဆွဲယူလျက် အေးအေးဆေးဆေးပင် ကိုယ်ကလေးဆန့်လိုက် တွန့်လိုက်နှင့် ပြုပြင်နေကာ လည်ပင်းကြယ်သီးကို တပ် ခါးဝတ်ကိုစီးခြင်းပြုဘိ၏။ ထိုနောက် အဝတ်ဖိနပ်ကလေးထဲတွင် ခြေထောက်ကိုစွပ်လိုက်ပြီး ဖိနပ်ကြိုးကို ဖနောင့်တွင် ပတ်ချည်စည်းနှောင်လိုက်လေသည်။ သေးငယ်သော အပေါက်ငယ်တစ်ခုမှ ရက်ကန်းရှည်သလို ထိုးပြူသက်ဆင်းလာသော အလင်းရောင်ကလေးသည် သူငယ်မ၏ ကိုယ်ပေါ်တွင် ကန့်လန့်ဖြတ်ကျထင်နေလေရာ ၎င်း၏မျက်နှာကို မသဲမကွဲတွေ့မြင်ရပေ၏။ ထိုမျက်နှာကား ထူးခြားပြောင်းလဲ ရှက်ကြောက်နေပုံမရ၊ နဂိုမျက်နှာထားအတိုင်းပင် ရှိသည်ဖြစ်၍ ဝမ်လန်းမှာ အံ့ဩခြင်းဖြစ်မိလေသည်။ မိမိအဖို့မူ ပြီးခဲ့သောညမှာ မိမိအား တစ်ခါတည်း ဘဝသစ်သို့ ပြောင်းပစ်လိုက်သလို ဖြစ်နေသော်လည်း ထိုမိန်းမကား ယခု မိမိ၏အိပ်ရာထဲမှ တစ်သက်လုံးကလုပ်လာ၍ မဆန်းတော့သည့်အသွင်

mgyoe.com

mgyoe.com
SAMPLE BOOK


ဖြင့် ထလျက်ရှိ၏။ အဘိုးကြီး၏ချောင်းသံသည် မလင်းသေးသော ဝေလီဝေလင်းအချိန်တွင် ငြီးငွေ့ဖွယ်ကြီး ထွက်ပေါ်လာသောအခါ ဝမ်လန်းက ...

"အဘဆီ ရေနွေးတစ်ခွက်လောက် သွားပို့ချေကွယ်" ဟု ခိုင်းလေသည်။

"လက်ဖက်ခြောက် ခပ်ပြီးတော့လား" ဟု သူငယ်မ၏ ပြန်မေးလိုက်သောအသံမှာ မနေ့ကတုန်းနှင့် ဘာမျှမခြား။ ရုက်သံလည်းမနှောပေ။ ဘာမျှမထူးခြားလှသော ထိုအမေးကလေးမှာ ဝမ်လန်း၏စိတ်ကို နှောက်ကျိ၍ သွားစေလေ၏။ "လက်ဖက်ခြောက်ခပ်မှပေါ့၊ ဘာလဲ မင်းကတို့ ကို သူတောင်းစားတွေများ မှတ်လို့လား" ဟု တုံ့ပြန်မေးလိုက်ချင်၏။ မိမိ၏အိမ်တွင် လက်ဖက်ခြောက်ကို ဘာလောက်မျှဂရုမစိုက်ကြောင်း သူငယ်မအား ထင်စားစေချင်လှ၏။ ဟွမ်၏အိမ်ကြီးတွင်မူ အမှန်ပင် လက်ဖက်ခြောက် ရွက်စိမ်းကလေးတွေကိုခပ်၍ လက်ဖက်ရည်ကြမ်း အမြဲတစေသောက်နိုင်ကြပါပေသည်။ ခိုင်းစေထားသည့် ကျွန်များသော်ပင် ထိုအိမ်ကြီး၌ ရေနွေးကြမ်းသက်သက် မသောက်ကြ၊ သို့သော် ယောက္ခမအိမ်စရောက်သည့် ပထမနေ့မှာပင် ချွေးမဖြစ်သူက ရေနွေးရိုးရိုးမဟုတ်မူ၍ သူတို့အဖို့ ရွှေထက်အဖိုးတန်နေသော လက်ဖက်ခြောက်ကို စေတနာ ရေစီးကမ်းပြိုလိုက်ကာ ခပ်၍သွားပေးခဲ့လျှင် အဘိုးကြီး ဒေါပွလိမ့်မည်ဖြစ်၏။ ၎င်းတို့မှာ ချမ်းသာသူများမဟုတ်ကြ၊ သို့ဖြစ်လေရာ ...

"အဘဖို့ လက်ဖက်ရည်ကြမ်းလား၊ မလုပ်နဲ့ မလုပ်နဲ့ချောင်းဆိုးပိုသည်းနေလိမ့်မယ်" ဟု ပြောလိုက်ရလေ၏။

ထိုနောက်ကား ရခါစ မယားကလေးမှာ မီးဖိုထဲတွင် မီးမွှေးရ၊ ရေနွေးကျိုရနှင့် အလုပ်ရှုပ်နေသည့်အချိန်၌ ၎င်းမှာ အိပ်ရာထဲတွင် ထွေးထွေးနွေးနွေးနှင့် သဘောကျ ကျေနပ်နေလေ၏။ အေးအေးဆေးဆေး မပူမပင် မကြောင့်မကျ နေနိုင်ပြီဖြစ်သဖြင့် အိပ်မြဲအိပ်နေလိုက်ချင်သော်လည်း နှစ်ရှည်လများ မနက်အစောကြီး ထရလေ့ရှိသောအကျင့်ကကိုးလိုးကန့်လန့်လုပ်နေသည့်အတွက် မိုက်မဲအပါးမဝလှသော အတွေ့ဆော

mgyoe.com

mgyoe.com
SAMPLE BOOK


ကြီးမှာ ထပ်လော၍ နောက်တစ်ကြိမ် မှိတ်အိပ်သည့်တိုင် အိပ်မပျော်တော့ပေ။ သို့ဖြစ်လေရာ အပျင်းကိုဖိမ်ခံလျက် စားမြုံ့ပြန်စရာရှိတာကလေးတွေကို စားမြုံ့ပြန်အရသာယူရင်း လဲလျောင်း အပျင်းဆန့်၍သာနေလေ၏။

ထိုအချိန်အထိ သူငယ်မအကြောင်း တွေးလိုက်တိုင်း ခပ်ရှိန်းရှိန်းဖြစ်နေလေသေး၏။ တစ်ဝက်လောက်သောအချိန်မှာ သူ့လယ်တွေအကြောင်း စိတ်ရောက်သွားလိုက်၊ ဂျုံစေ့တွေအကြောင်း စဉ်းစားလိုက်၊ မိုးကျ၍ စပါးရိတ်သိမ်းချိန်သို့ရောက်လျှင် ဘယ်လောက်များမှ ထွက်ပါ့မလဲဟု မှန်းကြည့်လိုက်၊ ထိုနောက် သူ့အိမ်နီးချင်း 'ချင်း' ထံမှ မုန်လာဥဖြူမျိုးစေ့များ ဈေးကိုက်လျှင်ဝယ်ဖို့ စိတ်ကူးကြည့်လိုက်နှင့်ပင် ကုန်၍သွားပေ၏။ သို့သော် နေ့စဉ်နှင့်အမျှ အတွေးနယ်ချဲ့ခဲ့ဖူးပြီဖြစ်သော ထိုကိစ္စတွေအကြားမှ "ငါ အခု ဘယ်လိုအဖြစ်မျိုးရောက်နေပါလိမ့်မလဲ" ဆိုသောအတွေးမှာ ယက်ကန်းဖောက်သလို ငုပ်ချည် ပေါ်ချည်နှင့် တိုးဝှေ့ခေါင်းပြူထွက်ပေါ်လာပြန်ရကား ထိုခဏ၌ ညကအဖြစ်ကို ပြန်သတိရမိသွားလျက် "သူ ငါ့ကို မေတ္တာမှရှိရဲ့လား" ဟူသော သိလိုစိတ်များသည် တဖွားဖွားပေါ်ပေါက်လာလေ၏။ ပထမကမူ ငါ သူ့ကို ကြိုက်နိုင်ပါ့မလား၊ ငါ့အိုးငါ့အိမ်မှာ သူ ပျော်ပိုက်နိုင်ပါ့မလား" ဟူသော မေးခွန်းကိုသာ ထုတ်ခဲ့မိလေသည်။ မျက်နှာမှာ မျက်နှာပြားဖြစ်လျက် လက်ဖဝါးတို့သည် ကြမ်းတမ်းခက်တရော်ခြင်း ရှိကြကုန်သော်လည်း လုံးရှယ်ထွားပျိုလှသည့် ခန္ဓာကိုယ်မှ အသားစိုင် အသားခဲတို့မှာမူ ဝွမ်းပုံကြီးများတွေ့ထိလိုက်ရသလို ပျော့အိနူးညံ့ အထူးအံ့စဖွယ် ဘယ်ယောကျာ်း ဘယ်ငနဲမှ လက်မရဲ နယ်မကျူးရသေးသည့် အတွေ့ထူးလှသော မလိုင်ဆီအနှစ်ခဲလိုဖြစ်နေရကားဝမ်လန်းမှာ ထိုအဖြစ်ကို တွေးမိသွားသည်နှင့်တစ်ပြိုင်နက် ညဦးတုန်းကဘယ်ခြောက်ကာ ညာလှမ်းခါနီး ရယ်နည်းမျိုးဖြင့် လေးလေးပင်ပင် သံပြတ်ကြီး ရယ်လိုက်မိပြန်လေ၏။ ထိုအိမ်ကြီးက သူဌေးသားမြေး လူလော်မာ တဏှာအိုးကလေးတွေကား မျက်နှာပြား ကျွန်မကလေး၏ ကောင်းကွက်ကို ကျူးကျော်၍ မမြင်သိရှာကြတကား။ သူငယ်မ၏ ကိုယ်လုံးကိုယ်ပေါက်ကား အဆစ်အမြစ်ကြီးသည် မှန်သော်လည်း နူးညံ့ပျော့အိ ငါးရံ့

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ်လို ရှိဘိ၏။ ထိုခဏ၌ သူငယ်မ၏ မေတ္တာအချစ်ငွေ့ကို ပြင်းစွာ အလိုရှိ တောင်းတမိလေရာ ရှိန်းတိန်းတိန်းဖြစ်လျက် လိပ်ပြာရက်လာလေသတည်း။

တံခါးပွင့်လာပြီး အငွေ့တထောင်းထောင်းထနေသော ရေနွေးပန်းကန်ကို လက်နှစ်ဖက်ဖြင့်ကိုင်လျက် သူငယ်မသည် သူ့နဂိုဓလေ့အတိုင်း ဖြည်းညင်းညင်သာစွာ ဝင်လာလေ၏။ ဝမ်လန်းသည် အိပ်ရာမှထထိုင်ပြီး ပန်းကန်ကို လှမ်းယူလိုက်လေသည်။ လက်ဖက်ခြောက်ရွက်ကလေးများသည် ရေနွေးပေါ်တွင် ပက်လက်မှောက်ခုံ ပေါလောပေါ်လျက် ရှိကြပေ၏။ ဝမ်လန်းသည် ဇနီးသည်အား ဆတ်ခနဲလှမ်းကြည့်လိုက်ရာ သူငယ်မမှာ ရုတ်တရက် ထိတ်သွားပြီး ...

"အဘကို ကျွန်မ လက်ဖက်ရည်ကြမ်းမပေးဘူး၊ ရှင်ပြောသလို လုပ်တာပဲ၊ ရှင့်ဖို့တော့ ကျွန်မ"

မိမိအား ကြောက်လန့်သွားကြောင်း ဝမ်လန်း မြင်ရလျှင် သဘောကျသွားလျက် ဇနီးသည်၏ စကားမဆုံးမီပင် "ငါ ကြိုက်ပါတယ် ငါ ကြိုက်ပါတယ်" ဟု ဝင်ထောက်လိုက်ကာ လက်ဖက်ရည်ကြမ်းပန်းကန်ကို ပါးစပ်တွင်တေ့၍ ကျေနပ်ကျယ်လောင်သော 'ရှူရှတ်' သံဖြင့် သောက်ချနေသတည်း။

၎င်း၏ ရင်ထဲ၌ကား "ငါ့မိန်းမ ငါ့ကို အတော်ချစ်သားပဲ" ဟူသော အားရရွှင်မြူးလာသည့် အသိဉာဏ်အလင်းဟာဒယအား စိတ်ဓာတ်၌ ထည့်သွင်းထွန်းလင်းထားလိုက်ဖို့ရန်ပင် ရက်တက်တက်ဖြစ်နေလေသတည်း။

* *

ရက်တွေကဟောင်း လတွေက ဟောင်းလာသော်လည်း မယားကလေးကိုသာ တကြည့်ကြည့်နေချင်စိတ်ပေါက်နေမိလေသည်။ တကယ်တမ်းကား ၎င်းမှာ ယခင်တုန်းကလိုပင် အလုပ်နှင့်လက် မပြတ်ရှာပေ။ ပေါက်ပြားကိုထမ်းလျက်၊ လယ်ကွင်းထဲကိုဆင်းလျက်၊ မျိုးစေ့ကို ကြဲလျက် နွားကို ထွန်တုံးတွင် တင်လျက်၊ ထွန်တုံးဖြင့် ကြက်သွန်ဖြူ နီ

mgyoe.com

mgyoe.com
SAMPLE BOOK


ခင်းတွေကို ထွန်ယက်လျက်ဖြင့်သာ နေလေ၏။ သို့သော် အလုပ်လုပ်ရခြင်းတွင် ငြီးငွေ့စရာမရှိ။ နေကလေးစောင်း၍ ထွန်တုံးကိုဖြုတ်ကာ အိမ်ပြန်ရောက်သွားသည်ဆိုလျှင်ပင် ထမင်းပွဲကအဆင်သင့်၊ စားပွဲလည်း လှဲကျင်းပြီးသား၊ ပန်းကန်နှင့် တူကလေးများလည်း သပ်သပ်ရပ်ရပ် ချထားပြီးသား တွေ့ရ၏။ အထက်ထက်ကမူ မောမောပန်းပန်းနှင့် အိမ်ပြန်ရောက်လာသည့်တိုင် ကိုယ်တိုင်ဝင်၍ချက်ပြုတ်နေရပြန်လေသည်။ အဘိုးကြီး စောစောစီးစီးဆာ၍ သူ့ဘာသာသူ ပေါင်မုန့်ကလေးဖုတ်၊ ဟင်းကလေးချက်ထားနှင့်မှသာ မီးဖိုချောင်အလုပ်မှ လွတ်ရ၏။

ယခု ဘာရှိရှိ ရှိတာကလေးပင် အဆင်သင့် ခူးခပ်ပြင်ဆင်ပြီးသား တွေ့ရလျက် အလုပ်မှ ပြန်လာလျှင်လာချင်း စားပွဲတွင် ကျကျနနထိုင်ကာ တစ်ခါတည်း စားနိုင်တော့၏။ အမှိုက်သရိုက်လည်း မြေကြမ်းပြင်မှ လှဲကျင်းသုတ်သင်ပြီးသား၊ ထင်းပုံလည်း ထင်းခွေ၍ ထည့်ပြီးသားရှိနေ၏။ မယားသည်ကား သူအလုပ်ခွင် ဆင်းသွားလျှင်ပင် ဝါးထွန်ခြစ်တစ်ချောင်းနှင့် ကြိုးတစ်ချောင်းကိုင်လျက် ရွာနီးချုပ်စပ်သို့ လှည့်တဲ့ကာ မြက်ရိတ်၊ ထင်းခွေပြီး မွန်းတည့်လောက်တွင်မှ ညစာအမီ ချက်နိုင်လောက်အောင် ထင်းအပြည့်နှင့် အိမ်ပြန်ရောက်လာသည်။ သို့ဖြစ်လေရာ ထင်းအဝယ်ရ သက်သာသွားလျက် လင့်သဘောနှင့် လိုက်လျောညီညွတ်လျက် ရှိပေ၏။

မွန်းတိမ်းလောက်တွင် တစ်ဖန် သူငယ်မသည် ပေါက်ပြားနှင့် ခြင်းတောင်းတစ်လုံးကိုထမ်းလျက် မြို့သွားသည့် ပေတစ်ရာလမ်းမကြီးသို့ ထွက်တဲ့ပြန်ကာ ကုန်တွေတင်၍ ဥဒဟိုသွားလာနေကြသော မြင်း၊ လား၊ မြည်းသတ္တဝါတို့မှ စွန့်ပစ်ထားခဲ့သည့် မြင်းချေးများကို စုဆောင်းသယ်ယူခဲ့လျက် လယ်တွေ ဩဇာတက်ရန်ကြံဖို့ တံခါးဝတွင် စုပုံထားလေ၏။ သို့လုပ်ရာတွင် စကားလည်း ပြောမနေ၊ သူ့အား ဒါတွေလုပ်ဟုလည်း မခိုင်းရပေ။ ထိုနောက် နေစုတ်စုတ်ဝင်သွားသည့်တိုင်အောင် အလုပ်နှင့်လက် အပြတ်မထား၊ နွားကိုအစာကျွေး၊ ရေသောက်ချင်လျှင် အော်မနေရအောင် ရေလည်း အသင့်ခပ်လျက် ထည့်ပေးထားပြန်၏။

ရင်းပြင် အဝတ်စုတ် အဝတ်ဟောင်းများကို စုပြန်လျက် ချည်ခင်

mgyoe.com

mgyoe.com

SAMPLE BOOK


ထွေးကြီးတစ်ခုမှ ယက်ပေါက်ငင်၍ ရစ်ယူထားသော အပ်ချည်ဖြင့် ဆောင်းတွင်းအတွက် အင်္ကျီများရအောင် စပ်ဖာချုပ်လုပ်ပြန်လေ၏။ အိပ်ရာခင်းတွေ၊ စောင်တွေ၊ မွေ့ရာတွေကို နေပူလှမ်းလျက် ဝှမ်းစောင်များတွင် ငြိတွယ်နေသော အမှိုက်သရိုက်များကို ဖယ်ရှားသုတ်သင်ကာ ရေစိမ်ဖွတ်လျှော် ဝါးလုံးတင်၊ နေပူလှမ်း အကြိုအကြားမှန်သမျှ၌ မြို့တည်ကာ ပေါက်ဖွားဟန်ကျနေကြပြီးလျှင် ညအိပ်ရာဝင်မှာ ပုန်းရာမှထွက် စည်းစိမ်ကိုဖျက်ကြသည့် သွေးဝဗိုက်ပူ အဆီထူ အပေါက်ကောင်းတွေ့နေကုန်ကြသော ပုကွကွ မည်းပြောင်ပြောင် သူရဲကောင်းကြမ်းပိုး(ဂျပိုး)အုပ်ကို ထိုးသုတ်ရှာဖွေ နင်းနိမ်သတ်ပစ်ရနှင့် သူ့ခမျာမှာ နားရသည်မရှိပေ။ နေ့ရှိသရွေ့ တစ်လုပ်ပြီးတစ်လုပ် ဇယ်ဆက်သလိုလုပ်သွားသည်မှာ အခန်းသုံးခန်းစလုံး သန့်ရှင်းပြောင်လက် စီးပွားပင်တက်လာသလိုလို ထင်မှတ်ရပေ၏။ အဘိုးကြီး၏ ပန်းနာရောဂါသည်လည်း သက်သာလျော့ကျလာလျက် အဘိုးကြီးမှာလည်း အိမ်ခြေရင်းဘက်တွင် နေပူစာကလေးများလှူရင်း အကျေနပ်ကြီးကျေနပ်လျက် မှိန်းနေတတ်သည်ကို တွေ့မြင်ရပေသတည်း။

သို့ရာတွင် ထိုသူငယ်မကား ပြောရေးဆိုဖွယ် ရှိလာသည့်အခါမှ တစ်ပါး စကားတစ်လုံးမျှမပြော၊ ခတ်မဆိတ်သာနေလေ့ရှိ၏။ ဝမ်လန်းမှာ အခန်းတစ်ခုမှတစ်ခု ဖြည်းဖြည်းနှင့် လေးလေးမှန်မှန် သွားလာကူးသန်း အလုပ် လုပ်နေရှာသော သူငယ်မ၏ ရွံ့ကြောက်သလိုလိုမျက်လုံး၊ ရိုးသားအ,ထိုင်း ဟန်ပန် အမူအရာကင်းသော မျက်နှာကလေးကို တိတ်တဆိတ် အကဲခတ်ကြည့် ကြည့်နေသော်လည်း ဘာမျှ ပြောဆိုခေါ်ငင် ခိုင်းစေခြင်း မပြုပေ။ ညဘက်ရောက်လျှင်သာ သူငယ်မ၏ နူးညံ့တောင့်တင်းလှသည့် ကိုယ်အင်္ဂါဖြင့် မေ့မူးကာနေလေ၏။ သို့သော် နေ့ဘက်များတွင်မူ သူသုံးသပ်မြင်တွေ့ပြီးသော သူငယ်မမှာ သစ္စာဖြောင့်မတ် နူတ်နည်းငြိမ်သက်လှသည့် အစေခံမကလေးတစ်ဦးသဖွယ်သာ ဖြစ်နေလေ၏။ သို့ဖြစ်လေရာ "မင်း ဘာပြုလို့ စကားမပြောမဆိုနေတာလဲ" ဟူ၍ မေးနေဖို့ပင် မလိုတော့၊ သူ့အလုပ်နှင့်သူကား ကျေပွန်ပြီး ရှိနေလေ၏။

mgyoe.com

 mgyoe.com SAMPLE BOOK 

တစ်ခါတစ်ရံ လက်ထဲတွင် မြေစိုင်ခဲများ ညှိရင်းက သူငယ်မ အကြောင်းကို စိတ်ရောက်သွားမိလေ၏။ "သူ ဟိုအိမ်ကြီးကအဆောင်တွေ တစ်ရာကျော်ထဲမှာ ဘယ်လိုဟာတွေများ တွေ့ကြုံခဲ့ရပါလိမ့်၊ ငါနဲ့အတူတူ မနေရခင်တုန်းက သူ့ဘဝဟာ ဘယ်လိုဘဝမျိုးဖြစ်နေပါလိမ့်" ဟု တွေး တောနေမိလေ၏။ တွေးလေ ဝေးလေသာဖြစ်နေ၏။ ထိုနောက်ကား ရှုပိုး ထိုးနေသော သိချင်စိတ်နှင့် သူငယ်မအပေါ် စိတ်ဝင်စားနေမိခြင်းများကို ကိုယ့်လိပ်ပြာကိုယ်ရှက်၍ လာလေ၏။ အဆုံးတွင်မူ သူငယ်မမှာ မိန်းမ သားတစ်ယောက်ပင် ဖြစ်ပေတကား။

သို့သော် အလုပ်ရှုပ်လှသော အိမ်သူတစ်ယောက်၏ အခန်းသုံးခန်း ကို ရှင်း၊ တစ်နေ့ ထမင်းနှစ်ကြိမ်ချက်ပြုတ်ရသော တာဝန်သည် ထိုအိမ် ကြီး၌ ကျွန်အလုပ်လုပ်ခဲ့ရ၍ နေထွက်မှ နေဝင်အထိ မအားမလပ်ခဲ့သော သူငယ်မအဖို့ကား ဘာလောက်မျှ မရှိပေ။

တစ်နေ့တွင် မှည့်အက်နေပြီဖြစ်သော ဂျုံစေ့တွေကို မျိုးကြဲရခြင်း၊ ပေါက်ပြားတစ်လက်ဖြင့် ထယ်ယက်ရခြင်းတို့ဖြင့် ဝမ်လန်းမှာ ခါးတစ်ခု လုံးကို ကိုက်ခဲညောင်းညာ ပင်ပန်းလျက်ရှိနေစဉ် အရိပ်တစ်ခုသည် ၎င်း ကုန်း၍ ယက်ထွန်နေသည့် ထယ်ကြောင်းပေါ်၌ ကျရောက်လာ၍ လှည့် ကြည့်လိုက်ရာ ပေါက်ပြားတစ်လက်ကိုထမ်း၍ ရှေ့၌ ရောက်လာသော သူငယ်မအား မြင်ရပေ၏။

"အိမ်မှာ မိုးမချုပ်ခင်အထိ ဘာမှလုပ်စရာမရှိလို့" ဟု တိုးတိုးပင် ပြောပြီး နောက်ထပ်စကားတစ်စုံတစ်ရာမပြောဘဲ သူမသည် ဝမ်လန်း၏ ဘယ်ဘက်မှ ထယ်ကြောင်းကို ပေါက်ပြားဖြင့် ထွန်ယက်နေလေ၏။

နွေပေါက်စ ပူ၍ကောင်းချိန်ဖြစ်ရကား နေရောင်သည် နှစ်ယောက် သားအပေါ်သို့ ချစ်ချစ်တောက် ကျရောက်နေလေရာ မကြာမီပင် ချွေး ပေါက်တို့သည် သူငယ်မ၏မျက်နှာမှ တစ်ပေါက်ပြီးတစ်ပေါက် ကျဆင်း လာလေ၏။ ဝမ်လန်းမှာ အင်္ကျီကိုယ်တုံးလုံးနှင့်ဖြစ်လျက် သူငယ်မမှာမူ ၎င်း၏ ပါးလှသောအင်္ကျီသည် ပခုံးနှင့် ကျောပြင်၌ ချွေးရွှဲကာ အသားပြင် နှင့် ကပ်၍နေလေ၏။ နှစ်ယောက်သားကား စကားမပြောကြဘဲ စည်း

mgyoe.com

mgyoe.com

SAMPLE BOOK


ချက်ညီညီ ခြေညီညီချလျက် ရွှေ့လျားပေါက်ဆွ၍လာခဲ့လျက် ဝမ်လန်းမှာ လုပ်ဖော်ကူဘက်ကလေးတစ်ယောက်တိုးလာသဖြင့် မောရပန်းရမှန်းပင် မသိတော့ပေ။ ထွေထွေထူးထူး ဘာမျှစိတ်မကူးမိသော်လည်း ၎င်းတို့ကို ထမင်းကျွေးလာခဲ့သော ဤမြေမွှန်ဝသုန်ကြီးကိုလည်း တစ်လှာပြီးတစ် လှာ တစ်ချပ်ပြီးတစ်ချပ် အစိုင်လိုက် အခဲလိုက် ပေါက်ဆွထိုးလှန် ထွန် ချက်ပန်နေကြခြင်းကိုတွေးမိရင်း ဤသို့ပေါက်ဆွတူးလန် ကျင့်ချင်သလို ကျင့်သမျှ ငြိမ်ငြိမ်ကလေးခံနေရှာသည့် ဝသုန်ခမြာ မြေမျက်နှာကြီးကိုပင် ကြင်နာသက်ဝင်သလိုလို ခင်မင်သနားသလိုလိုဖြစ်လာလေ၏။ ဩဇာ ဓာတ်ဝင်နေသည့် မြေပွင့်လှာတို့သည် ပေါက်လိုက်သည့်ထွန်သွားတွင် ကားခနဲပါလာကာ တစ်ဖက်တွင်ကျလေ၏။ တစ်ခါတစ်ရံ အုတ်ကျိုး အုတ်ပဲ့ကလေးများကို တူးမိလျက် ရံဖန်ရံခါ သစ်စကလေးများကို ဖော်မိ လေ၏။ ဤကား ဘာမျှမဟုတ်သေးပေ။ ရှေးအထက်ကျော်ကာရီ နှစ် ဘာဂီတွေ မရွှမ်းခဲ့မီက ထိုနေရာ ထိုဌာနတွင် လူတို့၏ခန္ဓာကိုယ်တန်ဆာ ပုပ်တို့ကို တူးမြှုပ်ခဲ့ကြ၏။ အိမ်တို့သည် ယိုင်လဲပြိုကျ မြေဘဝသို့ပြောင်း ခဲ့ကြ၏။ ထိုနည်းတူ မိမိတို့၏အိမ်များသည်လည်းကောင်း၊ မိမိတို့၏ ခန္ဓာကိုယ်များသည်လည်းကောင်း၊ တစ်နေ့တွင် မြေကြီးဘဝသို့ ပြောင်းရ ဦးမည်မှာမလွဲ မြေကြီးတွင် ဓာတ်သိမ်းကြရမည့် အလှည့်အချိန်သည် လူတိုင်းလူတိုင်းအား ဆွဲယူရန် စောင့်လင့်လျက်ရှိ၏။

နှစ်ယောက်သားကား စကားမပြော အတူတူရွှေ့လျားလျက် အတူ တူ ထွန်ယက်လျက် ဤမြေကြီးမှ အသီးအနှံတွေ ဖွံ့ဖြိုးအောင်မြင်ရေးကို ကြိုးပမ်းလျက်ရှိနေကြသတည်း။

တောင်ရိပ်တွင်နေကွယ်၍သွားလေလျှင် ဝမ်လန်းသည် ခါးကိုဆန့် လျက် မယားသည်အား ကြည့်လေ၏။ သူ့ငယ်မ၏မျက်နှာကား ချွေးသံ တွေ၊ ဖုတ်မြူတွေဖြင့် အလိမ်းလိမ်းကပ်နေလေ၏။ တစ်ကိုယ်လုံးမှာ မြေ ရောင်လို ညိုမှောင်ကာခွဲမရအောင်ရှိနေလေသည်။ ချွေးတို့ဖြင့် ရွှဲစိုနေသော အဝတ်အစားတို့သည်လည်း အသားတွင်ကပ်၍ နေကြလေသည်။ သူ့ငယ် မသည် နောက်ဆုံးပြီးစီးခဲ့သော ထယ်ကြောင်းကို နေးကန်စွာ အချောသပ်

mgyoe.com

mgyoe.com
SAMPLE BOOK


လျက်ရှိ၏။ ထိုနောက် တသုန်သုန်မြူးလျက်ရှိသည့် ညနေအေးလေသံထဲတွင် သူငယ်မသည် မူလကထက်ပို၍ သာယာပြေပြစ်လှသောအသံဖြင့်...

"ကျွန်မ ကလေးရှိနေပြီ" ဟု တဲ့တိုးကြီး ပြောလိုက်လေသတည်း။

ဝမ်လန်းမှာ ကျောက်ရုပ်လို ရပ်၍နေမိလေသည်။ ပြန်ပြောရန်လည်း ဘာစကားမျှ ရှာမတွေ့တော့။ သူငယ်မသည် ထယ်ကြောင်းထဲမှ အုတ်ခဲကျိုးတစ်ခုကိုကောက်ကာ အပြင်သို့လွှင့်ပစ်လိုက်၏။ "ဟောဒီမှာ ရှင့်ဖို့လက်ဖက်ရည်" ဟု လက်ဖက်ရည်ပေးလာစဉ် ပြောသည့်စကားမျိုးသို့မဟုတ် "ကျွန်မတို့စားနိုင်ပြီ" ဟူသောစကားကို ပြောလိုက်သကဲ့သို့သူငယ်မအဖို့တွင် ထိုစကားမှာ မထူးဆန်းလှပေ။ ရိုးနေသလိုပင် ဖြစ်နေ၏။ သို့သော် ဝမ်လန်းအဖို့မှာမူ ထိုသတင်းက မည်သို့ကလိလိုက်သည်ကို မပြောတတ်လောက်အောင် ရှိလေ၏။ နှလုံးသည်းပွတ်တို့သည် ကွဲအက်စုတ်ပြတ်ကြကုန်လျက် တစ်ခါတည်း အခုန်ရပ်သွားဘိသကဲ့သို့ ထင်မှတ်လိုက်ရလေ၏။ "အင်း ... တို့ခန္ဓာကိုယ်နဲ့ တို့မြေကြီး ပေါင်းစပ်ဖို့နီးလာပကောလား" ဟုလည်း အောက်မေ့မိတော့၏။

၎င်းသည် ဇနီးသည်ကလေး၏ လက်ထဲမှ ပေါက်ပြားကို လျင်မြန်စွာ ဆွဲယူလိုက်ပြီး လည်ချောင်းထဲတွင် တစ်ဆို့နေသော အသံဖြင့် ...

"ကဲ တော်ကြပါစို့ကွယ်၊ နေကုန်ပါပြီ အဘိုးကြီးလည်း ပြောကြရအောင်" ဟု ပြောဆိုကာ နှစ်ယောက်သား အိမ်ဘက်သို့ လှမ်းခဲ့ကြလေ၏။ သူငယ်မကား မယားကောင်းတို့ထုံးစံ၊ လင့်နောက်မှ ခြောက်လှမ်းလောက်ခွာ၍ လိုက်ခဲ့လေ၏။ အဘိုးကြီးကား ညစာအတွက် ဆာလှပြီဖြစ်သော်လည်း ချွေးမတစ်ယောက်ရနေပြီဖြစ်၍ ယခင်ကလို ကိုယ်တိုင်ဝင်မချက်မပြုတ်တော့ဘဲ တံခါးဝမှရပ်၍ စောင့်မျှော်နေလေ၏။ စိတ်တိုနေပုံရလျက်

"ဒါလောက်တောင် အဆာခံနေရအောင်က ငါ အိုလှပြီဟဲ့" ဟု မောင်းမဲဆူပွက်လေ၏။ ဝမ်လန်းက အဘိုးကြီးအနီးမှဖြတ်၍ အခန်းထဲဝင်ရင်း ...

"သူ ကလေးရှိနေပြီ" ဟု ပြောလေ၏။ သို့ပြောရာတွင် "ဒီကနေ့အနောက်ဘက်ကွင်းတွေမှာ ကျုပ်မျိုးကြဲခဲ့ပြီ" ဟူသော စကားမျိုးပြောရ

mgyoe.com

mgyoe.com
SAMPLE BOOK


သလို မတုန်မလှုပ်အောင် ကြိုးစား၍ ပြောစေကာမူ ပြော၍မရ၊ အသံကို နှိမ့်၍ ခပ်တိုးတိုးပင် ပြောလိုက်သော်လည်း ၎င်း၏စိတ်ထဲ၌ကား ခုနစ်သံ တက်၍ အော်လိုက်ရဘိသကဲ့သို့ နုံးချိ၍သွားလေ၏။

အဘိုးကြီးကား မျက်လုံးကလေး မှိတ်တုတ် မှိတ်တုတ်လုပ်နေရာမှ ခဏအကြာတွင် နားရေလည်သွားဘိသကဲ့သို့ ဟက်ဟက်ပက်ပက်ကြီး ဟစ်၍ ရယ်မောရင်း ...

"ဟဲ့ ဟဲ့ ... ဒီလာစမ်းပါဦး ချွေးမရဲ့၊ ခုလိုဆိုရင် တို့အမြတ်အစွန်း ကလေး မြင်ရပြီဆိုပါတော့" ဟုအနီးရောက်လာသော ချွေးမအား ပြောဆို လေ၏။ သူငယ်မ၏မျက်နှာကိုကား မှောင်နေသဖြင့် မမြင်ရပေ။ သူငယ်မ က "ကျွန်မ ထမင်းချက်ချေဦးမယ်" ဟု ပြောလေ၏။

"အေး ... အေး ... ထမင်း" ဟု စိတ်ပါလက်ပါပြောရင်း မီးဖိုချောင် ထဲသို့ ဝင်သွားသော ချွေးမနောက်မှ ကလေးလိုကပ်၍ လိုက်သွားလေ၏။ မြေးတစ်ယောက်ရတော့မည့်သတင်း ကြားရစဉ်က ထမင်းကို ချက်ချင်း မေ့သွားသကဲ့သို့ပင် ထမင်းပူပူ ဟင်းပူပူ စားရတော့မည့်အကြောင်း ကြား ပြန်သောအခါ မြေးအကြောင်း မေ့သွားပြန်လေ၏။

ဝမ်လန်းကား မှောင်ကြီးမည်းကြီးထဲ လက်မောင်းနှစ်ခုပေါ် ခေါင်း တင်ကာ စားပွဲဘေးကခုံကလေးပေါ်တွင် ငုတ်တုတ်ကြီးထိုင်၍နေလေ၏။

"သူ့အသွေး သူ့အသားထဲမှ အသက်တစ်ချောင်းတိုးပွား၍ လာပေ တော့အံ့ ..."

●

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

မျက်နှာမြင်ဖို့ရက် တဖြည်းဖြည် နီးလာသောအခါ ဇနီးသည် ကလေးအား "ဟိုအခါကျ မင့်အကူအညီရအောင် တစ်ယောက်ယောက် တော့ ရှိမှဖြစ်လိမ့်မယ်၊ မိန်းမဖော်တစ်ယောက်လောက်" ဟု တိုင်ပင်ရာ သူငယ်မက ခေါင်းခါပြလေ၏။ ၎င်းမှာ ညစာ ထမင်းစားပြီး၍ ပန်းကန် ခွက်ယောက်များကို သယ်ယူနေခိုက်ဖြစ်လေ၏။ အဘိုးကြီးကား အိပ်ရာ ဝင်သွားလေပြီ။ သူတို့နှစ်ယောက်သား မှိတ်တုတ်မှိတ်တုတ်နှင့် မျက် တောင်ခတ်နေသည့် ဆီမီးခွက်ကလေး၏ မှေးမှိန်သော အလင်းရောင်တွင် ကျန်ရစ်ခဲ့ကြလေသည်။

"ဘာ ... မိန်းမဖော်မလိုချင်ဘူး ဟုတ်လား" ဟု အံ့အားသင့်၍ ထပ်မေးလိုက်လေ၏။ ယခုအခါ ဝမ်လန်းမှာ စကားပြောရသည့်အခါများ တွင် လက်ဟန်ခြေဟန်နှင့်သာပြောလျက် နောက်ဆုံး မတတ်သာတော့မှ နှုတ်မှ စကားတစ်လုံး မထွက်ချင်ထွက်ချင် ထွက်ပေါ်ရသော ဇနီးသည် ကလေး၏ လက်ပြခြေပြစကားပြောနည်းကို နားလည်ကျင့်သားရနေပြီ ဖြစ်ပေ၏။ ဇနီးသည် လက်ဟန်ခြေဟန်နှင့် ပြောသမျှ မိမိ နားမလည်တာ ဘာမျှမရှိဟု မိမိကိုယ်ကို ထင်မိ၏။

"ဒီလိုဆိုရင် ဒီအိမ်မှာ တို့ယောကျ်ားနှစ်ယောက်တည်းနဲ့ ပွတိုက်နေ လိမ့်မယ်ကွ" ဟု ဆက်လက်ပြောကာ "ငါ့အမေ ခေါ်ခေါ်ခိုင်းဖူးတဲ့ မိန်းမ တစ်ယောက်တော့ ဒီရွာမှာရှိတယ်၊ ငါတော့ ဒီကိစ္စတွေမှာ ဘာမှ နား

mgyoe.com

mgyoe.com SAMPLE BOOK


မလည်ဘူး၊ ဟိုအိမ်ကြီးမှာကော တစ်ယောက်မှမရှိဘူးလား၊ ဒီလာနိုင်မယ့် မင်းနဲ့ခင်တဲ့ အစေခံကြီးကြီးထဲကလေ"

ဇနီးသည်နေခဲ့ဖူးသည့် ထိုအိမ်ကြီးအကြောင်း စကားထဲထည့်ပြောမိသည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ပေသည်။ သူငယ်မသည် ဝမ်လန်းအား တစ်ခါဖူးမျှ မကြည့်ခဲ့ဖူးသော ကြည့်ခြင်းမျိုးဖြင့် လှည့်ကြည့်လေ၏။ ၎င်း၏မျက်နှာကလေးမှာ ဒေါသရောင်ဖြင့် လှုပ်ရှားနေပြီးလျှင် သေးငယ်သော မျက်လုံးကလေးများသည် ပြူးကျယ်လျက်ရှိနေလေ၏။

"ဘာ ... ဟိုအိမ်ကြီးမှာ တစ်ယောက်မှမရှိဘူးလားလို့ မေးသလားဟုတ်လား" ဟု ပြန်၍ အော်ဟစ်လေ၏။

ဝမ်လန်းသည် ဆေးထည့်နေသော ဆေးတံကိုချလျက် ဇနီးသည်အားစိုက်ကြည့်လိုက်လေ၏။ သို့သော် သူငယ်မ၏မျက်နှာကား တစ်ခဏချင်းပင် နဂိုမျက်နှာကလေးအတိုင်း ပြန်ဖြစ်သွားလျက် ဘာမျှမပြောမိသလိုလို စားပွဲပေါ်မှ တူချောင်းများကို လိုက်လံကောက်ယူ သိမ်းဆည်းနေလေ၏။

"အင်း ... ဖြစ်နေတဲ့ကိစ္စက" ဟု ဝမ်လန်းမှာ အပြောင်းအလဲမြန်လှသော မျက်နှာကိုကြည့်လျက် အံ့ဩခြင်းဖြင့် ပြောလိုက်စေကာမူ သူငယ်မက ခတ်မဆိတ်သာ နေလေ၏။ ဝမ်လန်းက ဆက်လက်၍ "တို့ယောကျ်ားနှစ်ယောက်က ကလေးမျက်နှာမြင်တဲ့ကိစ္စမှာ ဘာမှတတ်နိုင်မှာမဟုတ်ဘူး၊ ငါ့အဖေဆိုရင်လည်း မင့်အခန်းထဲဝင်လို့မလျော်၊ ငါဆိုရင်လည်း နွားမ ကလေးမွေးတာတောင် မမြင်ဖူးဘူး၊ ငါ့လက်ကြမ်းကြီးတွေကလည်း ကလေးအသား ရှကုန်လိမ့်မယ်၊ အဲဒီတော့ မင်းဟိုကျွန်မတွေ ကလေးအမြဲမွေးနေတဲ့ ဟိုအိမ်ကြီးက တစ်ယောက်ယောက်ကို"

သူငယ်မသည် တူတံကလေးများကို စားပွဲပေါ်၌ သတ်သတ် ကြီးစဉ်ငယ်လိုက်တင်လိုက်ကာ ဝမ်လန်းအား အတန်ကြာကြည့်နေပြီးနောက်

"ကျွန်မ ဟိုအိမ်ကိုသွားတဲ့အခါမှာ ကျွန်မသားကလေးလည်းပါလိမ့်မယ်၊ သူ့အတွက် အင်္ကျီနီကလေးက တစ်ထည်ရယ်၊ ပန်းနီပွင့်ကလေးတွေနဲ့ ဘောင်းဘီကလေးကတစ်ခု ပြီးတော့ ရွှေရောင်ဘုရားရုပ်ပွားတော်

mgyoe.com

mgyoe.com
SAMPLE BOOK


ကလေးတစ်ဆူပုံကို ဦးထုပ်ကလေးထိပ်မှာ ဇာအပ်နဲ့ ထိုးပေးပြီး ဆောင်း ပေးမယ်၊ ကျွန်မလည်း ဖိနပ်သစ်တစ်ရန်၊ ပိတ်ဖဲအင်္ကျီနက်က တစ်ထည်၊ အဲဒါတွေဝတ်ပြီး ကျွန်မအလုပ်လုပ်ခဲ့ဖူးတဲ့ မီးဖိုထဲလည်း သွားမယ်၊ ပြီး အခန်းထဲမှာ ဘိန်းနဲ့မှိန်းနေတဲ့ အဘွားကြီးဆီသွားပြီး ကလေးနဲ့ ကျွန်မ ကိုယ်ကို ဝင်ပြမယ်"

သူငယ်မထံမှ ဤမျှ ရှည်လျားသော စကားတန်းရှည်ကြီးကို ဝမ် လန်းသည် တစ်ခါဖူးမျှ မကြားဖူးခဲ့ချေ။ ဤစကားတန်းရှည်ကြီးကား လမ်းခုလတ်တွင် ရပ်နားခြင်းမရှိ၊ လေးလေးနှင့်မှန်မှန်ကြီး ထွက်ပေါ်လာ လျက် မပြောမီကတည်းက ကြံစည်စိတ်ကူး၍ထားရသော စကားမျိုးဖြစ် လိမ့်မည်ဟု ထင်မိလေ၏။ လယ်ထဲတွင် မိမိနံဘေးမှ အတူတူအလုပ်လုပ် ရင်းက ထိုအကြောင်းကို ပြောရန်ကြံစည်စိတ်ကူးနေဟန်တူ၏။ မည်မျှ အံ့ဖွယ်ကောင်းသော မိန်းမပေနည်း။

နေထွက်မှနေဝင် ဝေယျာဝစ္စမှန်သမျှ တိတ်တိတ်ဆိတ်ဆိတ်နှင့် လုပ်ကိုင်နေသော သူငယ်မမှာ ကလေးအကြောင်းကို စဉ်းစားနေနိုင်လိမ့် မည်မဟုတ်ဟု အောက်မေ့မိ၏။ ယခုမူ ကလေးငယ် လူ့လောကထဲသို့ ရောက်မလာသေးခင်ကပင် သူငယ်မမှာ သူ့ကိုယ်သူ အင်္ကျီသစ်ကလေး နှင့်မိခင်အဖြစ် သူ့ကလေးကိုလည်း အဝတ်အစားကလေးတွေ စိတ်ကူးနှင့် ဆင်ပေးထားပြီးသားနှင့် ယခုကတည်းက ကွက်ကျော်လှမ်းမြင်ပြီး ဖြစ်နေ လေပြီ။

ဝမ်လန်းကား ပြောရန်စကားရှာမတွေ့ ဖြစ်နေလျက် ဆေးတံဆေး ကို လက်မလက်ညှိုးနှစ်ချောင်းဖြင့် အလုံးကလေးတစ်ခုဖြစ်အောင် ကြိုး ကြိုးစားစားလုံးနေပြီး ဆေးတံကို ကောက်ယူ၍ ဆေးလုံးကလေးကို ထည့် လိုက်လေ၏။

"မင်း ငွေနည်းနည်းပါးပါး လိုချင်တယ်ထင်ပါရဲ့" ဟု နောက်ဆုံး တွင် သံဖြတ်နှင့် မေးလိုက်လေ၏။

"ဒင်္ဂါးသုံးပြားလောက်ပေးရင်တော့" ဟု ရွံ့ရွံ့နှင့် ပြောရာမှ ဆက် လက်၍ "များတော့များတာပဲ၊ ဒါပေမဲ့ ကျွန်မ ဘယ်လောက်ကုန်မယ်ဆို

mgyoe.com

mgyoe.com
SAMPLE BOOK


တာ တွက်ကြည့်ပြီးသားပါ၊ တစ်ပြားမှ အလဟဿမဖြစ်စေရပါဘူး။ အထည်ရောင်းတဲ့လူလည်း တစ်လက်မမှ မခိုအောင် ကျွန်မလုပ်မှာပဲ”ဟု ပြောရှာလေသည်။

ဝမ်လန်းသည် ပိုက်ဆံအိတ်ကို လက်နှင့်စမ်း၍ကြည့်လေ၏။ ယမန်နေ့က အနောက်ဘက်ကွင်းတွေထဲက ကြူပင်တွေကိုခုတ်ပြီး မြို့ဈေးသို့ တက်ရောင်းခဲ့ရာ သူ့လက်ထဲတွင် ဖနီးသည်တောင်းသည့် ပိုက်ဆံထက်ပင် အနည်းငယ်ပိုပိုလျှံလျှံကလေး ရှိနေ၏။

ဒင်္ဂါးသုံးပြားကို စားပွဲပေါ်သို့ တင်လိုက်လေသည်။

ထိုနောက် အတန်ငယ်စဉ်းစားပြီး နောက်ထပ်ဒင်္ဂါးတစ်ပြားကို ထပ်၍ ထည့်လိုက်လေသည်။ ထိုဒင်္ဂါးမှာ ဝမ်လန်းသည် မြို့ကိုရောက်လျှင် လက်ဖက်ရည်ဆိုင် အံစာဝိုင်း၌ ဝင်ထိုးရန် စုထားသောပိုက်ဆံဖြစ်၏။ သို့သော် ရှုံးသွားမည်စိုး၍ မြို့ကိုရောက်တိုင်းမထိုးဖြစ်ဘဲ ဝိုင်းဘေးက ရစ်သီရစ်သီလုပ်လျက် အံစာခေါက်နေသည်ကိုကြည့်ရုံဝင်ကြည့်၍ ပြန်ခဲ့လေသည်။ များသောအားဖြင့်ကား လမ်းဘေး ကွက်စိပ်ဆရာ၏စင်သို့ သွားလျက် တစ်ခါနားထောင်လျှင် တစ်ပဲနီထက် ပိုမပေးရသော ကွက်စိပ်နာခြင်း၌သာ အချိန်ကိုဖြုန်းလေ့ရှိ၏။

“နောက်ပေးတဲ့ဟာကို မင်းယူထား” ဟု စက္ကူတံမီးစကို ဂူးခနဲမှုတ်လျက် တောက်လာသော မီးတောက်ဖြင့် ဆေးတံကိုညှိရာက ဆက်လက်၍ “ကလေးအင်္ကျီကလေးကိုတော့ ပိုးစကလေးနဲ့ချုပ်ပါကွယ်၊ အဆုံးမတော့ သူက သားဦးကလေးကွ” ဟု ပြောလိုက်လေ၏။ သူငယ်မကား ငွေစကို ရုတ်တရက် ကောက်မယူသေးဘဲ မလှုပ်မယှက် စိုက်ကြည့်နေလေ၏။ ထိုနောက်မှ လေသံကလေးဖြင့် “ကျွန်မတစ်သက်မှာ ငွေစကိုင်ဖူးတာ ဒါပထမတဲ့” ဟု ပြောရှာလေသတည်း။

ထိုနောက် ငွေစများကို ဆတ်ခနဲကောက်ယူလိုက်ပြီး လက်ထဲတွင် ဆုပ်လျက် အိပ်ခန်းထဲသို့ ဝင်ပြေးလေ၏။

ဝမ်လန်းကား ဆေးတံကိုခဲရင်း ပိုက်ဆံ၏ရာဇဝင်ကို ဆင်ခြင်၍နေလေ၏။ ထွန်တုံးတစ်လက်ဖြင့် မိမိကိုယ်တိုင် ထွန်ယက်ခဲ့သော မိမိကိုယ်

mgyoe.com

mgyoe.com
SAMPLE BOOK


တိုင် တူးဆွမှောက်လှန်ခဲ့သော မိမိတစ်ကိုယ်လုံးဖြင့် အသုံးချခဲ့သော မြေထု ကမ္ဘလာ ဝသုန်လွှာကြီးမှ သည်ပိုက်ဆံတို့သည် ဖြစ်လာခဲ့၏။ သူ့အသက်သည် ဤပြည်ရွှေဘုံ ဝသုန်မြေကြီးဖြင့်ပင် ရှင်လာခဲ့၏။ အပေါက်အပေါက်ကျသော သူ့ကိုယ်မှ ချွေးစက်တို့ဖြင့် သူသည် ဤကမ္ဘလာချပ် ဝသုန်မြတ်ကြီးမှ အစားအစာကို ညှစ်ထုတ်ယူငင်ခဲ့၏။ အစာတည်းဟူသော သလေးဆန်ဂျုံ မြေဝတ်မှုန်တို့မှ သူသည် ဤပိုက်ဆံများကို ရရှိခဲ့လေသည်။

ယခင်က ယခုလို သူ့ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံကိုနှိုက်ပြီးပေးခဲ့ရသည့်အခါတိုင်း မည်သူ့ကိုပင် ပေးရသည်ဖြစ်စေ သူ့စိတ်ထဲ၌ သူ့အသက်၏ တစ်စိတ်တစ်ဒေသကို လှီးဖြတ်၍ ပေးလိုက်ရဘိသကဲ့သို့သို့ ဆတ်ဆတ်တုန် နာကြည်းခဲ့၏။ သို့သော် ယခုတစ်ခါ ပိုက်ဆံထုတ်၍ ပေးလိုက်ရခြင်း၌ကား သူ့တစ်သက်တွင် ပထမဆုံးအကြိမ် နာကြည်းခံခက်ခြင်း မဖြစ်တော့ပေ။ သူ ယခုပေးလိုက်သော ပိုက်ဆံများကို ကုန်သည်တစ်ဦးအား ပေးချေလိုက်ရသော ပိုက်ဆံမျိုးလို မအောက်မေ့တော့။ ထိုငွေမျိုးထက် သာလွန်၍ အဖိုးထိုက်လှသည့် ရတနာတစ်ခုအသွင်သို့ ပြောင်းလဲသွားသည်ကိုသာ သူ့မျက်စိထဲတွင် ထင်မြင်၍နေလေသည်။ ထိုရတနာကား သူ့သားကလေးဝတ်ဖို့ အင်္ကျီဘောင်းဘီကလေးများပင်တည်း။

အချိန်စေ့၍လာလေ၏။ သူငယ်မကား သူ့အနားတွင် မည်သူ့အားမျှ အဖော်အလျော် မထားလိုပေ။ ထိုအချိန်မှာ တစ်ခုသော ညနေ နေဝင်ရီတရောကလေးဖြစ်ပေသည်။ သူငယ်မသည် စပါးတွေမှည့်ဝင်းနေသော လယ်ကွင်းထဲ၌ သူ့ချစ်လင်နှင့်အတူ အလုပ်ဆင်းနေခိုက်ဖြစ်၏။ ဂျုံတွေရိတ်ယူ ပြီးစီးခဲ့သည့်နောက် လယ်ကွင်းများသည် ရေတွေတဖွေးဖွေးနှင့် ဖြစ်လာကြကာ စပါးတွေသီးကြပြန်ပြီး ယခုမူ စပါးတွေရိတ်ချိန်တန်ပြီဖြစ်လျက် အချိန်မှာ ပူပြင်းလှသော နွေရာသီဖြစ်ပေသည်။

လင်မယားနှစ်ယောက်သည် တစ်နေ့လုံး တကုန်းကုန်းနှင့် ကောက်လှိုင်းတွေကို ရိတ်ဖြတ်၍ နေကြလေသည်။ သူငယ်မကား သူ့ဝမ်းတွင် လွယ်ထားရသော ဝန်လေးကြီးအတွက် ကောင်းစွာမကုန်းနိုင်ရှာ၊ နေးနေး

mgyoe.com

mgyoe.com SAMPLE BOOK


ကွေးကွေး လေးလေးပင်ပင်နှင့်ပင် ရိတ်ဖြတ်နေရရှာရကား စပါးရိပ်ရာတွင် သူ့ချစ်လင်ပြီးစီးသလောက်မပြီး၊ သူ့ချစ်လင်က ရှေ့က သူက နောက်ကျ၍ နေလေ၏။ နေတဖြည်းဖြည်းစောင်းလာလေလေ သူငယ်မမှာ အလုပ်နှေးလာလေလေ ဖြစ်နေရာ ဝမ်လန်းမှာ စိတ်မရှည်နိုင်တော့ဘဲ သူငယ်မကို လှည့်ကြည့်မိလေ၏။ သူငယ်မသည် အလုပ်ကိုရပ်လိုက်ပြီး ခါးကိုဆန့်လိုက်လေရာ လက်ထဲမှ တံစဉ်သည် မြေသို့ဖုတ်ခနဲ ကျသွားလေ၏။ ဝေဒနာသစ်တစ်ခုကို ခံစားနေရပြီဖြစ်၍ မျက်နှာတွင် ချွေးသစ်ကလေးများစို့၍နေလေ၏။

"ဝမ်းတော့နာလာပြီ ကျွန်မ အိမ်ပြန်သွားတော့မယ်၊ ကျွန်မ မခေါ်မချင်း ရှင် အခန်းထဲဝင်မလာနဲ့နော်၊ ကျူရိုးကလေးတစ်ချောင်းသာ အကြောခွါပြီး စိပ်ယူခဲ့စမ်းပါ၊ ကလေးအချင်းဖြတ်ဖို့" ဟု ပြောဆိုပြီး သူငယ်မသည် ဘာမျှစိုးရိမ်ကြောက်လန့်ခြင်းမရှိသည့် အမူအရာဖြင့် လယ်ကွင်းတွေကိုဖြတ်ကာ အိမ်ဆီသို့ ပြန်လေ၏။

ဝမ်လန်းသည် သူငယ်မသွားရာသို့ မျှော်၍ ကြည့်နေပြီးနောက် တစ်ဖက်ကွင်းမှ ကန်စောင်းသို့လျှောက်လာခဲ့ကာ စိမ်းလန်း၍ လတ်ဆတ်သော ကျူပင်တစ်ချောင်းကို ရွေး၍ ဖြတ်ယူပြီး အကြောကိုခွာယူ၍ တံစဉ်ဖြင့် စိပ်ဖြာနေလေ၏။ နွေရာသီလတပေါင်းဖြစ်၍ နေအကျအစောင်းမြန်လှရကား မကြာမီ မှောင်ရိပ်တွေသန်းလာလေ၏။ ဝမ်လန်းသည် တံစဉ်ကိုထမ်းလျက် အိမ်ဆီသို့ လှမ်းခဲ့လေသတည်း။

အိမ်သို့ရောက်သွားသောအခါ အငွေ့တထောင်းထောင်းနှင့် အသင့်ပြင်ထားသော ထမင်းပွဲကို တွေ့ရလျက် အဘိုးကြီးပင် ထမင်းစားနေပြီကို တွေ့ရလေ၏။ သူငယ်မကား ကမ္ဘာဇလေ သားသန္ဓေလှုပ်ရှားခြင်းကို ဆောအသာချိတ်ထားလျက် ထမင်းဟင်းပင် ချက်ပြုတ်ခူးခပ်ပြင်ဆင်၍ ပေးထားရှာ၏။ "မိန်းမတွေထဲမှာတော့ အတော်ရှားတဲ့မိန်းမပဲ" ဟု စိတ်ထဲမှ ချီးမွမ်းမိပေ၏။ ထိုနောက် တံခါးပိတ်ထားသော သူတို့၏အခန်းဝသို့ သွားလျက် "ရော့ ... ဒီမှာဟေ့ ကျူကြော" ဟု အော်ပြောလိုက်လေ၏။ သို့ပြောရင်းက "အထဲယူလာခဲ့ပါ" ဟူ၍များ ပြန်ပြောမည်လားဟု စောင့်

mgyoe.com

mgyoe.com
SAMPLE BOOK


နေလေ၏။ သို့သော် အတွင်းမှ ဘာသံမျှပြန်ထွက်မလာပေ။ သူငယ်မကိုယ်တိုင် တံခါးဆီသို့လျှောက်လာလျက် တံခါးကြားမှ လက်လျှိုကာကျူပြခြမ်းပြားကလေးကို ယူလေ၏။ သူငယ်မကားဘာတစ်ခွန်းမျှမပြော၊ သို့သော် အလွန်ဝေးလံလှသော ခရီးကို အပြေးအလွှားလာရသူတစ်ဦး၏ ဟိုက်နည်းမျိုး မောဟိုက်နေသည့်အသံကို ဝမ်လန်း ကြားရလေ၏။

အဘိုးကြီးက ထမင်းပွဲမှ မော်ကြည့်ပြီး "စားလှည့်လကွာ၊ ထမင်းတွေ အေးကုန်တော့မယ်" ဟု လှမ်းပြောပြီး ဆက်လက်၍ "မင်း စိတ်ပင်ပန်း မနေစမ်းပါနဲ့၊ အဝေးကြီးလိုပါသေးတယ်၊ မင့်အမေ သားဦးကလေးမွေးတုန်းကများ ငါ သေသေချာချာမှတ်မိတယ်... မနက်လင်းတောင် မပြီးသေးဘူး၊ မင့်အမေများ မွေးလိုက်ရတဲ့ကလေးတွေ တစ်ယောက်ပြီးတစ်ယောက်၊ နှစ်ကျိပ်လောက်တောင်ရှိမလား မပြောတတ်ပါဘူးဟယ် ငါလည်း မေ့နေပါပြီ၊ အဲဒီအထဲက မင်းတစ်ယောက်တည်း အဖတ်တင်တာ အဲဒီတော့ကာ ဘာပြုလို့ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် မွေးပေးရတယ်ဆိုတာ မင်း နားလည်ရောပေါ့" ဟု ပြောရာမှ အသစ်ပြန်သတိရလာသကဲ့သို့ "အင်း ... နက်ဖြန်ခါ ဒီအချိန်လောက်ဆိုရင်တော့ ငါတော့ မြေးယောကျ်ားကလေးတစ်ယောက်နဲ့ အဘိုးအဖြစ်ရချေသေး" ဟုဆိုပြီး ရယ်လေ၏။ ထိုနောက် ထမင်းပွဲမှ ရုတ်တရက် ထလျက် မှောင်ထဲတွင် အတော်ကြာထိုင်ပြန်ရင်း တခိခိနှင့် အူမြူးနေပြန်လေ၏။

ဝမ်လန်းမူကား တံခါးနားတွင် ရပ်မြဲရပ်လျက် အတွင်းမှ ထွက်ပေါ်လာနေသော မောဟိုက်ပြင်းထန် အသက်ရှူသံကြီးများကို နားစွင့်၍နေလေ၏။ ပူနွေး၍ စိမ်းရွှေရွှေ ညှီစို့စို့ရှိသော သွေးစိမ်းနံ့ကြီးသည် တံခါးရွက်နှစ်ခုအကြားမှ လျှာထုတ်၍ ဝမ်လန်း၏နှာခေါင်းကို ကလိလေရာ ဝမ်လန်းမှာ ထိတ်လန့်၍သွားမိလေ၏။ မောဟိုက်ပင်ပန်းခြင်းကြီးစွာဖြင့် ဖုတ်လှိုက်ဖုတ်လှိုက် ရှိုက်ရှူနေသော အသက်ရှူသံကြီးများသည် ထိုခဏ၌ ကြိတ်၍ ညည်းညူဟစ်အော်နေရှာသလိုလို တဖြည်းဖြည်း လျင်မြန်တိုးတက်လျက် လာလေ၏။ လူကြားအောင်ကား အော်ဟစ်ခြင်းမပြုရှာပေ။ သို့ဖြစ်လေရာ ဝမ်လန်းမှာ ရပ်တည်ရာမရအောင် ဖြစ်လာလျက် တံခါးကို

mgyoe.com

mgyoe.com

SAMPLE BOOK


ချိုးဖွင့်၍ဝင်တော့ရန် အကြံလိုက် စူးရှသေးငယ်သော ငိုသံကလေးတစ်ခုကို ကြားလိုက်ရပြီးလျှင် လောကကြီးကိုမေ့၍သွားလေ၏။

"ယောကျ်ားကလေးလားဟေ့" ဟု ဇနီးကိုပင် သတိမရတော့ဘဲ အရေးတကြီးမေးလိုက်လေ၏။ သေးငယ်၍ မာကျောသောငိုသံကလေးကား နောက်တစ်ကြိမ် ဆောင့်ကန်၍ထွက်လာပြန်ကာ နားမခံသာအောင် ရှိလေ၏။

"ယောကျ်ားကလေးလားကွ ဟေ ... ဒါလောက်ကလေးတော့ ပြန်ပြောစမ်းပါဦးကွ ... ယောကျ်ားကလေးလား"

ထပ်၍ အော်၍ မေးပြန်လေ၏။

ထိုအခါ တောသံပြန်ပေးသလို အားနည်းဖျော့တော့ အားအင်လျော့နေရှာသည့် အသံပျော့ကလေးဖြင့် "ယောကျ်ားကလေး" ဟု သူငယ်မ၏ ပြန်ဖြေလိုက်သောအသံကို ကြားရပေတော့သတည်း။

ထိုနောက်ကား ဝမ်လန်းသည် စားပွဲသို့သွား၍ ထိုင်နေလေ၏။ မည်မျှ မြန်ဆန်လှဘိသနည်း။ ထမင်းပွဲကား အေးစက်နေလေပြီ။ အဘိုးကြီးလည်း ခုံပေါ်၌ အိပ်ပျော်၍နေလေပြီ။ သို့သော် မည်မျှမြန်ဆန်လှဘိသနည်း။ ဝမ်လန်းသည် အဘိုးကြီး၏ ပခုံးကိုသွားလှုပ်လျက် ...

"ယောကျ်ားကလေး အဘရေ့ အဘက အဘိုးအေ၊ ကျုပ်က အဖေဖြစ်ပြီ" ဟု အောင်မြင်စွာ ကြွေးကြော်ခြင်းပြုလေ၏။

အဘိုးကြီးသည် အိပ်ရာမှ လန့်၍နိုးလာပြီး မအိပ်ခင်က ရယ်နည်းမျိုး ရယ်ပြန်လေ၏။

"အေးကွ ... အေးဟဲ့ ဟုတ်သပေါ့" ဟု ကြက်ဖကြီး ကတော်သလို ကတော်ရင်း "အဘိုးအေကွ အဘိုးအေ" ဟု မြူးကြွကာ အရူးထလေ၏။ ထိုနောက် ထိုင်ရာမှထတဲ့ကာ သူ့အိမ်ခန်းသို့ တဟားဟားရယ်မောသဘောခွေ့ရင်း ဝင်သွားလေသတည်း။

ဝမ်လန်းသည် အေးနေသော ထမင်းပန်းကန်ကိုယူ၍စားလေ၏။ အဆာကြီး ဆာနေသည်မှန်သော်လည်း ထမင်းလုပ်ကို ပါးစပ်ထဲသို့ မြန်မြန်ထက်ထက် သွင်း၍မရအောင် ရှိလေ၏။ အခန်းထဲ၌ကား တလှုပ်လှုပ်

mgyoe.com

mgyoe.com
SAMPLE BOOK


ရွှေ့လျားလှုပ်ရှားနေသော ဇနီးသည်၏ အသံနှင့် မရပ်မနား စူးစူးဝါးဝါး ဟစ်ငိုနေသည့် ကလေးငိုသံကို ကြားရလေ၏။

"တို့အိမ်တော့ အေးအေးချမ်းချမ်း နေနိုင်တော့မယ် မဟုတ်တော့ပါဘူးကွာ" ဟု အထင်ကြီးကြီးနှင့် တစ်ကိုယ်တည်း ရေရွတ်မိလေ၏။

ထမင်းစားပြီးသောအခါ အခန်းဝသို့ရောက်သွားလေ၏။ ဤအကြိမ်၌မူ ဇနီးသည်က ဝင်ခွင့်ပြုပြီဖြစ်သဖြင့် အခန်းထဲသို့ စိုက်စိုက်ကြီးဝင်သွားလေ၏။ ပူနွေး၍ လတ်လတ်ဆတ်ဆတ်ရှိသော သွေးစိမ်းနံ့တို့ကား မပျောက်သေးပေ။ သို့သော် စည်ပိုင်းတစ်လုံးထဲမှတစ်ပါး တခြားနေရာတို့တွင် သွေးစသွေးနဟူ၍ မမြင်တွေ့ရပေ။ ထိုစည်ပိုင်းထဲသို့လည်း သူငယ်မသည် ရေများလောင်းထည့်ပြီး ခုတင်အောက်သို့ တွန်းသွင်းထားသည်ဖြစ်၍ ဝမ်လန်း မတွေ့မမြင်ရပေ။ ဖယောင်းတိုင်အနီကလေးတစ်တိုင်ကို ထွန်းညှိထားလျက် သူငယ်မမူကား အိပ်ရာပေါ်တွင် သပ်သပ်ရပ်ရပ် စောင်ခြုံလျက် ပက်လက်ကလေးရှိနေလေသည်။ သူငယ်မ၏နံဘေး၌ သူတို့ဒေသ သူတို့အရပ်၏ထုံးစံအတိုင်း ဖခင်ဖြစ်သူ၏ ဘောင်းဘီဟောင်းတစ်စုံဖြင့် ရစ်ပတ်ပိုက်ထွေးထားသော ကလေးငယ်ကို တွေ့ရပေ၏။

ဝမ်လန်းသည် ထိုနေရာသို့လျှောက်သွားရာတွင် ပထမသော်စကားစ ရှာမတွေ့အောင် ဆွံ့အ၍နေလေ၏။ ရင်ထဲတစ်ခုလုံး ပြည့်တော့တော့ကြီးဖြစ်လျက် ဘဝင်လှိုက်ဆူကာတက်ရင်း ကလေးကို ငုံ့ကြည့်လေ၏။ အသားညိုညို မျက်နှာကလေးဝိုင်းဝိုင်း၊ အရေကလေးတွေတွန့်လျက် ရှည်လျားသော ဆံပင်များမှာ စွတ်စိုနက်မှောင်လျက် ရှိကြလေ၏။ ထိုအချိန်တွင် ကလေးမှာ အငိုရပ်နေကာ မျက်လုံးကလေးများကို တင်းကျပ်စွာ မှိတ်ထားလေ၏။

ထိုနောက် ဇနီးသည်အား လှည့်၍ကြည့်လေ၏။ ဇနီးသည်လည်း ပြန်၍ ကြည့်လေ၏။ ၎င်း၏ဆံပင်များသည် ကြီးစွာခံစားလိုက်ရရှာသော ဝေဒနာဒဏ်ချက်မှဖြစ်ပေါ်သည့် ပင်ပန်းခြင်းချွေးစီးတို့ဖြင့် စိုရွှဲလျက်ပင် ရှိကြသေးလျက် ကျဉ်းမြောင်းသော မျက်လုံးကလေးများသည်လည်း နိမ့်

mgyoe.com

mgyoe.com
SAMPLE BOOK


ဝင်ဟောက်ပက်ပက်ကလေး ရှိနေကြကုန်၏။ ဤပြောင်းလဲချက်ကလေး များမှအပ သူငယ်မ၏ ရုပ်ဝါမှာမူ ရှေးကအတိုင်းပင် ရှိလေသည်။ သို့သော် ဝမ်လန်းအဖို့ကား ထိုသဏ္ဍာန်မှာ သနားစဖွယ်ကလေးဖြစ်နေပေ၏။ သူ၏သနားကြင်နာသော စိတ်ဓာတ်ရေလျှဉ်သည် သားအမိနှစ်ယောက်အပေါ်သို့ ဒလဟောကျဆင်းသွားလျက် အခြားထွေရာလေးပါးဆို၍ ဘာတစ်ခွန်းမျှပြောရန် စကားစရှာ၍မတွေ့တော့မူ၍ နှုတ်ဖျားတွင် ပေါ်လာသော ...

"ငါ မနက်ဖြန်ကျ မြို့တက်ပြီး မင်းကိုကျိုတိုက်ဖို့ သကြားသွားဝယ်မယ်" ဟူသော နှစ်သိမ့်အားပေးစကားကလေးများသာ အလိုလိုထွက်သွားကာ ကလေးကို ငုံ့ကြည့်ပြန်လျက် ရုတ်တရက် သတိရလာပြန်သကဲ့သို့ ...

"နောက်ပြီးတော့ ကြက်ဥတစ်ခြင်းလောက်လည်း ဝယ်ရဦးမယ်၊ အားလုံး ဆေးနီနီဆိုးပြီး ငါ့သားကလေးရပြီဆိုတဲ့အကြောင်း သတင်းလွှင့်ရင်း ရွာသားတွေ ကမ်းရမယ်" ဟု ပြောပြန်၏။

●

mgyoe.com

mgyoe.com SAMPLE BOOK

(၄)

ကလေးမျက်နှာ မြင်ပြီး၍ နောက်တစ်နေ့နံနက်တွင် သူငယ်မသည် ခါတိုင်းကဲ့သို့ပင် အိပ်ရာမှထလျက် ထမင်းဟင်းချက်ပြုတ်နေလေ၏။ ဝမ်လန်းနှင့်အတူ လယ်ထဲသို့ စပါးရိတ်ရန်ကား မဆင်းပေ။ သို့ဖြစ်လေရာ ဝမ်လန်းမှာ မွန်းတိမ်းလာသည်အထိ တစ်ယောက်တည်း တကုန်းကုန်းရိတ်နေရလေ၏။ ထိုနောက် အိမ်ပြန်ခဲ့ပြီးလျှင် သူ့အစိမ်းရောင်အင်္ကျီရှည်ကြီးကိုဝတ်လျက် မြို့သို့တက်ခဲ့လေ၏။ မြို့သို့ရောက်သောအခါ ဈေးသို့သွားလျက် လတ်လတ်ဆတ်ဆတ်ကြီးမဟုတ်စေကာမူ အတော်ပင်ကောင်းမွန်လျက်ရှိကြသည့် ဘဲဥအလုံး ၅၀ တစ်လုံးလျှင် တစ်ပဲနီနှင့်ဝယ်ယူပြီး ၎င်းတို့ကို ဆေးနီဆိုးရန် ရေနွေးထဲထည့်ပြုတ်ဖို့ စက္ကူနီများလည်း ဝယ်ယူလေ၏။ ထိုနောက် ဘဲဥများကို ဆွဲခြင်းတွင်ထည့်လျက် အချို့ဆိုင်သို့ ဆက်သွားပြီး သကြားခဲအစိတ်သားကျော်ကျော်ခန့် ဝယ်ယူပြန်လေရာ ဆိုင်ရှင်က သကြားခဲများကို စက္ကူဖြင့် ကျကျနနထုတ်ပေးရာက ချည်ထားသော ကောက်ရိုးအကြား၌ စက္ကူနီကလေးတစ်ရွက်ကို ပြုံးစိစိနှင့် ညှပ်၍ ထည့်ပေးလိုက်ရင်း ...

"မျက်နှာမြင်တဲ့ မိန်းမဖို့ထင်ပါရဲ့" ဟု မေးလေ၏။

"သားဦးကလေးမွေးလို့ဗျ" ဟု ဝမ်လန်းက ခပ်ကြွားကြွား ပြန်၍ ဖြေဆိုလိုက်လေသည်။

"အား ကံကောင်းတာပဲဗျို့" ဟု ဈေးရောင်းသူက စိတ်မပါတပါ

mgyoe.com

mgyoe.com
SAMPLE BOOK


ပြန်ပြောရင်း ကျကျနနဝတ်စားလျက် ဆိုင်ထဲသို့ဝင်လာနေသော အခြားဝယ်သူတစ်ဦးအား ဂရုစိုက်နေလေ၏။

ဤကဲ့သို့သော လောကွတ်စကားဖြင့် ဆိုင်ရှင်သည် အခြားလူပေါင်းမြောက်မြားစွာကို ပြောဆိုညည့်ခံခဲ့ဖူးပြီဖြစ်၏။ နေ့စဉ်နှင့်အမျှပင် တစ်နေ့တစ်ယောက်လောက်ကို ဤစကားမျိုးဖြင့် လောကွတ်ပြုခဲ့ရ၏။ သို့သော် ဝမ်လန်း၏စိတ်ထဲ၌ကား ဤစကားများမှာ သူ့အတွက် အထူးတလည်ပင် ပြောလိုက်ဘိသကဲ့သို့ ဆိုင်ရှင်၏ဂရုတစိုက် ပြောဖော်ရခြင်းကို အကျေနပ်ကြီးကျေနပ်ကာ ဦးညွှတ်၍ နှုတ်ဆက်ပြီး နောက်တစ်ကြိမ်ထပ်၍ ဦးညွှတ်ကာ နှုတ်ဆက်ပြန်လျက် ဆိုင်ထဲမှထွက်ခဲ့လေ၏။ ဖုတ်ထူလှသော လမ်းထဲ၌ ချစ်ချစ်ပူနေသော နေအောက်တွင် လျှောက်လာခဲ့ရင်းလည်း လောကတွင် သူ့လောက်ကံကောင်းသူ တစ်ယောက်မျှမရှိဟု အောက်မေ့မိလေ၏။

သို့သော် အစ၌ ဝမ်းသာသလိုလို အောက်မေ့မိခြင်းမှာ အဆုံးတွင် ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် အဆုံးသတ်သွားလေ၏။ လောကတွင် အကြီးအကျယ် ကံကောင်းနေ၍မဖြစ်၊ တစ်လောကလုံးတွင် လူတွေ ပျော်ပျော်ရွှင်ရွှင် နေသည်ကို မကြည့်လို၊ ကောင်းကျိုးကိုမပေး၊ ဆင်းရဲသားများဆိုလျှင် ပို၍ ဆိုးကျိုးကိုသာအမြဲပေးတတ်သည့် ရန်ငြိုးကြီးလှသော နတ်ဆိုးတို့ဖြင့် ဤလောကကြီးမှာ ပြည့်နှက်နေ၏။

ဝမ်လန်းသည် ဖယောင်းတိုင်ဆိုင်သို့ ခြေလှမ်း ရတ်တရက်လှည့်လိုက်ပြီး အိမ်သား ၄ ယောက်အတွက် အမွှေးတိုင် ၄ ချောင်း ဝယ်ယူခဲ့ကာ လမ်းတွင် ဝသုန်နတ်ကွန်းသို့ဝင်လျက် အမွှေးတိုင်များကို တလောက လင်မယားနှစ်ယောက် လာရောက်ပူဇော်ခဲ့၍ ကျန်ရစ်ခဲ့သည့်ပြာပုံထဲတွင် ထိုးစိုက်လိုက်လေ၏။ ထိုနောက် မီးညှိပူဇော်၍ စိတ်အနည်းငယ်ပေါ့သွားသလိုနှင့် အိမ်သို့ပြန်ခဲ့လေ၏။ ထိုနတ်ရုပ်ကလေးနှစ်ရုပ်တို့ကား မည်သို့သော တန်ခိုးအာနုဘော်တို့ဖြင့် ပြည့်စုံပါဘိသနည်း။

* *

အမှုမဲ့ အမှတ်မဲ့နှင့် နေလာခဲ့ရာမှ သူငယ်မကား လယ်ထဲသို့ ပြန်၍

mgyoe.com

mgyoe.com
SAMPLE BOOK


အလုပ်ဆင်းနေပြီကို တွေ့ရပေ၏။ စပါးရိတ်ချိန်ကျော်လွန်လာခဲ့လျက် ယခုအခါ အိမ်နှင့်မနီးမဝေး တလင်းထဲတွင် စပါးနယ်လျက်ရှိကြလေပြီ။ ဇနီးမောင်နှံ နှစ်ယောက်ကား ကောက်ရိုက်တုတ်ကိုယ်စီဖြင့် တဗုန်းဗုန်း ရိုက်နေကြလေ၏။ ကောက်လှိုင်းမှ အသီးတွေကြွေကုန်သောအခါ လှေ့စင်တွင် တင်၍ ဝါးဆန်ခါဖြင့် လှေ့ကြရာ စပါးဖျဉ်း စပါးဖုံတို့သည် တိမ်ခိုးတွေလို လေထဲလွင့်ပါကုန်ကြပြီး စပါးတို့သည် တလင်းတစ်ဖက်တွင် ကျကြကုန်၏။ လယ်ကွင်းတွေလည်း ဆောင်းရာသီ ဂျုံစေ့တွေပျိုးကြရန် အသင့်ရှိနေကြပြန်ပြီ။ သူက ထွန်တုံးတစ်လက်ဖြင့် လယ်တွေကို ထွန်ယက်သည့်အခါ သူ့ငယ်မက ပေါက်တူးပြားတစ်လက်ဖြင့် နောက်က လိုက်လျက် ထယ်ကြောင်းတွေကို အချောသပ်လေ၏။

သူ့ငယ်မမှာ တစ်နေ့လုံး လယ်ထဲတွင် တကုန်းကုန်းလုပ်ကိုင်နေရစဉ် ကလေးငယ်ကား မြေကြီးပေါ်၌ ဝွမ်းစောင်စုတ်ကလေးတစ်ထည်ပေါ်တွင် အိပ်ပျော်နေရှာ၏။ ကလေးနိုး၍ ငိုလျှင် သူ့ငယ်မသည် အလုပ်ကို ရပ်၍ ပြေးလာပြီး မြေပေါ်တွင် အပြားသားထိုင်လျက် ကလေးအား နို့ချိုတိုက်လေ၏။ ကုန်လုနီးနွေရာသီ၏ မပြုချင့်ပြုချင် ထိုးပြုနေသော နေရောင်ခြည်သည် သားအမိနှစ်ယောက်ပေါ်သို့ ပူပြင်းစွာကျရောက်လျက်ရှိလေ၏။ သားအမိနှစ်ယောက်ကား မြေရောင်လိုလို ညိုမှောင်နေကြလျက် မြေရုပ်တွေလို မိုးမိုးမတ်မတ် ရှိကြလေ၏။ မိခင်၏ဆံပင်တွင်လည်းကောင်း၊ ကလေးငယ်၏ နူးညံ့နက်မှောင်သည့်ဦးပြည်းတွင်လည်းကောင်း ဖုတ်မြူအလိမ်းလိမ်း ကပ်နေကြလေ၏။

သို့သော် သူ့ငယ်မ၏ ကြီးမား၍ ညိုရောင်ပြေးနေသော သားမြတ်တို့မှ ကလေးငယ်အတွက် စီးထွက်နေသော နို့ရည်တို့သည်ကား မိုးပွင့်များလို ဆွတ်ဆွတ်ဖြူလျက်နေ၏။ ကလေးငယ်သည် တစ်ဖက်သော အမိ၏နို့ကို စို့သည့်အခါ အခြားတစ်ဖက်မှလည်း နို့ရည်တို့သည် ပန်း၍ ထွက်နေကြကုန်၏။ သူ့ငယ်မကား မပိတ်မပင် ပန်း၍ထွက်မြဲထွက်စေလေ၏။ ကလေးငယ်မှာ ငန်းငန်းတက် လောဘတကြီးဖြစ်နေသည့်တိုင် နို့ရည်တို့မှာ ၎င်းတစ်ယောက်အတွက်သာမက ကလေးတွေ တပြုံ

mgyoe.com

mgyoe.com
SAMPLE BOOK


တခေါင်းကြီးအတွက်ပင် ဖူလုံခြင်းရှိပေရကား သူငယ်မမှာ ငါနို့ရည်ပေါ သားပဲဟူသော သဘောဖြင့် ပန်းထွက်နေသည်ကို ဂရုမစိုက်နေလေ၏။ ပန်းထွက်နေသော နို့ရည်တို့ကား တစ်စထက်တစ်စ များ၍သာ လာလေ၏။ တစ်ခါတစ်ခါ သူငယ်မသည် အဝတ်အစားများ အစိုသက်သာစေရန် သားမြတ်ကိုမ၍ အပြင်သို့ပန်းထွက်စေလေရာ နို့ရည်တို့သည် မြေကြီးထဲသို့ စိမ့်ဝင်ပြီး နက်မှောင်ပျော့ပျောင်းသော အကွက်ကလေးတစ်ခုဖြစ်သွားလေ၏။ ကလေးငယ်ကား ဝလည်းဝ၊ သဘောလည်းကောင်း၊ မိခင်တိုက်ကျွေးသော မကုန်မခမ်းနိုင်သည့် နို့ချိုရည်ကို သောက်စို့လျက်နေလေ၏။

မိန်ရာသီကြွေကျ၍ ဟေမန္တသို့ကူးပြောင်းခဲ့လေရာ ထိုရာသီအတွက် အသင့်ပြင်ဆင်ပြီးသား ရှိကြလေ၏။ ဤသို့သောအသီးအနှံပေါ်ချိန်မျိုးကို တစ်ခါဖူးမျှ မကြုံဖူးခဲ့ကြ။ အခန်း ၃ ခန်းရှိသော အိမ်ကလေးတစ်ခုလုံးမှာ ပြည့်လျှံ၍နေလေ၏။ သက်ငယ်မိုး၏ ထုတ်ရောက်များတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီများကိုကြိုးတွေနှင့်ချိတ်ဆွဲထားလျက် အလယ်ခန်းတစ်ဝိုက် အဘိုးကြီး၏အခန်းနှင့် သူတို့အခန်းများတွင်လည်း ကျူပင်တို့ဖြင့်ယက်၍ ပြုလုပ်ထားသော ကျီကြီးတို့ဖြင့် ဆန်တွေ၊ ဂျုံတွေ အပြည့်ရှိနေလေ၏။ အားလုံးလိုလိုပင် ရောင်းချရန်ဖြစ်စေကာမူ ဝမ်လန်းမှာ စေ့စပ်သေချာမြော်မြင်ဉာဏ်ဖြင့် ပြည့်စုံသူတစ်ဦးဖြစ်ရကား အခြားရွာသားများကဲ့သို့ အလောင်းအစားတွင်အချိန်မကုန်ဘဲ စပါးပေါ်ပေါ်ချင်းလည်း ဈေးနည်းနည်းနှင့် မရောင်းချမူ၍ စပါးနှင့်ဂျုံများကို လှောင်ထားကာ ဆောင်းရာသီ နှင်းပွင့်တွေ တဖွေးဖွေးဖြစ်လျက် ဈေးကလေးလှုပ်လာမှသော်လည်းကောင်း၊ သို့မဟုတ် နှစ်သစ်ကူးလာမှသော်လည်းကောင်း မြို့ကလူတွေ ဘယ်ဈေးနှင့်ဖြစ်ဖြစ် ပေး၍ စားသောက်ကြသည့်အခါမှ ထုတ်၍ ရောင်းချလေ့ရှိ၏။

၎င်း၏ ဦးလေးဖြစ်သူကား အစဉ်သဖြင့်လိုလိုပင် စပါးတွေ မမှည့်ဝင်းမီ မရိတ်ဖြတ်ရမီကပင် သူ့စပါးများကို ရောင်းပစ်လေ့ရှိလေသည်။ တစ်ခါတစ်ရံ ၎င်း၏လက်ထဲတွင် ငွေကလေးအသုံးလိုလာလျှင် အရိတ်ရ အလေ့ရငြိမ်း စပါးတွေကို လယ်ကွက်ထဲကအတိုင်းပင် ရောင်းပစ်သည်

mgyoe.com

mgyoe.com
SAMPLE BOOK


သာ များ၏။ ၎င်း၏မယားမှာ မိန်းမလိမ္မာတစ်ယောက်မဟုတ်မူ၍ လူဝ သလောက် မိုက်မဲအပျင်းထူကာ ဟိုဒင်းစားချင် ဒီဒင်းစားချင်နှင့် ပါးစပ် အငြိမ်မနေ၊ လျှာသွားရေယိုသည့်ကတစ်မျိုး၊ ဖိနပ်အသစ်ကလေးများပေါ် လျှင် ဝယ်စီးလိုက်ချင်သည့် အာသာကတစ်ဖုံ အမျိုးစုံအသုံးဖွာသည့် မိန်းမ တစ်ယောက်ဖြစ်ပေ၏။ ဝမ်လန်း၏ဇနီးသည်ကား လင့်အတွက်ရော ယောက္ခမအတွက်ရော သူ့အတွက်ရော ကလေးအတွက်ရော စီးဖို့ဖိနပ် များကို သူကိုယ်တိုင်ချုပ်ရှာ၏။ သို့သော် မယားသည်က ဖိနပ်ဝယ်စီးချင် သည်ဟူ၍များ ပူစာလျှင် သူ ဗျာများနေမည်မှာ မလွဲပေ။

သူ့ဦးလေး၏ အိမ်အို အိမ်မင်းကြီး၌ကား ထုတ်ရောက်များတွင် ဘာတစ်ခုမှ ဆွဲချိတ်ထားဖူးသည်မရှိပေ။ သူ့အိမ်တွင်မူ တစ်ခါက သူ့အိမ် နီးချင်း'ချင်း'၏ ဝက်တစ်ကောင် အနာတစ်ခုရ၍ သေအံ့တော့ဆဲဆဲ သတ် ရောင်းသည်ကို ဝယ်ယူထားလိုက်သည့် ဝက်ပေါင်တစ်ပေါင်ပင် ရှိနေပေ သေး၏။ ဝက်မှာ အသားမလျော့မီ အသတ်ခံရခြင်းဖြစ်ရကား ဝက်ပေါင် မှာ အတော်ပင်ကြီးလျက် 'အိုလင်' သည် ဆားနယ်ပြီး အခြောက်လှမ်း ထားခြင်းဖြစ်ပေသည်။ ထိုနောက်လည်း အိမ်ကကြက်နှစ်ကောင်ကိုသတ် ၍ အမွေးမနုတ်ဘဲ အူနုတ်ဆားသိပ်ကာ အခြောက်လှမ်းထားသည်လည်း ရှိသေး၏။

သို့ဖြစ်လေရာ ဆောင်းလေတွေမြူးလျက် တဖြည်းဖြည်း အအေး ဓာတ်ဝင်လာသော ဆောင်းတွင်းသို့ ရောက်စေကာမူ သူတို့မှာ စားဖို့ သောက်ဖို့အတွက် မပူမပင်ရဘဲ စားနပ်ရိက္ခာတွေ အပြည့်ရှိနေသော အိမ် ထဲတွင် အေးချမ်းစွာ နေထိုင်စားသောက်ကြရလေ၏။ သူတို့သားကလေး ပင်လည်း ထိုင်နိုင်စပြုလာလေ၏။ ကလေးအသက် တစ်လတိတိပြည့် သော မွေးနေ့တွင် ကလေးအသက်ရာကျော်ရှည်ပါစေဟူသော ဆုတောင်း အထိမ်းအမှတ်အဖြစ်ဖြင့် သူတို့လက်ထပ်သည့်ညက ဖိတ်ခေါ်ကျွေးမွေး ခဲ့သူများအား တစ်ဖန်ထပ်၍ ဖိတ်ခေါ်ပြီး ဖက်ထုပ်များကျွေးကာ တစ်ဦး လျှင် ဆေးနီထိုးထားသည့် ဘဲဥ ၁၀ လုံးစီ ကမ်းပေးလေ၏။ လာရောက် လည်ပတ် စကားကောင်းဆိုကြသော အခြားရွာသူရွာသားများကိုလည်း

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ဦးလျှင် ဘဲဥ ၂ လုံးစီ ကမ်းသေး၏။ လာရောက်ကြသူတိုင်း ကလည်း ဝဝဖိုင့်ဖိုင့် လမင်းကြီးလို ဝိုင်းစက်စက် မျက်နှာကြီးနှင့် သူ့အမေ လို မေးရိုးကြီးကြီးရှိသော ကလေးကိုကြည့်ကာ ဝမ်လန်းကို အားကျ၍ လာကြလေ၏။

ယခုအခါ ချမ်းအေးလာပြီဖြစ်ရာ မြောက်ဘက်က လေရူးက မည် သို့ပင် မြူးဖေ့၍ ခေါင်းနှင့်တအားတိုက်စေကာမူ အိမ်အုတ်ထရံကြီးက နှင့်လောက်လား ငါ့လောက်လား၊ အင်အားနှင့်ခြေကန်၍ တောင့်ခံပြီးသား ရှိနေရကား အေးရမှန်းပင်မသိတော့။ နေရောင်ခြည်ဝင်စေဖို့ တောင်ဘက် က တံခါးကို ဖွင့်ထားရာ၌လည်း နေရောင်ခြည်က လိုလိုချင်ချင်နှင့်ပင် ထိုးပြုဝင်ရောက်နေပြန်သည့်အတွက် အနွေးဓာတ်နှင့် အလင်းရောင်အား နှစ်အား ဆောင်ကာ ရရှိပြန်လျက် ဝမ်လန်းမှာ ဝွမ်းစောင်ဖြင့်ခင်းအပ်သော မြေကြမ်းပြင်အထက်တွင် မကြောင့်မကြ မပူမပင် နေထိုင်လေ၏။

အိမ်တံစက်မြိတ်နားက စွန်ပလွံပင်နှင့် လယ်စောင်းက မိုးမခပင် မက်မုံပင်များလည်း ရွက်ဟောင်းတွေကြွေကြပြီဖြစ်၏။ အိမ်အရှေ့ဘက် က ဝါးရုံပင် ခပ်ကျဲကျဲကလေးမှ ဝါးရွက်များသာ လေအဟုန်က အားသစ် လောင်း၍ တအားတိုက်ခြွေသည့်တိုင် အညှာမကြွေ တွဲလောင်းပင်နေကြ လေ၏။

ဤမျှခြောက်သွေ့နေသောလေဖြင့် ကွင်းထဲတွင် ပျိုးကြဲထားသော ဂျုံစေ့များမှာ အညှောက်ထွက်ဖို့ ခဲယဉ်းလှပေရာ ဝမ်လန်းမှာ မိုးအရွာကို သာ တကြောင့်ကြကြ စောင့်မျှော်နေမိလေ၏။ မိုးသည် တစ်ခုသော မှိုင်း ပြာရီမှောင် တိမ်ခိုးတိမ်မြူတွေ ထောင်တက်လာသည့်နေ့တစ်နေ့တွင် လေ ပြင်းကလေး ခပ်သွက်သွက်ဖေ့လိုက်ပြီး ဝေါခနဲ ရွာကျလာလေ၏။ လေသည် ငြိမ်သက်သွားပြီးနောက် အငွေ့ဖြင့်နွေးလာလေရာ တစ်အိမ်လုံး မှာ နေသာထိုင်သာဖြစ်လျက် ရှိလာကြလျက် ဒလဟော အားသွန်ကာ ဖြောင့်ဖြောင့်တန်းတန်းကြီး ကျဆင်းနေသော မိုးရေတွေ လယ်ကွက်ထဲသို့ ငုပ်လျှိုးတိုးဝင်နေကြသည်ကိုလည်းကောင်း၊ အိမ်တံစက်မြိတ်မှ တဖြန်း ဖြန်း ကျဆင်းနေသော မိုးပေါက်များကိုလည်းကောင်းကြည့်ကာ ပီတိ

mgyoe.com

mgyoe.com SAMPLE BOOK

လျှပ်စစ်ပတ် ရစ်လှိုက်ဆူနေကြလေ၏။ ကလေးငယ်ကား ကြီးစွာသော အံ့သြခြင်းဖြင့် လက်ကလေးများကို ဆန့်တန်းလျက် ငွေပြားတွေပမာ ကျဆင်းလာသည့် မိုးရေတို့ကို ကိုင်ဖမ်းလေ၏။ ထိုနောက် ရယ်လေ၏။ ထိုအခါ လူကြီးများ ပါအတူရောတဲ ရယ်ကြလေ၏။ အဘိုးကြီးက ကလေးအနီးကြမ်းပေါ်တွင် ဆောင့်ကြောင့်ထိုင်လိုက်ရင်း ...

"ဒီကလေးလိုကလေး ဒိပြင်ရွာတွေ တစ်ဒါဇင်မှာတောင် မရှိဘူးကွ၊ ကြည့်စမ်း .. ငါ့ညီရဲ့သားသမီးတွေများဖြင့် လမ်းမလျှောက်နိုင်ခင် ဒီအရွယ်မှာ ဘာဆိုဘာမှ သိကြတာမဟုတ်ဘူး" ဟု ပြောလေ၏။

ဤသို့ဖြင့် လယ်ကွက်တွေထဲတွင် ဂျုံစေ့များမှာ အညှောက်တွေ ပေါက်လျက် နုထွတ်သော အစို့စိမ်းစိမ်းကလေးများပင်လည်း စွတ်စိုညို မှောင်သောမြေမှ လုံသွားများပမာ ထိုးထိုးထောင်ထောင် ထွက်ပေါ်၍လာ ကြလေ၏။

ထိုအချိန်မျိုး၌ အိမ်တိုင်းလိုလိုပင် ဧည့်မပြတ်အောင် ရှိလေ၏။ အကြောင်းမူ လယ်လုပ်သားတိုင်း၏စိတ်၌ "ဘုရားမလို့ မိုးရွာတာပဲ"ဟု အလွန်အကြူး ဝမ်းမြောက်ခြင်းဖြစ်နေကြလျက် ယခုအချိန်မှာ လယ်တွေ ရေလိုချိန်ဖြစ်သည့်အတိုင်း မိမိတို့ကိုယ်တိုင် ကျောရိုးကျိုးလုမတတ် ရေ ထမ်း၍ မလောင်းရဘဲနှင့် လယ်တွေအလိုလို ရေဝအံ့ကိုက် အဆင်ပြေသွား ခြင်းကြောင့် ဆီစိမ်စက္ကူထီးကြီးများကို ဆောင်းကာ လယ်ကန်သင်းတွေ ပေါ်တွင် လူးလားတုံ့ပြန် တစ်အိမ်ဝင်တစ်အိမ်ထွက် လက်ဖက်ရည်ကြမ်း ဝိုင်းထိုင်လိုက်နှင့် ပျော်မြူးနေကြသည်ဖြစ်၍ အိမ်တိုင်းတွင် ဧည့်စည်ကား နေကြလေ၏။

ဝမ်လန်း၏ဇနီးသည်ကား အိမ်ထဲမှာပင် ကုပ်နေလျက် ဖိနပ်များကို ချုပ်ရင်း အင်္ကျီတွေဖာထေးရင်း နှစ်သစ်ကူးအတွက် အကျွေးအမွေးလုပ်ရန် စိတ်ကူးကြံစည်၍သာ နေလေသတည်း။

ဝမ်လန်းတို့ ဇနီးမောင်နှံကား သူများတွေလို မကြာခဏ အိမ်လည် ပတ်ခြင်းမပြုကြပေ။ အိမ်စုကလေး ၆ အိမ်လောက်ရှိသော ရွာကလေးတွင် သူတို့အိမ်လောက် နေခင်းထိုင်ခင်းသာလျက် သူတို့အိမ်လောက် ပြည့်စုံ

mgyoe.com

mgyoe.com

SAMPLE BOOK


ကြွယ်ဝသောအိမ်ဟူ၍ တစ်အိမ်တလေမျှ မရှိရကား ဝမ်လန်းမှာ အခြားသူများနှင့် အလွန်အကြူး ခင်မင်ရင်းနှီးသွားမိလျှင် အချေးအငှား ထူလာမည်ကိုလည်း စိုးရိမ်မိလေ၏။ နှစ်သစ်ကား ကူးတော့အံ့။ သူလိုချင်သော အဝတ်သစ်အစားသစ်များနှင့် သူကျွေးချင်သော စားဖွယ်သောက်ဖွယ်များအတွက် သူကဲ့သို့ မည်သူသည် ငွေကုန်ခံနိုင်လိမ့်မည်နည်း။

ဝမ်လန်းမှာ အိမ်ထဲတွင်သာ ကုပ်နေလျက် ဇနီးသည်က အင်္ကျီဘောင်းဘီတွေ ဖာထေးချုပ်လုပ်နေသည့်အချိန်တွင် သူက ထွန်ခြစ်ကိုယူပြင်၏။ ကြိုးတွေပြတ်နေသည်ကိုတွေ့လျှင် သူ့ခြံမှ ထွက်သော ပိုက်ဆံကြိုးဖြင့် ပြန်ထုပ်လျက် လွန်သွားကြိုးနေသည်ကိုတွေ့လျှင် သေသပ်ကျွမ်းကျင်စွာဖြင့် အသစ်တစ်ခုကို သတ်ရိုက်၍ထည့်လေ၏။ သူက လယ်နှင့်စပ်ဆိုင်သော ကိရိယာတွေကို ပြုပြင်မွမ်းမံနေသည့်အချိန်၌ သူ့ဇနီး ‘အိုလင်’က အိမ်မှုကိစ္စအဝဝကို မလပ်အောင်ပြုလုပ်လေ၏။ စဥ့်အိုးပေါက်နေလျှင် အခြားသောအိမ်သူများကဲ့သို့ လွှင့်ပစ်ပြီး အသစ်တစ်လုံးထပ်ဝယ်ရန် စိတ်မကူး။ မြေကြီးနှင့် မြေစေးကို စရနယ်၍ အပေါက်တွင်ဖာထေးကာ မီးကလေးပြလိုက်ရုံမျှနှင့် အသစ်နှင့်မခြား ပြန်၍အသုံးပြုနိုင်လာ၏။

ဤသို့ဖြင့် ဇနီးမောင်နှံ နှစ်ယောက်တို့မှာ အိမ်ထဲကအိမ်ပြင်မထွက် အိမ်တွင်းပုန်းများလုပ်နေလျက် တစ်ယောက်က ပြောသည်ကိုလည်း တစ်ယောက်က နာခံလိုက်လျောခြင်းဖြင့် နေထိုင်လာကြရာ၌ ပြောကြဆိုကြသော စကားများမှာလည်း ထူးထူးထွေထွေ ဆန်းဆန်းပြားပြားများ မဟုတ်လှ။

“မင်း ဟိုကျီကြီးထဲက ပျိုးကြဲဖို့ မျိုးယူထားလိုက်သေးသလား” ဟူ၍ လည်းကောင်း သို့မဟုတ် ...

“တို့ ကောက်ရိုးတွေ ရောင်းပစ်ပြီး ပဲကိုင်းခြောက်တွေ ထင်းဆိုက်ပစ်ရအောင်” ဟူ၍လည်းကောင်း၊ သို့တည်းမဟုတ်ပြန်မူ ဝမ်လန်းက

“ဒီဖက်ထုပ်က တယ်အရသာရှိပါကလားဟေ့” ဟု မပြောစဖူးများ ပြောလိုက်ချေခဲ့သော် အိုလင်ကလည်း ...

“ဒီနှစ် ကျွန်မတို့ ဆန်မှုန့်ကောင်းကောင်းရတာကိုး” ဟူ၍ ပြေပြေ

mgyoe.com

mgyoe.com
SAMPLE BOOK


ပြစ်ပြစ် ဖြေလိုက်ခြင်းဖြင့်သာ စကားအချီအချ ပြီးဆုံးသွားကြသည်ဖြစ်၏။

ထိုနှစ်အတွက် လယ်ထွက်သီးနှံ အားလုံးရောင်းရသော ငွေမှာ သူတို့တောင့်တခြင်းထက်ပင် ပိုနေလျက် ဒေါ်လာဒင်္ဂါး လက်တစ်ဆုပ်ခန့်ပင် ရရှိပိုက်မိရကား ဝမ်လန်းမှာ လက်ထဲတွင်မထားရဲအောင် စိတ်ချောက်လာလျက် မယားမှတစ်ပါး မည်သူ့အားမျှ အသိမပေးရဲအောင်ရှိနေလေ၏။ လင်မယားနှစ်ယောက် ခေါင်းချင်းရိုက်လျက် နောက်ဆုံးတွင် သူငယ်မက အကြံရကာ သူတို့အိပ်ရာခြေရင်း ထရံနားဗ္ဗ တွင်းတစ်ခုတူးလျက် ပိုက်ဆံများကိုမြှုပ်ပြီး အပေါ်က မြေထပ်ဖို့ထားလိုက်သည်တွင် နေရာမပျက် မြေပြင်အတိုင်းဖြစ်သွားလေ၏။ သို့သော် ဝမ်လန်းနှင့် အိုလင်အဖို့ကား ထိုနေရာကလေးမှာ တိတ်တိတ်ပုန်း ချမ်းသာခြင်းကို ဖော်ပြနေလေ၏။ သို့ဖြစ်လေရာ လိုသထက်ပိုနေသော ငွေကလေး ရေတတ်လာခြင်းအတွက် ဝမ်လန်းမှာ သူငယ်ချင်းအပေါင်းအဖော်တွေကြားသို့ လျှောက်သွားမိသည့်အခါများတွင် စိတ်ပေါ့ကိုယ်ပေါ့နှင့် စိတ်အေးလက်အေး လျှောက်နိုင်လာလေတော့သတည်း။

●

mgyoe.com

mgyoe.com SAMPLE BOOK

## (၅)

နှစ်သစ်ကူးပွဲတော် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်၍ အိမ်တိုင်း၌ပင် ပွဲတော်အတွက် ဆင်ပြင်လုပ်ကိုင်နေကြလေ၏။ ဝမ်လန်းသည် မြို့ကိုတက်ခဲ့ပြီး ဖယောင်းတိုင်ဆိုင်မှ "ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ" "ပစ္စည်းရတနာ တိုးတက်ကြပါစေ" ဟူသော စာလုံးများကို ရွှေမင်ဖြင့် ရေးထားသည့် စာရွက်နီများ ဝယ်ယူခဲ့လျက် နှစ်သစ်ကူးတွင် စီးပွားဥစ္စာလာဘ်သပ်ပကာ ဖွံ့ဖြိုးတိုးတက်ပါစေတော့ဟု လယ်နှင့်စပ်ဆိုင်သော ပစ္စည်းကိရိယာများအပေါ်၌ လျှောက်ကပ်ထားလေ၏။ ထွန်တုံးပေါ်တွင်လည်းကောင်း၊ နွားတံပိုးပေါ်တွင်လည်းကောင်း ရေနှင့် နောက်ချေးများ သယ်ယူသည့် ရေပုံးများပေါ်တွင်လည်းကောင်း ထိုစာရွက်နီများကို တစ်ခုစီ လျှောက်၍ကပ်လေ၏။ ထိုနောက် အိမ်တံခါးများတွင်လည်း မှတ်သားဖွယ် စကားအလင်္ကာလေးများကိုလည်းကောင်း၊ သူ့အခန်းဝ၌လည်း စက္ကူပန်းနီရဲရဲကြီးကိုလည်းကောင်း ကပ်ပြန်၏။ ၎င်းပြင် နတ်ရုပ်များအတွက် ဝတ်လဲတော်အသစ်ဆက်ရန် စက္ကူနီများလည်း ဝယ်ယူခဲ့လေရာ သူ့အဖေက တုန်ချိနေပြီဖြစ်သော လက်များဖြင့် ကျွမ်းကျင်စွာ ကိုက်ဖြတ်ကော်ကပ်ပြုလုပ်ပေးသည်ကို ယူလျက် နတ်ကွန်းသို့သွားပြီး ဆက်လေ၏။ ထိုနောက် နှစ်သစ်ကူးအတွက် အမွှေးတိုင်အနည်းငယ်ဖြင့်လည်း ပူဇော်ခဲ့ပေသေး၏။ အိမ်အတွက်မူ အလယ်ခန်းထရံတွင် ကပ်ထားသော ဘုရားကား၏အောက်မှ စားပွဲပေါ်တွင် ဖယောင်းတိုင်အနီကလေးနှစ်တိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


စိုက်ကာ ထွန်းညှိပူဇော်ပြန်လေသည်။

ထိုနောက် ဝမ်လန်းသည် မြို့ကိုတက်ပြန်ပြီး ဝက်ဆီခေါက်နှင့် သကြားများ ဝယ်ယူပြန်ရာ ဇနီးသည်က ဝက်ဆီခေါက်ကို အမွေးတွေနှင့် စင်အောင်နုတ် ဖြူဖွေးလာအောင် ပြုပြင်လျက် အိမ်ကမောင်းဆုံတွင် ထည့်၍ ထောင်းသော ဆန်မှုန့်ထဲ၌ အဆိုပါဝက်ဆီနှင့်သကြားကိုထည့်၍ စရနယ်ကာ ဟွမ်၏အိမ်ကြီးတွင် အမြဲစားလေ့ရှိသော လမုန့်များကို နှစ်သစ်ကူးအတွက် ပြုလုပ်လေ၏။

မုန့်များကိုဖုတ်ခါနီး လှီး၍ စားပွဲပေါ်၌ တင်ထားသောအခါ ဝမ်လန်း၏စိတ်ထဲတွင် သွေးများပင်ကြီးလျက် ဝမ်းသာလုံးဆို့သွားလေ၏။ သူဌေးစား မင်းစား ဆင်းရဲသားပမ္ပားများဆိုလျှင် လားလားမျှမစားနိုင်သော ဤမုန့်မျိုးကို သူ့ဇနီးကဲ့သို့ ကင်နိုင် ဖုတ်နိုင် ကျွမ်းကျင်စွာလုပ်နိုင်သူ ဤရွာထဲတွင် တစ်ယောက်မျှမရှိဟုလည်း ထင်မိလေ၏။ သူ့ငယ်မကား အချို့သောမုန့်များ၏ မျက်နှာတွင် ဆေးနီအတန်းကလေးများ ဆိုးလျက် စပျစ်သီးခြောက်များဖြင့် ပန်းပွင့်ပန်းကွက်ကလေးများ ဖြစ်အောင် ခြယ်စီထားလေ၏။

"စားတောင် မစားရက်ပါဘူးကွာ" ဟု ဝမ်လန်းက ပြောလိုက်လေ၏။

အဘိုးကြီးမှာလည်း တောက်ပဆန်းကြယ် ရောင်စုံတွေခြယ်ထားသည်ကိုမြင်ရ၍ အူမြူးနေသော ကလေးငယ်ပမာ စားပွဲဘေးပတ်ပတ်လည် ပတ်ချာလှည့်လျက် ...

"ဟေ့ မင်းဦးလေးနဲ့ ကလေးတွေ ခေါ်လိုက်စမ်းပါဦးကွာ၊ သူတို့လည်း ကြည့်ကြပါစေ" ဟု ပြောလေ၏။

သို့သော် စီးပွားအနည်းငယ် တက်လာခြင်းမှာ ဝမ်လန်းအား အရာရာ စိတ်မချနိုင်အောင် ဖြစ်နေစေလေ၏။ မုန့်လုပ်ခြင်းကို ကြည့်ဖို့ရန်ကိစ္စကလေးအတွက် ဆင်းရဲသားလူဆာလောင်တို့အား အိမ်ထဲခေါ်မသွင်းလိုပေ။

"နှစ်မဆန်းခင် မုန့်တွေ လူမြင်တာ နိမိတ်မကောင်းပါဘူးအဘရ"

mgyoe.com

mgyoe.com
SAMPLE BOOK


ဟု ကမန်းကတန်း ပြောလိုက်လေ၏။ ထိုအခါ လက်နှစ်ဖက်စလုံးတွင် ဆန်မှုန့်တွေ ဝက်ဆီတွေ စေးကပ်ပေကျံနေသော သူငယ်မက ...

"ဒါတွေက ကျုပ်တို့စားဖို့မဟုတ်ဘူးတော့၊ ဟောဟိုက ဆေးမဆိုးတဲ့ မုန့်ရိုးရိုးထဲက တစ်ခုနှစ်ခုလောက်ဟာ ဧည့်သည်တွေ မြည်းချင် မြည်းကြပါစေဆိုပြီး လုပ်တာ၊ ဒီဝက်ဆီတို့ သကြားတို့နဲ့လုပ်တဲ့ မုန့်မျိုးလည်း ကျုပ်တို့နဲ့ မတန်သေးပါဘူး၊ ကျုပ်လုပ်နေတာက ဟိုအိမ်ကြီးက ကျုပ်သခင်မကြီးစားဖို့လုပ်နေတာ၊ နှစ်ဆန်း ၂ ရက်နေ့မှာ ကျုပ်သားကလေးနဲ့ ကျုပ် ဒီမုန့်တွေကို သခင်မကြီးဆီသွားပြီး လက်ဆောင်ပေးမလို့တော့" ဟု ပြောလေ၏။

သို့ဖြစ်လေရာ မုန့်များမှာ မူလကထက်ပင် ပို၍ အရေးပါ အရာရောက်လာပြန်လျက် ဝမ်လန်းမှာ ယခင်တစ်လောက မိမိ ကြောက်ကြောက်ရွံ့ရွံ့နှင့် ရပ်နေခဲ့ရသော ထိုအိမ်ကြီး၏ အခန်းကြီးထဲသို့ ယခုအခါ မိမိဇနီးသည်သည် သားကလေးကိုပိုက်လျက် အဝတ်အစားနီနီရဲရဲများကိုဝတ်ဆင်ပြီးသော် အကောင်းဆုံးဆန်မှုန့်များ သကြားများ ဝက်ဆီများဖြင့် ပြုလုပ်သည့် လမုန့်တို့ကိုလည်း လက်ဆောင်ပေးရင်း ဧည့်သည်တစ်ဦးအနေ သွားရောက်ရမည့်အဖြစ်ကို တစိမ့်စိမ့်တွေးရင်း ဝမ်းသာအားရ ပီတိဟုန်ကြွ၍နေလေ၏။

နှစ်သစ်ကူးနှင့် စပ်လျဉ်းသော ကျန်ကိစ္စဟူသမျှမှာ ထိုအိမ်ကြီးသို့ အလည်အပတ်သွားရမည့်ကိစ္စ ပေါ်လာသည်နှင့်တစ်ပြိုင်နက် 'ကျား အပေါ်လာ နွားအော်ကာပြေးရသကဲ့သို့' မြုပ်ကွယ်ပပျောက်ကုန်ကြလေ၏။ အိုလင်ကိုယ်တိုင် ချုပ်ပေးထားသော ဖျင်ကုတ်အင်္ကျီအနက်ကြီးကို ဝတ်ကြည့်ရင်းလည်း ဝမ်လန်းမှာ "ငါ သူတို့ကို ဟိုအိမ်ကြီးလိုက်ပို့တဲ့အခါကျမှ ဝတ်မယ်" ဟု ကြုံးဝါးနေလေ၏။

နှစ်သစ်ကူးသည့်နေ့၌ ဦးလေးဖြစ်သူနှင့် အိမ်နီးနားချင်းများ အိမ်သို့ တပြုံတခေါင်းကြီး ရောက်လာကြကာ စားကြသောက်ကြ မူးယစ်ကြနှင့် သူ့အဖေနှင့် သူ့အား နှစ်သစ်ကူးဆုတောင်းအမျိုးမျိုး တောင်းကြပေးကြသည်ကိုလည်း ဝမ်လန်းမှာ အကြီးအကျယ် စိတ်နောက်ကျိမိလေ

mgyoe.com

mgyoe.com
SAMPLE BOOK


၏။ ဆေးဆိုးထားသော လမုန့်များအား ထိုလူသိုက်ကဲ့သို့သော သာမန်လူများကို ထုတ်ကျွေးနေရမည်စိုးသဖြင့်လည်း လုံလုံခြုံခြုံ မမြင်ကွယ်ရာသို့ သွားဝှက်ထားမိလေ၏။ ဤသို့ ဝှက်ထားရင်းကလည်း ထုတ်ကျွေးသော အပြုံသက်သက် လမုန့်ရိုးရိုးကလေးတို့ကိုပင် "အရသာရှိပါပေသည်၊ ကောင်းလှပါပေသည်" စသည်ဖြင့် ချီးမွမ်းထောမနာပြုသံ ကြားရသော အခါ၌ "အရောင်နဲ့မုန့်တွေလည်း စားကြည့်ကြစမ်းပါဦးဗျာတို့" ဟု မကြွားလိုက်မိအောင် မနည်းစိတ်ထိန်း ပါးစပ်ပိတ်ထားရလေ၏။

မိန်းမတွေ တစ်ယောက်အိမ်တစ်ယောက် သွားရောက်လည်ပတ်ကြသည့် နှစ်ဆန်း ၂ ရက်နေ့သို့ ရောက်လာခဲ့သောအခါ၌ကား ယမန်နေ့က ကောင်းကောင်းစား၍ ကောင်းကောင်းမူးခဲ့သော ဝမ်လန်းမှာ မယားနှင့်အတူ မနက်အစောကြီး အိပ်ရာမှထလျက် သူငယ်မက ကလေးအား သူကိုယ်တိုင်ချုပ်လုပ်ပေးထားသော ကုတ်အင်္ကျီအနီကလေးကိုလည်းကောင်း၊ ကျားပါးစပ်ဖိနပ်ကလေးကိုလည်းကောင်း ဝတ်စားဆင်ပြင်ပေးကာ နှစ်သစ်မကူးခဲ့မီ တစ်နေ့က ဝမ်လန်းကိုယ်တိုင် ခေါင်းရိတ်ပေးထား၍ ပြောင်နေသော ကလေး၏ ခေါင်းတွင်လည်း ရွှေရောင်ဘုရား ရုပ်ပွားတော်ကလေးတစ်ဆူပုံ ဇာအပ်နှင့်ထိပ်တွင် ထိုးပေးသည့် ဦးထုပ်ကလေးကို စွပ်ပေးပြီးလျှင် ကလေးအား အိပ်ရာပေါ်၌ ချထားလိုက်လေ၏။

ထိုနောက် အိုလင်သည် ရှည်လျားနက်ပြောင်သော သူ့ဆံပင်များကို ဘီးတစ်ခုဖြင့်ဖြီးရင်း နောက်တွဲကလေးထုံးလျက် သူ့ချစ်လင် ဝယ်ပေးထားသော ငွေရေပွတ် ကြေးဆံထိုးတစ်ချောင်းဖြင့် ထိုးစိုက်လိုက်ကာ အထည်ဆိုင်က အတောင်ကောင်းသဖြင့် ပိတ် ၂၄ တောင်ဝယ်ရာတွင် ၂-တောင် ပိုပါလာသောပိတ်စမှ တစ်ဝက်ကို လင့်အတွက် ကုတ်အင်္ကျီတစ်ထည်ချုပ်ပြီး သူ့အတွက်ချုပ်ထားသည့် ပိတ်အင်္ကျီအနက်ကို ဝတ်ဆင်နေစဉ် ဝမ်လန်းကလည်း ကပျာကသီ အဝတ်အစားလဲနေ၏။ ဝတ်စားပြီးသောအခါ ဝမ်လန်းက ကလေးကိုချီလျက် သူငယ်မက မုန့်ဆွဲခြင်းကို ဆွဲပြီး အိမ်မှထွက်ကြလျက် လယ်ကန်သင်းတွေအတိုင်း လျှောက်လာခဲ့ကြလေသတည်း။

mgyoe.com

mgyoe.com
SAMPLE BOOK


ဟွမ်၏အိမ်ဝင်းဝသို့ ရောက်သွားကြသောအခါ ဝမ်လန်းမှာ ဆုထူးတစ်ခုနှင့် တွေ့နေလေ၏။ အကြောင်းမူ ၎င်းတို့အား မြင်လျှင်ပင် တံခါးစောင့်သည် ပါးပေါ်ရှိ မှဲ့ကြီးမှပေါက်နေသည့် မင်းမွေးများကို လက်နှင့်လိမ်ကျစ်ရာမှ ...

"အား လယ်သမား ဝမ်ပါလားဟေ့ ... ဒီတစ်ခါတော့ တစ်ယောက်တည်းမဟုတ်တော့ဘဲ သုံးယောက်တောင် ဖြစ်နေမှကိုး" ဟု ပြောဆိုရင်း ၎င်းတို့ချီလာသည့် သားယောကျ်ားကလေးကိုလည်းကောင်း၊ ဝတ်စားဆင်ပြင်လာသည့် အဝတ်သစ် အစားသစ်များကိုလည်းကောင်း ကြည့်ပြန်ကာ

"မင်းတို့ရဲ့ဇာတာစန်းလာဘ်က တက်ပြီးဖြစ်နေတော့ အခုနှစ်အတွက် အထွေထွေထူးထူး ဆုတောင်းနေဖို့တောင် မလိုတော့ပါဘူးကွာ" ဟု ပြောဆိုပြန်လေ၏။

ထိုအခါ ဝမ်လန်းက အဆင့်အတန်းချင်း မကွာလှသော ဂုဏ်ရည်တူတစ်ယောက်အား ပြန်ပြောပုံမျိုး အရေးမစိုက်ဟန်နှင့်ပင် ...

"အရောင်းအဝယ်က ထပွလို့ပေါ့ဗျ၊ ထပွလို့ပေါ့" ဟု ပြောဆိုရင်း ဝင်းထဲသို့ ရဲရဲဝံ့ဝံ့ စိတ်ချလက်ချနှင့် လှမ်းဝင်လိုက်လေ၏။

တံခါးစောင့်လည်း သဘောကျသွားလျက် ဝမ်လန်းအား ...

"ငါ မင့်မိန်းမနဲ့ မင့်သားကလေး အထဲခေါ်သွားဦးမယ်၊ မင်း ငါ့အခန်းစုတ်ကလေးထဲမှာ နေရစ်ခဲ့တာပေါ့" ဟု ပြောဆိုလေရာ ဝမ်လန်းသည် ထိုနေရာတွင်ပင် ခေတ္တရပ်လျက် အိမ်ရှင်မကြီးကိုပေးရန် လက်ဆောင်တွေနှင့် ဘုံဆောင်တွေ တစ်ဆောင်ပြီးတစ်ဆောင် ဖြတ်သန်းရင်း ဝင်သွားနေကြသော သားအမိနှင့် တံခါးစောင့်အား မျှော်ကြည့်နေလေ၏။ ဤကား သူဂုဏ်တက်ဖို့ပင်တည်း။ လမ်းကလေးအတိုင်း ဘုံဆောင်တွေအောက် တစ်ဆောင်ပြီးတစ်ဆောင် ဖြတ်ကာ ဝင်သွားနေသောလူတွေ တစ်ဖက်သို့ချိုး၍ ကွယ်ပျောက်သွားမှ ဝမ်လန်းသည် တံခါးစောင့်၏ အိမ်သို့ လျှောက်ခဲ့လေရာ တံခါးစောင့်ကတော် ကျောက်ပေါက်မာနှင့် မဟာဝါက ဧည့်ဝတ်ကျေပွန်စွာဖြင့် အလယ်ခန်း၌ စားပွဲတစ်လုံးဘေးတွင် နေရာထိုင်ခင်းများ ပေးလေ၏။ ထိုနောက် လက်ဖက်ရည်တစ်ခွက်ပင် ဖျော်

mgyoe.com

mgyoe.com
SAMPLE BOOK


၍ တည်လေသေးသည်ကို ဝမ်လန်းသည် ခေါင်းကလေးညိတ်သည်ဆိုယုံ ညိတ်၍ လက်ဖက်ရည်ပန်းကန်ကို လှမ်းယူပြီး ရှေ့တွင်ချထားလိုက်လေ၏။ သို့သော် လက်ဖက်ခြောက်ပင် ညှံ့နေသလိုလို မသောက်ဘဲ ဟိတ်ဟန်နှင့် နေလေ၏။

အချိန်အတော်ပင် ကြာသွားသလိုလိုရှိမှ သားအမိနှစ်ယောက်နှင့် တံခါးစောင့်သည် ပြန်ရောက်လာ၏။ ဝမ်လန်းသည် ချောချောမောမောမှ ရှိလာပါရဲ့လားဟု မယားသည်၏ မျက်နှာကို အတန်ကြာနီးနီးကပ်ကပ် သေချာအကဲခတ်၍ ကြည့်နေမိလေ၏။ သို့ကြည့်မိခြင်းမှာ ဘယ့်လောက်ပင် ဆိုဆိုဆဲဆဲ မျက်နှာမပျက် အရေထူထူနှင့် ခံနိုင်ရည်ရှိသော ဇနီးသည်၏ ရိုးသားလှသည့်မျက်နှာကလေးမှာ ယခုအခါ အနည်းငယ် ထူးခြားပြောင်းလဲ၍ လာခြင်းကို အကဲခတ်မိသောကြောင့်ပင် ဖြစ်လေ၏။ သူငယ်မ၏ အမူအရာမှာ စိတ်လေးလေးပင်ပင် ရှိလာသည့်အသွင်ကိုဆောင်နေရကား ယခုကိစ္စနှင့်လာခဲ့ရာ၌ မိမိကိုယ်တိုင် ဝင်လိုက်မသွားနိုင်ခဲ့သော အိမ်ထဲတွင် ဘာတွေဖြစ်လာသည်ကို မယားထံမှ မကြားမသိရမီအတွင်း စိတ်မရှည်နိုင်အောင် ယားကျိကျိဖြစ်လာလေ၏။

တံခါးစောင့်နှင့် သူ့ဇနီးကျောက်ပေါက်မာနှင့် မဟာဝါအား ခပ်မြန်မြန်ပင် ဦးညွှတ်နှုတ်ဆက်လျက် အိပ်ပျော်နေပြီဖြစ်သော ကလေးကိုချီရင်း မယားသည်အိုလင်အားခေါ်၍ ခြေကုန်သုတ်ထွက်လာခဲ့ရာမှ ...

"ဘယ့်နှယ်လဲဟေ့" ဟု နောက်မှ တကောက်ကောက်လိုက်လာနေသည့် ဇနီးသည်အား လည်ပြန်ကြည့်ရင်း စလိုက်လေ၏။ သို့သော် နေ့ကွေးအေးစက်လှသော ဇနီးကိုကြည့်ရင်း စိတ်မရှည်နိုင်အောင် ဖြစ်ရပြန်လေ၏။ သူ့ဇနီးကား အနားရောက်အောင် အနည်းငယ်ကပ်လာပြီး လေသံဖြင့် ...

"မေးလို့ရှိမှ ကျုပ်တော့ ဒီနှစ် သူတို့တစ်တွေ နည်းနည်းပန်းနေပြီ လို့ထင်တာပဲ"ဟု ဆင်းရဲဒုက္ခရောက်သူနှတ်အား ရိုးမယ်ဖွဲ့၍ ထိတ်ထိတ်လန့်လန့်နှင့်ပြောသံမျိုး ပြောလေ၏။

"မင့်ဟာက ဘာအဓိပ္ပာယ်လဲကွ" ဟု ဝမ်လန်းက ပြန်မေးလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


သို့သော် သူငယ်မကား မြန်မြန်ထက်ထက်မရှိ၊ စကားတစ်လုံးနှင့် တစ်လုံး မနည်းစဉ်းစား၍ ပြောနေရသကဲ့သို့ ...

"သခင်မကြီး ဒီနှစ် ဒီအင်္ကျီပဲ ခါးကမချွတ်ဘူး၊ ဒါမျိုးတစ်ခါမှ မတွေ့ဖူးဘူး၊ ခိုင်းတဲ့ကောင်မတွေလည်း အဝတ်သစ်အစားသစ်နဲ့ မဟုတ်ကြဘူး"

တစ်ဖန် စကားရပ်သွားပြီးနောက် ဆက်လက်၍ ...

"ခိုင်းတဲ့ကောင်မတွေဆို ဘယ်ဟာမှ ကျုပ်လောက်တောင် အဝတ်အစား မပြောင်လှဘူး"

အနည်းငယ်ရပ်ပြီးနောက် ဆက်လက်၍ ...

"ပြီးတော့ သခင်ကြီးနဲ့ အပျော်မယားတွေက မွေးခဲ့တဲ့ကလေးတွေဆိုရင်လည်း ကျုပ်တို့သားကလေးလောက် လှတာရော အဝတ်အစား ပြောင်တာရောကို တစ်ယောက်မှ မတွေ့ခဲ့ရဘူး" ဟု ပြောလေ၏။ သို့ပြောရင်းက သူငယ်မ၏မျက်နှာမှာ ပြုံးရောင်ရောင်ဖြစ်လာသည်ကို တွေ့ရလေရာ ဝမ်လန်းလည်း ကျယ်လောင်စွာရယ်မိသွားလျက် သားကလေးကို မြတ်နိုးလှစွာ ရင်ခွင်တွင် အပ်၍ ထားလိုက်လေ၏။

"တယ်တော်တဲ့သားကွ ... တယ်တော်တဲ့သား"

အလွန်အကြူး ဘဝင်မြင့်သွားရာမှ ရုတ်တရက် ထိတ်လန့်သွားမိပြန်လေသည်။

သားချော သားလှကလေးကိုပိုက်၍ တဈေမှင်စာတွေ အနားက ဖြတ်၍သွားခိုက်နှင့်များ ကြုံလျှင် မြင်သွားအောင် လမ်းလယ်ကောင်ကြီး အကာအကွယ်မရှိ လျှောက်နေကြခြင်းမှာ မည်မျှမိုက်မဲ အဆင်အခြင် ကင်းလှဘိသနည်း။

ကုတ်အင်္ကျီကြယ်သီးကို ကပျာကသီဖြုတ်လိုက်ပြီး ကလေး၏ ခေါင်းကလေးကို အင်္ကျီအောက်သွင်းလျက် ရင်ခွင်နှင့်အပ်ထားလိုက်ရင်း အသံကျယ်ကျယ်ပြုကာ ...

"ကွာ လူတိုင်းက အော့နလုံးနာနေတဲ့ ကျောက်ပေါက်မာဗရုဇ်စိန်နဲ့ တို့သမီးကလေး ဘယ့်လောက် သနားစရာကောင်းလိုက်ပါဘိ၊ မြန်မြန်

mgyoe.com

mgyoe.com
SAMPLE BOOK


သေသွားအောင် တို့ ဆုတောင်းလိုက်ကြပါစို့ကွာ” ဟု ပြောလိုက်လေ၏။

“ဟုတ်တယ်တော့ ... ဟုတ်တယ်” ဟု ဇနီးသည်ကလည်း ဘယ်လိုသဘောနှင့် ပြောလိုက်သည်ကို ခပ်ရေးရေးမျှ ရိပ်မိလာရင်း ရှေ့လောကြီးနိုင်သမျှ ရှေ့လောကြီးကြီးနှင့် ပြန်ပြောလိုက်လေ၏။

ကလေးအတွက် ဤသို့အကာအကွယ်များ ပြုလုပ်လိုက်ပြီးနောက် စိတ်သက်သာရာရသွားကာ ဝမ်လန်းက။

“သူတို့ ဘာပြုလို့ စီးပွားလျော့သွားတယ်ဆိုတာ မင်း စုံစမ်းမကြည့်ခဲ့ဘူးလားကွ” ဟု ထပ်၍မေးပြန်လေ၏။

“အရင်က ကျုပ်သူ့လက်အောက်မှာ အလုပ်လုပ်ခဲ့ရဖူးတဲ့ ထမင်းချက်ကြီးတစ်ယောက်နဲ့တော့ နှစ်ယောက်ချင်း တိုးတိုးပြောခဲ့ရတယ်။ သူက ဘာပြောသလဲဆိုတော့ သားငါးယောက်က တခြားနိုင်ငံမှာသွားပြီး ငွေတွေကိုရေလိုဖြုန်း မယားတွေတစ်ယောက်ပြီးတစ်ယောက်ယူ အိမ်လာရင် တစ်ယောက်ပြီးတစ်ယောက် ကန်ထုတ် သခင်ကြီးကလည်း အိမ်မှာ အပျော်မယားတွေ တစ်နှစ်တစ်ယောက်တိုးလိုက် နှစ်ယောက်တိုးလိုက်၊ သခင်မကြီးကလည်း တစ်နေ့တစ်နေ့ ဘိန်းရှူလိုက်တာက ရွှေတွေ ခြေကျင်းပတ်မြုပ်လောက်အောင် ကုန်နေတော့ ဒီအတိုင်းသာဆိုရင် ဒီအိမ်ဟာ ကြာကြာမခံတော့ဘူးလို့ ပြောလိုက်တာပဲ”

“တကယ်ပဲလားကွ”

ပြီး တတိယသမီးတစ်ယောက်ကလည်း အခုမိုးတွင်းမှာ လက်ထပ်တော့မလို့တဲ့” ထို့နောက် ဆက်လက်ကာ “ပြီး သူတို့တင်ရမယ့် ခန်းဝင်ပစ္စည်းကလည်း မင်းသားတစ်ပါးပြန်ပေးလုပ်တဲ့ ငွေလောက် မြို့ကြီးပြကြီးမှာ အစိုးရရာထူးတစ်ခုခု ဝယ်ယူနိုင်တဲ့ ငွေလောက်များသတဲ့၊ သတို့သမီးကလည်း အကောင်းဆုံးပိုးဖဲတွေကလွဲလို့ ဘာမှမဝတ်ဘူးတဲ့၊ စူချောင်နဲ့ ဟန်ချောင်မှာ ဆိုးတဲ့ပန်းပွင့် ပန်းခက်တွေနဲ့မှသုံးသတဲ့ နောက်ပြီးတော့ ရှန်ဟဲက စက်ချုပ်တဲ့လူကိုလည်း သူ့နောက်လိုက်နောက်ပါ တပည့်တပန်းတွေနဲ့ နိုင်ငံခြားက မိန်းမတွေဝတ်တဲ့ အဝတ်အစားမျိုး ထက် ခေတ်နောက်မကျအောင် ခေါ်ယူပြီး ချုပ်ခိုင်းမတဲ့”

mgyoe.com

mgyoe.com

SAMPLE BOOK


"နေပါဦးကွာ ဒါလောက်တောင် အကုန်အကျခံပြီးတော့ ဘယ်သူနဲ့များ လက်ထပ်မှာတဲ့လဲကွ" ဟု ဝမ်လန်းမှာ ငွေတွေဒလဟောအကုန်ခံမယ်ဆိုခြင်းကို ချီးမွမ်းခြင်း ထိတ်လန့်ခြင်း ရောပြွမ်းလျက်မေးလိုက်မိလေ၏။

"ရှန်ဟဲက တရားသူကြီးတစ်ယောက်ရဲ့ ဒုတိယမြောက်သားနဲ့တဲ့" ဟု သူငယ်မက ဖြေဆိုကာ အတန်ကြာပင် စကားပြတ်သွားပြီးနောက်မှ ဆက်လက်၍ ...

"သူတို့တော့ ဆင်းရဲသည်ထက် ဆင်းရဲတော့မှာပဲ ဘာပြုလို့လဲ ဆိုတော့ သခင်မကြီးကိုယ်တိုင်က ကျုပ်ကိုပြောလိုက်တယ်၊ သူတို့ ဟို အိမ်တောင်ဘက်က ဟို ... မြို့ဝင်တံခါးရှိတယ်မဟုတ်လား၊ အဲဒီမြို့တံခါး အပြင်ဘက်နားက လယ်တွေကို ရောင်းပစ်တော့မတဲ့ ဒီလယ်တွေဟာ နှစ်တိုင်း စပါးစိုက်နေတဲ့လယ်တွေ မြို့ရိုးနားက ကျုံးနဲ့နီးတော့ ရေကောင်းကောင်းရတဲ့လယ်တွေပေါ့" ဟု ပြောလေ၏။

"ဘာ ... လယ်တွေရောင်းပစ်တော့မယ်" ဝမ်လန်းမှာ လိပ်ပတ်လည်၍လာလေ၏။ ဒါဖြင့်ရင် သူတို့တကယ်ဆင်းရဲလာတာပေါ့ လယ်ဆိုတာဟာ လူတစ်ယောက်ရဲ့ အသွေးနဲ့အသား" ဟု ပြောလေ၏။

အတန်ကြာ ဆက်လက်လျှောက်လာခဲ့ကြရာမှာ ရုတ်တရက် အကြံတစ်ခုပေါ်လာဘိသကဲ့သို့ လက်ဝါးဖြင့်ခေါင်းကိုပွတ်ရင်း "ငါ မစဉ်းစားမိဘူးကွာ" ဟု အော်လျက် ဇနီးသည်ဘက်သို့လှည့်ပြီး "တို့ ဒီလယ်ကို ဝယ်မယ်" ဟု ပြောလေ၏။

ထို့နောက် တစ်ယောက်မျက်နှာကို တစ်ယောက် စိုက်ကြည့်နေကြလေ၏။ သူကား ဝမ်းသာအားရနှင့် သူငယ်မမူ စိတ်အိုက်လျက် ...

"ဒါပေမဲ့ ဒီလယ်က ဒီလယ် ..."

သူငယ်မမှာ ရှေ့မဆက်နိုင်။

"ငါ ဝယ်မယ်လကွာ၊ ငါ ဟွမ်အိမ်က ဝယ်ယူလိုက်မယ်ကွ" ဟု ဝမ်လန်းက သခင်သံ အထက်သံဖြင့် အော်ပြောလိုက်ပြန်၏။

"သိပ်ဝေးလွန်းတယ်တော့ နေ့တစ်ဝက်လောက် လျှောက်မှရောက်

mgyoe.com

mgyoe.com

SAMPLE BOOK


မှာ" ဟု သူငယ်မက တွန့်ဆုတ် တွန့်ဆုတ်နှင့် လုပ်နေ၏။

"အို ဝယ်မယ်ကွာ"

မိခင်က တားသည့်အခါ စိတ်ကောက်ကောက်နှင့် ပြန်ပြောသော ကလေးငယ်လို ဝမ်လန်းက ဖွတ်တိုး၍ ပြောပြန်လေသည်။

"လယ်ဝယ်တယ်ဆိုတာကတော့ ကောင်းသပေါ့နော် ပိုက်ဆံတွေ မြေကြီးထဲ မြှုပ်ထားတာထက်တော့ အားကြီး ပိုကောင်းသပေါ့ ဒါပေမဲ့ တော့် ဦးလေး လယ်တွေထဲကတော့ ဘာပြုလို့မဝယ်သလဲ၊ တော့်ဦးလေး က ကျုပ်တို့ အခုရှိတဲ့ ဟိုအနောက်ဘက်ကွင်းတွေနားက သူ့လယ်ကို ရောင်းချင်လွန်းလို့ နန့်နန့်တက်နေတဲ့ဥစ္စာ"ဟု သူငယ်မက စကားပြေထိုး လေ၏။

"ငါ့ဦးလေးလယ်လား ဝင်ချင်ပါဘူး၊ အနှစ် ၂၀ လုံးလုံးဟာ လယ်ထဲ နောက်ချေးမှ ခင်းဖော်မရ၊ နှမ်းဖတ်မှ ဖျန်းပေါ်မရ၊ စပါးသာ တရိတ် တည်း ရိတ်ယူနေတာ မြေတွေဟာ ထုံးခြောက်ခဲဖြစ်နေပြီ၊ ဟင့်အင်း ငါ တော့ ဟွမ့်လယ်ပဲဝယ်မယ်"ဟု ဝမ်လန်း ကျယ်လောင်ကျယ်လောင် ပြော ပြန်၏။

သို့ပြောဆိုရာ၌ 'ဟွမ် လယ်' ဟူသော စကားများကို သူ့အိမ်နီး ချင်း လယ်သမား 'ချင်းရဲ့လယ်' ဟူ၍ ပေါ့ပေါ့ဆဆ မခဲမယဉ်းပြောဘိ သကဲ့သို့ပင် ပြော၏။ သူ့ကိုယ်သူ အဆိုပါ ငွေတွေ အရမ်းဖြုန်းတီးပစ် နေသည့် လူသော့သွမ်းများ၏ အိမ်ကြီးက လူတွေထက်ပင် အတန်းမြင့် နေသလိုလို အောက်မေ့နေ၏။ လက်ထဲတွင် ငွေတွေကိုင်လျက် ထိုအိမ် ကြီးသို့သွားရောက်ပြီး ခပ်ပြောင်ပြောင် ခပ်ဘွင်းဘွင်းနှင့်ပင် "ကျုပ်မှာ ငွေရှိတယ် ခင်ဗျားတို့ ရောင်းချင်တဲ့လယ်က အဖိုးဘယ်လောက်လဲ" ဟု သူဌေးကြီးရှေ့၌ မိမိပြောနေသည့်ဟန် ထို့နောက် သူဌေးကိုယ်စားလှယ် အားလည်း "ကျုပ်ကို ဒိပြင်လူတွေလိုပဲ သဘောထားလေဗျာ ဈေးချိုချို ဆိုစမ်း ကျုပ်မှာငွေရှိပါတယ်ဗျ" ဟု ပြောနေသလိုလို ကြားယောင် မြင် ယောင်နေလေ၏။

မယားသည်မှာလည်း အစပထမက အဆိုပါ ဝင့်ဝါပလွှား ငါ

mgyoe.com

mgyoe.com

SAMPLE BOOK


တကားကားခဲ့ကြသည့် အိမ်သူအိမ်သားများ၏ မီးဖိုချောင်ကျွန်မကလေး အဖြစ် ကျွန်ခံလာခဲ့ရသည့်ဘဝမှ ထိုအိမ်ကြီး ကြီးပွားချမ်းသာအောင် နှစ်ပေါင်းများစွာ စွမ်းဆောင်လာခဲ့သောလယ်တွေအနက်က တစ်ကွက်သော လယ်ကွက်ကလေး၏ပိုင်ရှင် လယ်ပိုင်ရှင်ကတော် ဖြစ်ရတော့မည့်အရေးကို တွေးမိသောအခါ လင့်စိတ်ဓာတ်တွေပါ ကူးလာလျက် မဝယ်ဖို့ရန် တားမြစ်နေခြင်းကို တစ်ခါတည်း 'ဂလောက် ဂျိတ်' ပါးစပ်စေ့ခနဲ ပိတ်လိုက်ပြီးနောက် ...

"ဒါဖြင့် ဝယ်ကြစို့လေ နောက်ဆုံးမတော့ လယ်ကလည်း လယ်ကောင်း၊ ကျုံးနဲ့ကလည်းနီးတော့ နှစ်တိုင်း နှစ်တိုင်း ရေလွှယ်လွှယ်ကူကူနဲ့လည်း ရနိုင်တာပေါ့ အဲဒါတော့မုချ" ဟုပြောလေ၏။

ထို့နောက် တစ်ဖန် ပြုံးယောင်ယောင်အမူအရာကလေးသည် သူငယ်မ၏မျက်နှာပေါ်တွင် ယှက်သန်း၍လာပြန်လေသည်။ သို့သော် အဆိုပါ ပြုံးယောင်ယောင် အမူအရာကလေးမှာ အမြဲသဖြင့် ထိုင်းမှိုင်းလေးလံနေပုံရသော နက်မှောင်ကျဉ်းမြောင်းလှသည့် မျက်လုံးကလေးကိုကား တောက်ပြောင်အရောင်မြူးလာစေရန် စွမ်းဆောင်ခြင်းမပြုနိုင်ပေ။ အတန်ကြာ ငြိမ်သက်နေပြီးနောက် သူငယ်မက ..

"ဟိုနှစ်တုန်းက ဒီအချိန်မျိုးဆို ကျုပ် ဟိုအိမ်မှာ ကျွန်အလုပ်နဲ့ နေရတုန်းပေါ့" ဟု ပြောလေ၏။

ထို့နောက် နှစ်ယောက်သား ထိုအကြံကိုတွေးရင်း တိတ်တိတ်ဆိတ်ဆိတ် လျှောက်၍သွားကြလေ၏။

●

mgyoe.com

mgyoe.com SAMPLE BOOK

(၆)

ဤမြေကွက်ကလေးကို စိုးပိုင်လာခြင်းမှာ ဝမ်းလန်းအား ကြီးစွာသော တဖြစ်လဲခြင်းကို ဖြစ်စေလေ၏။

တူးမြှုပ်ထားသော ငွေကလေးကိုဖော်၍ အိမ်ကြီးသို့သွားရောက်ပြီး လယ်ပိုင်ရှင်ကြီးနှင့်တန်းတူ ပြောဆိုပြီးမှသွားခဲ့သောအခါ စိတ်ပျက်ဝမ်းနည်းခြင်း ဖြစ်နေလေ၏။ ပထမက ငွေအပြည့်ရှိခဲ့သော မြေတွင်းကလေးသည် ယခုအခါ တက်တက်ပြောင် ဟာလာဟင်းလင်းဖြစ်နေပြီကို တွေးမိသောအခါ၊ ငွေပြန်လိုချင်စိတ် ပေါ်လာလေ၏။ အဆုံးတွင် မိမိဝယ်ယူလိုက်သော လယ်မှာ ကာလအတန်ကြာပင် လုပ်ကိုင်ပင်ပန်းနေရဦးမည်ဖြစ်၏။ 'အိုလင်' ပြောသည့်အတိုင်းလည်း ထိုလယ်မှာ 'တလိုင်' (တစ်မိုင်၏ သုံးပုံတစ်ပုံခန့်) ကျော်ကျော်ပင် ဝေးကွာလှသည်။ ထိုလယ်ကို ဝယ်ယူလိုက်ခြင်းဖြင့်လည်း မိမိမူလက အထင်ရောက်သလို ဂုဏ်တွေ ပါဝါတွေ ပကာသနတွေ တိုးတက်၍မလာပေ။

၎င်းသည် ထိုအိမ်ကြီးသို့ စောစောစီးစီး ရောက်သွားခဲ့၏။ လယ်ပိုင်ရှင်အဘိုးကြီးပင် အိပ်ရာမှမနိုးသေးပေ၊ နေအတော်မြင့်ပြီကားမှန်၏။ မည်သို့ပင်ဖြစ်စေ ၎င်းက စွာကျယ်ကျယ်ရှိသောအသံဖြင့်

"ကျုပ်အရေးကြီးတဲ့ကိစ္စနဲ့လာတဲ့အကြောင်း သခင်ကြီးကို သွားပြောစမ်းပါ၊ ငွေရေးကြေးရေးကိစ္စလို့ ပြော" ဟု ခိုင်းသည့်အခါ တံခါးစောင့်က ...

"ကမ္ဘာကြီးတစ်ခုလုံးမှာ ရှိတဲ့ပိုက်ဆံတွေ လာပေးတောင် ဒီကျားအိုကြီးတော့ သွားမနှိုးဘူးမောင်ရေ့။ အဘိုးကြီးက အခုမြာသစ်ကလေးနဲ့

mgyoe.com